# ချင်းအမျိုးသားနေ့

## ပေါ်ပေါက်လာပုံသမိုင်း

(အကျဉ်းချုပ်)

ဆလိုင်းကီးလဲအောမ်း

## ချင်းအမျိုးသားနေ့ ပေါ်ပေါက်လာပုံသမိုင်း (အကျဉ်း)

မာတိကာ | စာမျက်နှာ


★ နိဒါန်း ၂

★ ပထမပိုင်း

ချင်းအမျိုးသားများသမိုင်းနှင့် မြန်မာနိုင်ငံသမိုင်းဆက်နွယ်ခြင်း ၄

နယ်ချဲ့စတင်ကျူးကျော်မှုနှင့်ခုခံတော်လှန်မှုများဖြစ်စဉ်အကျဉ်း ၄

လူငယ်များဦးဆောင်မှုဖြင့် တော်လှန်ရေးပီပြင်လာခြင်း ၆

★ ဒုတိယပိုင်း

နိုင်ငံရေးအဖွဲ့အစည်းပေါ်ပေါက်လာခြင်း ၇

ချင်းတောင်ညီညွတ်ရေးအဖွဲ့ ၇

ချင်းအမျိုးသားများ ညီညွတ်ရေးအဖွဲ့ ၈

အင်္ဂလိပ်သို့ ရာဇသံ(၉)ချက် ၁၀

★ တတိယပိုင်း

ကန်ပက်လက်တော်လှန်ရေးသပိတ် ၁၁

တောင်တန်းသားများစည်းလုံးညီညွတ်ရေးအဖွဲ့ ၁၁

ချင်းတော်လှန်ရေးခေါင်းဆောင်များအဖမ်းခံရခြင်း ၁၁

တော်လှန်ရေးအစ ချင်းတောင်က ၁၂

တစ်ဗိုလ်ကျ တစ်ဗိုလ်တက်၊ ဒူးမထောက်လက်မမြှောက် ၁၃

ဂျပန်မဟာမိတ်စစ်ပွဲနှင့် ချင်းတောင်အုပ်ချုပ်ရေး ၁၄

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးဝမ္မသုးမောင်း ၁၅

ချင်းတော်လှန်ရေးတပ်ဖွဲ့နှင့် ဖက်ဆစ်ဂျပန်တော်လှန်ရေး ၁၆

★ စတုတ္ထပိုင်း

ဆင်းမလားစက္ကူဖြူစီမံကိန်း ၁၆

တောင်တန်းသားများဗိုလ်ချုပ်နှင့် ပထမပင်လုံ ၁၇

တောင်တန်းသားများနှင့် ဖဆပလ ၁၇

ဒုတိယပင်လုံနှင့် ပင်လုံစာချုပ် ၂၀

ချင်း၊ မြန်မာချစ်ကြည်ရေးညီလာခံ ၂၄

တောင်တန်းသားများ ဒုတိယအကြိမ်ညီလာခံ ၂၅

တောင်တန်းဒေသစုံစမ်းရေးကော်မရှင် ၂၆

လွတ်လပ်ရေးနှင့် ၄၇ ဥပဒေ ၂၆

ချင်းတောင်အုပ်ချုပ်ရေးစံနစ်ချမှတ်ရေး ၃၀

ချင်းအမျိုးသားနေ့သတ်မှတ်ခြင်း ၃၃

★ နိဂုံး

နောက်ဆက်တွဲဖော်ပြချက်များ ၄၀

# နိဒါန်း

ချင်းအမျိုးသားများ၏ အမျိုးသားနယ်မြေကို အိန္ဒိယနိုင်ငံ အရှေ့မြောက်ခြမ်းပြည်နယ်များ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံ စစ်တကောင်းဟီးလ်ထရိက်ဒေသ၊ မြန်မာနိုင်ငံတွင် ဟူးကောင်းတောင်ကြားမှ ချင်းတွင်းမြစ်ကြောင်း၊ ဧရာဝတီ မြစ်ကြောင်းများ၏ အနောက်ဘက်ကမ်းဒေသများအဖြစ် တွေ့ရှိရသည်။ ယင်းဒေသများအတွင်း ချင်းမျိုးနွယ်စု အများအပြား နေထိုင်ကြပြီး၊ ကွဲပြားသော ဘာသာစကားကို ပြောဆိုသုံးစွဲကြသည်။ ယင်းတို့ပြောဆိုသော ဘာသာစကားအသီးသီး၌ လူမျိုးကိုယ်စားပြု အမည်နာမသည်လည်း ကွဲပြားသည်။ ယင်းကွဲပြားသောအခေါ်အဝေါ် အမည်နာမများသည် “ချင်း” ဟူ၍ခေါ်ဆိုသော လူမျိုးတခုလုံးအား ရည်ညွှန်း၍ တူညီသည့်အဓိပ္ပါယ်ကို ဖေါ်ဆောင် သည်။ ကွဲပြားသောယဉ်ကျေးမှုကိုလည်း အသီးသီးပိုင်ဆိုင်ကြသည်။ သို့သော် နီးစပ်သည်။ တူညီသော အရာမှာ ယင်းတို့၏ မူလဓလေ့ထုံးတမ်းစဉ်လာဖြစ်သည်။ သို့ဖြစ်၍ လူမျိုးအားဖြင့် ယင်းတို့သည် ချင်းလူမျိုး တစ်မျိုး တည်းသာ ဖြစ်သည်။

အမျိုးအနွယ်ခွဲရာ၌ ချင်းအမျိုးသားဖခင်မှ ဆင်းသက်သော သားယောကျ်ားများကို ပင်တိုင်ပြု၍ သတ်မှတ် သော ဓလေ့ထုံးတမ်းနှင့်အညီ မျိုးနွယ်စုများ အသီးသီးပေါ်ထွန်းလာပြီး၊ တောတောင်ရေမြေသဘာဝ လမ်းပန်း ဆက်သွယ်ရေးခက်ခဲမှုနှင့် စာပေမရှိခဲ့ခြင်းတို့ကြောင့် ဘာသာစကားများ ကွဲပြားလာရသည်ဟု ခန့်မှန်းရသည်။ ဤကွဲပြားမှုအား ဖြိုခွဲလိုသူများက အခွင့်ကောင်းတစ်ရပ် အဖြစ်မြင်တွေ့ကြသော်လည်း၊ အမှန်စင်စစ် မိမိလူမျိုး၊ မိမိနယ်မြေကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓါတ်၊ လူ့အခွင့်အရေး နှင့် ဒီမိုကရေစီအနှစ်သာရ အပြည့်အဝ ရှိသော ဓလေ့ထုံးတမ်းများအား ကာကွယ်စောင့်ရှောက်သည့် ညီညွတ်ရဲရင့်သော တူညီသည့် အစဉ်အလာများ သည်ကား မည်သည့်အခါ မှ မပြိုပျက်ခဲ့ပေ။

ချင်းအမျိုးသားများ၏ နိုင်ငံရေးသမိုင်းကြောင်းကို သုံးသပ်ရလျှင် နယ်ချဲ့ကိုလိုနီလက်အောက် မကျရောက်မီ ကာလ၊ နယ်ချဲ့တော်လှန်ရေးကာလ၊ ကိုလိုနီနိုင်ငံများ လွတ်လပ်ပြီးကာလ ဟူ၍ အချိန်ကာလ သုံးပိုင်းတွေ့မြင်ရမည် ဖြစ်သည်။

ချင်းအမျိုးသားများသည် နယ်ချဲ့အင်္ဂလိပ် ကျူးကျော်သိမ်းပိုက်အုပ်စိုးမှု မပြုမီကာလအထိ၊ တောတောင် ရေမြေသဘာဝ အနေအထားအလျောက် မျိုးနွယ်စုအလိုက် အချုပ်အခြာအပြည့်အဝဖြင့် လွတ်လွတ်လပ်လပ် ဒီမိုကရေစီကျကျ နေထိုင်ခဲ့ကြသူများဖြစ်သည်။ မည်သည့်ပဒေသရာဇ်၊ အာဏာရှင်၊ အုပ်စိုးသူလူတန်းစားဟူ၍မရှိ၊ စွေမျိုးစုအတွင်း လိုအပ်ချက်ရှိက ဆွေမျိုးစုခေါင်းဆောင်များ စုပေါင်းညှိနှိုင်းတိုင်ပင်လေ့ရှိပြီး၊ အများနှင့်ပါက်သက် သောအရေးကို မျိုးနွယ်စုခေါင်းဆောင် ကိုယ်စားလှယ်များစုံညီ ဖြေရှင်းလေ့ရှိ ကြသည်။

နေမဝင်အင်ပါယာကို ထူထောင်မည်ဆိုသောဗြိတိသျှနယ်ချဲ့တို့၏ ကျူးကျော်စစ်များ၊ အုပ်စိုးလွှမ်းမိုးမှု များကြောင့် ကမ္ဘာအနှံ့အပြား၌ နယ်ချဲ့တော်လှန်ရေးများဖြစ်ပေါ်လျက် နယ်ချဲ့ဝါဒ၊ ဖက်ဆစ်ဝါဒများ၏ ကိုလိုနီ နယ်လုစစ်ပွဲများမှ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ် ပေါ်ပေါက်ကာ ဤကမ္ဘာကြီးအား စစ်မီးကြီးနှစ်ကြိမ် လောင်ကျွမ်းခဲ့သည်။ ကိုလိုနီ နိုင်ငံအသီးသီး၏ လွတ်လပ်ရေး တိုက်ပွဲများ၌လည်းကောင်း၊ ကိုလိုနီနယ်လုစစ်ပွဲများ၌ လည်းကောင်း၊ ကမ္ဘာ့ပြည်သူ သန်းပေါင်းများစွာ၏ အသက်၊ သွေး၊ ချွေး၊ အိုးအိမ်စည်းစိမ် မြောက်များစွာ သေကြေ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ကမ္ဘာ့ဖြစ်ရပ်များနှင့် အလားတူစွာ၊ ချင်းအမျိုးသားများ၏ သမိုင်းကြောင်းသည်လည်း အေးချမ်းတည်ငြိမ် သောဘဝမှ နယ်ချဲ့တော်လှန်ရေး လွတ်လပ်ရေးတိုက်ပွဲများနှင့်အတူ ကြမ်းတမ်းခက်ထန်သောဘဝသို့ ကူးပြောင်း

ရောက်ရှိခဲ့ရသည်။ နယ်မြေချင်းဆက်စပ်နေသော အိမ်နီးချင်းတိုင်းပြည်များ၏သမိုင်းနှင့်လည်း ပါတ်သက်နီးနွယ်လာခဲ့ရသည်။

ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်များအပြီး ယင်းတို့အပေါ် ကမ္ဘာနိုင်ငံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်မှုအရ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ ပေါ်ပေါက်လာခဲ့သည်။ ကိုလိုနီတိုင်းပြည်များသည်လည်း လွတ်လပ်သောနိုင်ငံများအဖြစ်သို့ ပြောင်းလဲရောက်ရှိကြပါသည်။ သို့သော်လည်း ချင်းအမျိုးသားများအဖို့ရာမူကား နယ်ချဲ့စနစ်၏ ဆိုးဝါးသောအကျိုးဆက်သည် ချင်းအမျိုးသားနယ်မြေကို မြန်မာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် သုံးနိုင်ငံ ခွဲဝေပိုင်ဆိုင်သည့်အဖြစ်သို့ ရောက်ရှိစေပြီး ချင်းအမျိုးသားတို့အား သမိုင်း၏ ခါးသီးသော အတွေ့အကြုံများကို ယနေ့တိုင် ရင်ဆိုင်ခံစားစေခဲ့သည်။

အထက်ဖေါ်ပြပါ အမျိုးသားရေးသမိုင်း ဖြတ်သန်းလာခဲ့ရသော ဖြစ်စဉ်၌ ချင်းအမျိုးသားနေ့သည် သမိုင်း၏ မှတ်တိုင်တစ်ရပ်အဖြစ် ပေါ်ပေါက်လာခဲ့သည်။ ချင်းအမျိုးသားနေ့သည် ဖေဖေါ်ဝါရီလ(၂၀)ရက်နေ့ ဖြစ်သည်။ မည်သည့်တိုင်းပြည်၊ နိုင်ငံ၊ မည်သည့်ဒေသတွင်မဆို နေထိုင်ကြကုန်သော ချင်းအမျိုးသားမှန်သမျှတို့၏ အမျိုးသားနေ့ နေ့ထူးနေ့မြတ် ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ချင်းအမျိုးသားနေ့ကို ချင်းဝိသေသတိုင်းနေ့၊ ချင်းပြည်နယ်နေ့ဟု လွဲမှားစွာ ခေါ်ဝေါ်တတ်ကြသည်။ ၁၉၄၇ခုနှစ် စက်တင်ဘာလ (၂၄)ရက်နေ့ ချမှတ်ပြဌာန်းသည့် မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ချင်းဝိသေသတိုင်း ပေါ်ပေါက်၍ ချင်းဝိသေသတိုင်းနေ့သည် စက်တင်ဘာလ (၂၄) ရက် ဖြစ်သည်။ ၁၉၇၄ ခုနှစ် ဇန္နဝါရီလ(၃)ရက်နေ့ အတည်ပြုသော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချင်းပြည်နယ် ဖြစ်လာ၍ ချင်းပြည်နယ်နေ့သည် ဇန္နဝါရီလ(၃)ရက် ဖြစ်သည်။ ဝိသေသတိုင်းနေ့၊ ပြည်နယ်နေ့သည် ယင်းသတ်မှတ်ထားသော နယ်မြေအပိုင်းအခြားအတွင်း နေထိုင်သူများ နှင့်သာ သက်ဆိုင်သည်။

စင်စစ် ချင်းအမျိုးသားနေ့သည် အကြောင်းမဲ့ပေါ်ပေါက်လာသည် မဟုတ်ပါ။ ဖေဖေါ်ရီ (၂၀) ရက်နေ့ကို ချင်းအမျိုးသားနေ့ ဖြစ်ရမည်ဟု အကြောင်းမဲ့သတ်မှတ်ခဲ့သည် မဟုတ်ပါ။ ချင်းအမျိုးသားများ၏ နယ်ချဲ့တော်လှန်ရေး လွတ်လပ်ရေးတိုက်ပွဲစဉ် ကာလတလျှောက်၌ ထူးခြားမှု အကြိမ်ကြိမ်ရှိခဲ့သော သမိုင်းပေးသည့် နေ့တစ်နေ့ ဖြစ်ပေသည်။ သာဓက အချို့မှာ –

- ၁၉၁၈ခုနှစ် ဖေဖေါ်ဝါရီလ(၂၀)ရက်နေ့တွင် ချင်းအမျိုးသားများ၏ ပထမဦးဆုံးသော လူမှုရေးအဖွဲ့အစည်းဖြစ်သည့် “ချင်းအမျိုးသားများ ပညာရေးမြှင့်တင်ရေး အဖွဲ့” ကို ဖွဲ့စည်းသည်။
- ၁၉၂၈ခုနှစ် ဖေဖေါ်ဝါရီလ(၂၀)ရက်နေ့တွင် ချင်းအမျိုးသားများ၏ ပထမဦးဆုံးသော နိုင်ငံရေးအဖွဲ့အစည်း ဖြစ်သည့် “ ချင်းတောင်ညီညွှတ်ရေးအဖွဲ့” ကို ဖွဲ့စည်း သည်။
- ၁၉၃၈ ခုနှစ် ဖေဖေါ်ဝါရီလ (၂၀) ရက်နေ့တွင် ကန်ပက်လက်မြို့၌ အင်္ဂလိပ်အစိုးရ ကိုယ်စားလှယ်များအား ချင်းအမျိုးသားထုက ထိပ်တိုက်ရင်ဆိုင် သပိတ်မှောက်မောင်းထုတ်သည်။
- ၁၉၄၈ ခုနှစ် ဖေဖေါ်ဝါရီလ (၂၀) ရက်နေ့တွင် ဖလမ်းမြို့၌ လွတ်လပ်သော ညီလာခံ ကျင်းပ၍ ဒီမိုကရေစီ အုပ်ချုပ်ရေး အုတ်မြစ်ချခဲ့သည်။

အတိတ်သမိုင်းကြောင်းကို ပြန်ပြောင်းခြုံငုံသုံးသပ်ရမည်ဆိုလျှင် ချင်းအမျိုးသားများ၏ သမိုင်းသည်လည်းကောင်း၊ ချင်းအမျိုးသားနေ့ ပေါ်ပေါက်လာပုံသမိုင်းသည်လည်းကောင်း၊ အင်္ဂလိပ်နယ်ချဲ့ လက်အောက်ကျွန်ဘဝ ကျရောက်ခြင်းမှ အစပြုကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ကျွန်တော်သည် ချင်းအမျိုးသားတစ်ဦးဖြစ်ရခြင်းအတွက်လည်းကောင်း၊ ချင်းအမျိုးသားအားလုံး၏ အမျိုးသားနေ့တည်ရှိခြင်းအတွက်လည်းကောင်း၊ ဤသမိုင်းမှတ်တမ်းအား ပြီးပြည့်စုံမှုမရှိသော်ငြားလည်း လက်လှမ်းမှီသမျှ ပြုစုဖြစ်သည့်အတွက်လည်းကောင်း၊ ဤမှတ်တမ်းဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ်၏ မျိုးချစ်ပုဂ္ဂိုလ်အပေါင်းအား

ဂါရဝပြုရသည့်အတွက်လည်းကောင်း၊ များစွာဂုဏ်ယူဝမ်းမြောက်ပါသည်။ ထို့ထက်ပို၍ ချင်းအမျိုးသားနေ့သည် ချင်းအမျိုးသားများ၏ ဒီမိုကရေစီနေ့ဖြစ်ခြင်းအတွက် များစွာပို၍ ဂုဏ်ယူဝမ်းမြောက်ပါသည်။

–ချင်းအမျိုးသားနေ့ ပေါ်ပေါက်လာရခြင်းနောက်ခံသမိုင်း (အကျဉ်း) ပထမပိုင်း
– ချင်းအမျိုးသားများသမိုင်းနှင့် မြန်မာနိုင်ငံသမိုင်းဆက်နွယ်ခြင်း
– နယ်ချဲ့စတင်ကျူးကျော်မှုနှင့် ခုခံတော်လှန်မှု ဖြစ်စဉ်အကျဉ်း
– လူငယ်များဦးဆောင်မှုဖြင့် တော်လှန်ရေးပီပြင်လာခြင်း၊

## ချင်းအမျိုးသားများသမိုင်းနှင့် မြန်မာနိုင်ငံသမိုင်းဆက်နွယ်ခြင်း

ချင်းအမျိုးသားများနယ်မြေနှင့် နယ်မြေချင်းဆက်စပ်နေသော ဗမာပြည်တွင် အုပ်စိုးသူ ပဒေသရာဇ်များ၏ ညံ့ဖျင်းချက်ကြောင့် ခြေကုတ်ရနေသော နယ်ချဲ့၏အရှိန်သည် တောမီးပမာပြန့်နှံ့ပြီး ယခုမြန်မာနိုင်ငံဟုခေါ်တွင်မည့် ဒေသအားလုံးကို ဝါးမြိုလွှမ်းမိုးသွားသည့်အချိန်မှစ၍ ချင်းအမျိုးသားများ၏သမိုင်းသည် မြန်မာနိုင်ငံ၏သမိုင်းနှင့်လည်း ဆက်နွယ်လာခဲ့ရပေသည်။

နယ်ချဲ့တော်လှန်ရေးသမိုင်းစဉ်၌ ချင်းအမျိုးသားများသည်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးအပေါင်းတို့သည်လည်းကောင်း၊ နယ်ချဲ့လက်အောက် ကျွန်ဘဝကျရောက်သော်လည်း အနယ်နယ်အရပ်ရပ်မှ မျိုးချစ်ပုဂ္ဂိုလ်အပေါင်းသည် ရရာလက်နက် လူအင်အားဖြင့် နေရာဒေသအနှံ့ မိမိတို့ဒေသအသီးသီး၌ နယ်ချဲ့ကိုတော်လှန်ခဲ့ကြသည်။ သို့သော် စုစည်းမှုမရှိ။ အင်အားမမျှ၊ အရာမထင်ခဲ့ပေ။

နယ်ချဲ့လက်အောက်ကျရောက်သော ကျွန်သက်ရှည်ကြာလာသည်နှင့်အမျှ တိုင်းရင်းသားလူမျိုးပေါင်းစုံ စည်းလုံးညီညွတ်စွာ စုပေါင်းတော်လှန်မှသာ အောင်မြင်မည်ဖြစ်ကြောင်း ခေတ်ပညာတတ် လူငယ်ခေါင်းဆောင်များက သိရှိသဘောပေါက်လာကြသည်။ ယင်းပညာတတ် တက္ကသိုလ်ကျောင်းသား လူငယ်များတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဗိသုကာအဖြစ် သမိုင်းတွင်မည့် ကိုအောင်ဆန်းလည်း အပါအဝင်ဖြစ်သည်။ ယင်း ပညာတတ်လူငယ်များ၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားလူမျိုးအားလုံး စည်းလုံးညီညွတ်စွာ ကြိုးပမ်းအားထုတ်ခြင်း၏အကျိုးကျေးဇူးသည် လွတ်လပ်ရေးမုဒ်ဦးသို့ မြန်မာနိုင်ငံအား အရောက်ပို့ဆောင်ခဲ့ပေသည်။

## နယ်ချဲ့စတင်ကျူးကျော်မှုနှင့် ခုခံတော်လှန်မှုများဖြစ်စဉ်အကျဉ်း

ချင်းအမျိုးသားနယ်မြေကို ၁၈၂၄–၂၆ အင်္ဂလိပ်မြန်မာပထမစစ်ကတည်းက နယ်ချဲ့အင်္ဂလိပ်မှ စတင်ကျူးကျော်ကြောင်း၊ ယင်းအင်္ဂလိပ်–မြန်မာ ပထမစစ်အပြီးတွင် ရခိုင်ကမ်းရိုးတန်းဒေသကို ဗြိတိသျှတို့အား ပေးလိုက်ရစဉ်က ပလက်ဝနယ်နှင့် လူရှေတောင်တန်းပေါ်ရှိ ချင်းအမျိုးသားများ စတင်တိုက်ပွဲဝင်ကြကြောင်း၊ ထိုကာလတွင် ရခိုင်မြောက်ခြမ်း ပလက်ဝဒေသ၊ လူရှေတောင်တန်းဆီသို့ နယ်ချဲ့စစ်ကြောင်းတစ်ကြောင်း ထိုးဖေါက်ဝင်ရောက်ခဲ့ကြောင်း၊ ၁၈၂၇ တွင် အာသံပြည်မှတဆင့် မဏိပူရမြစ်ကြောင်းအတိုင်း စုန်ဆင်းလာသော နယ်ချဲ့တပ်စုတစ်စု ဖလမ်းဒေသအား ကျူးကျော်ရန်စ တိုက်ခိုက်မှုရှိခဲ့ဘူးကြောင်း၊ ၁၈၂၉ ခုနှစ် ဧပြီလတွင် နယ်ချဲ့ ကြေးစားတပ်ဗိုလ်ပါကင်ဖီးနှင့် ဘိုလတွန်တို့ ဦးစီးသောစစ်ကြောင်းကို လူရှေချင်းမျိုးချစ်များ ဝိုင်းဝန်းတိုက်ခိုက်ရာ နယ်ချဲ့ဗိုလ်နှစ်ဦးစလုံးနှင့်တပ်သားအများအပြား ကျဆုံးကြောင်း၊ ၁၈၅၀ ခုနှစ် ဇန္နဝါရီလတွင် အဆိုပါဒေသသို့ နယ်ချဲ့တပ်မှူးဗိုလ်မှူးကြီးလစ္စဘာနှင့် အရာရှိ(၇)ဦး၊ ကြေးစားစစ်သား (၂၂၉)ဦး ထပ်မံရောက်ရှိရာ တိုက်ပွဲပြန်လည် ဖြစ်ပွားပြီး ကြေးစားတပ်များ အကျအဆုံးများပြားကြောင်း၊ ၁၈၇၀ ခုနှစ် ဖေဖေါ်ဝါရီလတွင် ဗိုလ်ဘရောင်းနိန်းဦးစီး သော နယ်ချဲ့ကြေးစားတပ်စခန်းတစ်ခုအား လူရှေချင်းမျိုးချစ်များ ဝင်ရောက်တိုက်ခိုက်ရာ နယ်ချဲ့တပ်သားများ ထိခိုက်

ဒဏ်ရာအများအပြားနှင့် စခန်းစွန့်ခွာထွက်ပြေးကြရကြောင်း၊ လူရေတောင်တန်းချင်းမျိုးသားများ၏ တော်လှန်ရေး တိုက်ပွဲကို တွေ့ရှိရသည်။

အင်္ဂလိပ်–မြန်မာ တတိယစစ်ကို ၁၈၈၅ခုနှစ် ဒီဇင်ဘာလ(၃)ရက်နေ့တွင် သီပေါဘုရင်အားဖမ်းဆီး ခေါ်ဆောင်နိုင်ခြင်းဖြင့်အဆုံးသတ်ခဲ့ပြီး အိန္ဒိယဘုရင်ခံ လောဒ်ဒပ်ဖရင်က ဝိတိုရိယဘုရင်မသို့ ၁၈၈၆ ခုနှစ် ဇန္နဝါရီလ (၂) ရက်နေ့တွင် ဗမာပြည်ကို ပေးအပ်ဆက်သခဲ့သည်။ ဗမာပြည်မှတဆင့် ချင်းတွင်းနှင့် ဧရာဝတီ၏ အနောက်ဖက်ဒေသဖြစ်သော ချင်းတောင်တစ်ခုလုံး သိမ်းပိုက်ရေးအစီအစဉ်တွင် ကလေးဒေသ ကာဘိုချိုင့်ဝှမ်းမှ တီးတိန်နယ်သို့ စစ်ကြောင်းတစ်ကြောင်း၊ မြောက်ယောဒေသ ထီးလင်း၊ ဂန့်ဂေါနယ်မှ ဟားခါးသို့ စစ်ကြောင်းတစ်ကြောင်း၊ တောင်ယောဒေသ ပခုက္ကူမှ မင်းတပ်သို့ စစ်ကြောင်းတစ်ကြောင်း၊ ထိုးစစ်ဆင်ခဲ့ကြောင်း၊ ယင်းထိုးစစ်အတွက် အင်အား (၂၆၀၀) ထပ်မံ ဖြည့်တင်းရ၍ အမြောက်လက်နက်များ အသုံးပြုရကြောင်း၊ စစ်ဆင်ရေးကွပ်ကဲမှုကို ဒုတိယဗိုလ်ချုပ်ကြီး တစ်ဦးအား တာဝန်ပေးခဲ့ရကြောင်း၊ ဗြိတိသျှမှတ်တမ်းများ၌ ဖေါ်ပြထားသည်။

မြောက်ပိုင်းချင်းတောင် ချင်းအမျိုးသားများ၏ နယ်ချဲ့တော်လှန်ရေးသမိုင်းစဉ်၌ ၁၈၈၇ ခုနှစ် ဒီဇင်ဘာလတွင် ကလေးမြို့ ပြင်သာဆိပ်စခန်းအား တီးတိန်မျိုးချစ်များက ဝင်ရောက်တိုက်ခိုက်ရာ နယ်ချဲ့တပ်သား (၅) ဦး ကျဆုံး၍ ချင်းမျိုးချစ် (၄) ဦး ကျဆုံးရကြောင်း၊ ၁၈၈၇ ဒီဇင်ဘာလ(၇)ရက်တွင် အရေးပိုင် မစ္စတာရိပ်၏ အစီအစဉ်ဖြင့် ချီတက်လာသော စစ်ကြောင်းတစ်ကြောင်းကို ကလေးမြို့မှ (၈)မိုင်အကွာ ခိုင်ကမ်းအရောက် ချင်းမျိုးချစ်များက ချုံခိုတိုက်ခိုက်ရာ ရှေ့ပြေးတပ်ခွဲ ဗိုလ်ပါးလ်မားနှင့်အတူ စစ်သား (၄)ဦးကျဆုံးကြောင်း၊ ၁၈၈၉ ခုနှစ် ဇန္နဝါရီလ (၂၇) ရက်နေ့တွင် အမှတ် (၄၂) ဂေါ်ရခါးတပ်ရင်း၊ တပ်ရင်းမှူး ဗိုလ်မှူးကြီးစကင်းဦးစီးသောစစ်ကြောင်း ချီတက်လာစဉ် မြေနီတောင်ခံတပ်မှ ချင်းမျိုးချစ်များက တိုက်ခိုက်ကြောင်း၊ ၁၈၈၉ခုနှစ် မေလ(၄)ရက်နေ့တွင် အမှတ်(၂)နော်ဖော့ ကြေးစားတပ် အင်အား(၆၅)ယောက်၊ အမှတ်(၄၂)ဂေါ်ရခါးတပ်ရင်း အင်အား(၆၅)ယောက်ပါစစ်ကြောင်းအား ရှယ်လုံခံတပ်မှ ချင်းမျိုးချစ်များက တိုက်ခိုက်ကြောင်း၊ ယင်းတိုက်ပွဲတွင် ဗိုလ်ကြီးမိန်းနှင့် အကြပ်၊ တပ်သား (၂၃) ဦး ကျဆုံးကြောင်း၊ ဒုဗိုလ်မိုက်ကယ်နှင့် ဆရာဝန်လီခွင်အပြင် တပ်သား(၁၃)ဦး ပြင်းထန်စွာဒဏ်ရာရကြောင်း၊ ချင်းမျိုးချစ်များဖက်၌ ရဲဘော်ရဲမေ(၂၇)ဦးကျဆုံး၍ (၂)ဦးသာအသက်ရှင်လွတ်မြောက်ကြောင်း၊ ၁၈၉၀ ခုနှစ် ဇန္နဝါရီလ (၂) ရက်နေ့တွင် ဆတ်သားရွာခံတပ်မှ နယ်ချဲ့ကြေးစားအမှတ်(၂၄)ဂေါ်ရခါးတပ်ရင်း အင်အား(၁၃၅)ဦးတို့ အတင်းဝင်ရောက် တိုက်ခိုက်မှုကို ဟားခါးချင်းမျိုးချစ်တို့က ခုခံတိုက်ခိုက်ရာ တပ်စုမှူး ဗိုလ်ဂျိမ်းနှင့် တပ်သား (၃)ဦး ကျဆုံးကြောင်း၊ ၁၈၉၂ ခုနှစ် မတ်လ(၂၀)ရက်နေ့တွင် ဟာခါးနယ် ဆူရ်ခွားရွာ ဦးမန်ကုန်းအိမ်၌ ရိုးရာပွဲကျင်းပစဉ် ဗြိတိသျှကြေးစားတပ် နိုင်ငံရေးအရာရှိ မစ္စတာတပ်နှင့် ဗိုလ်ပါစိန်ဟန်ဦးစီးသော အမှတ်(၂)ဗမာ့သေနတ်ကိုင် တပ်ရင်းမှ အင်အား(၈၀)ခန့်က ဝိုင်း၍တိုက်ခိုက်ကြောင်း၊ ချင်းမျိုးချစ်(၃၅) ဦးကျဆုံး၍ (၂၀)ကျော်ဒဏ်ရာရကြောင်း၊ ဦးမန်ကုန်း၏ နေအိမ်မီးလောင်ကြောင်း ဦးမန်ကုန်းအား ပခုက္ကူအထိ ဖမ်းဆီးခေါ်ဆောင်၍ သေနတ်(၅၅)လက်ဖြင့် ပြန်ရွေးစေခဲ့ကြောင်း၊ ၁၈၉၂ခုနှစ် မတ်လ(၂၈)ရက်နေ့တွင် ထန်တလန်ကိုဖြတ်၍ သီအိုယိုဘက် ချီတက်လာသော အင်အား(၁၀၀)ကျော်ရှိသည့် အမှတ်(၃၉)ဂါဝါလီတပ်ရင်းစစ်ကြောင်းအား ဟားခါးချင်းမျိုးချစ်များက လာအိုဗာချောင်းတွင် ဝင်ရောက်တိုက်ခိုက်ရာ နယ်ချဲ့တပ်သား(၂)ဦးကျဆုံး၍ ဗိုလ်ဖေ့ါအပါအဝင် (၁၃)ဦးဒဏ်ရာရကြောင်း၊ တူပီချောင်းတွင် ထပ်မံတိုက်ခိုက်ရာ နယ်ချဲ့တပ်သား(၃)ဦးထပ်မံကျဆုံးကြောင်း၊ ရွာသားများထွက်ပြေးပုန်းအောင်းနေကြရသဖြင့် အခုအခံမရှိသော ထန်တလန်ရွာအား နယ်ချဲ့တို့က မီးရှို့ဖျက်ဆီးကြောင်း၊ ဖို့တ်ဝှိုက်မှ စတင်ချီတက်လာသောစစ်ကြောင်းနှင့် ဟားခါးမှချီတက်လာသောစစ်ကြောင်းတို့ ၁၈၉၀ခုနှစ် မတ်လတွင်ဆုံပြီး ဖလမ်းကို ဝိုင်းတိုက်ရာ ၁၈၉၀ခုနှစ် မတ်လ(၁၄)ရက်နေ့တွင် ဖလမ်းကိုသိမ်းပိုက်ကြောင်း၊ နယ်ချဲ့တော်လှန်ရေးသမိုင်းစဉ်၌ တွေ့ရှိရပေသည်။

ချင်းတောင်းတန်း ယောဒေသ၏ နယ်ချဲ့တော်လှန်ရေးဖြစ်စဉ်တွင် ၁၈၈၆နှစ်ဦးမှစတင်၍ ပုဂံအရေးပိုင် ကပ္ပတိန်ဂျီအက်စ်အေရာက ယောဒေသ သိမ်းပိုက်ရေးကြိုးပမ်းကြောင်း၊ ၁၈၈၆ခုနှစ် ဇန္နဝါရီလတွင် ယောဒေသ အကြီးအကဲများထံသို့ ဗြိတိသျှအုပ်ချုပ်ရေးကို အသာတကြည်လက်ခံကြရေး ဆွေးနွေးညှိနှိုင်းရန်နှင့် ယင်းတို့ဆန္ဒများ

စုံစမ်းရန် လက်ဖတင်နင်အေပီလော်တင်နှင့်အဖွဲ့ကို စေလွှတ်ကြောင်း၊ ယော၊ ဆော၊ လောင်းရှည်၊ တောင်ယောတို့က လက်ခံ၍ ထီးလင်း၊ ဂန့်ဂေါ၊ မြောက်ယောတို့က လက်မခံကြောင်း၊ အေပီလော်တင်နှင့်အဖွဲ့သည် တိတ်တဆိတ် မင်းတပ်အထိ ရောက်ရှိခဲ့ကြကြောင်း၊ ယောဒေသတိုက်ခိုက်သိမ်းပိုက်ရေးစစ်ကြောင်း ၁၈၈၆ခုနှစ် ဒီဇင်ဘာလဆန်းတွင် ပုဂံတဖက်ကမ်း၊ မြစ်ခြေမှစတင်ချီတက်လာကြောင်း၊ ယောမြို့သူကြီး ဦးရာကွတ်က လမ်းမှဆီး၍ ခုခံသော်လည်း အရေးနိမ့်ကြောင်း၊ ၁၈၈၆ခုနှစ် ဒီဇင်ဘာလ (၈) ရက်နေ့တွင် ပေါက်မြို့ကို နယ်ချဲ့တို့သိမ်းပိုက်ကြောင်း၊ ပေါက်မြို့တွင် ယောဒေသအကြီးအကဲများနှင့် ကပ္ပတိန်အေရာတို့တွေ့ဆုံကြောင်း၊ ပေါက်မှတဆင့် မြောက်ယောဒေသသိမ်းပိုက်ရေးအတွက် ဆက်လက်ချီတက်ကြောင်း၊ လယ်ဦးသူကြီး ဆေဂါ (ငဆေဂါ) ဆီး၍ခုခံသော်လည်း အရေးနိမ့်ကြောင်း၊ ၁၈၈၆ခုနှစ် ဒီဇင်ဘာလ(၁၉)ရက်နေ့တွင် ကျော့ရွာ၊ ၁၈၈၇ခုနှစ် ဇန္နဝါရီလ(၉)ရက်နေ့တွင် ထီးလင်း၊ ၁၈၈၇ခုနှစ် ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် မင်းရွာ၊ ၁၈၈၇ခုနှစ် ဖေဖော်ဝါရီလ(၁၄)ရက်နေ့တွင် ဂန့်ဂေါတို့အား နယ်ချဲ့မှသိမ်းပိုက်နိုင်ခဲ့ကြောင်း တွေ့ရှိရပေသည်။

တောင်ပိုင်းချင်းတောင် မင်းတပ်၊ ကန်ပက်လက်ဒေသ၏ နယ်ချဲ့တော်လှန်ရေး သမိုင်းစဉ်တွင် ၁၈၈၆ခုနှစ် ဖေဖော်ဝါရီလ(၂၁)ရက်နေ့တွင် လက်ဖတင်နင်အေပီလော်တင်နှင့် ဂျမဒါမာမက်အလီတို့ ခေါင်းဆောင်သည့် ရှေ့ပြေးသူလျှိုတပ်(၇၅)ဦး ယခုမင်းတပ်မြို့တည်ရှိမည့်နေရာသို့ ပထမဦးဆုံးရောက်ရှိကြောင်း၊ တစ်ညတည်းနေ၍ ပြန်ထွက်သွားကြကြောင်း ၁၈၈၇တွင် ပုံတောင်ပုံညာခံတပ်မှ ဆီး၍ခုခံကြောင်း၊ ၁၈၈၈တွင် ယောပဆုပ် ပြောင်း၍ခုခံရာ မေဂျာအဲယားအပါအဝင် နယ်ချဲ့တပ်သား(၃၀၀)ကျော် ကျဆုံးကြောင်း၊ ယင်းမှ လုတ်တက်စခန်းသို့ ပြောင်းလဲခုခံရာ ဆင်ထားသည့် ကျောက်မောင်းမိ၍ ကပ္ပတိန်ရယ်နီအပါအဝင် (၃၀)ကျဆုံးကြောင်း၊ ယင်း၁၈၈၈တွင် ယခုမင်းတပ်မြို့တည်ရှိမည့်နေရာသို့ အင်္ဂလိပ်များ တပ်စွဲသွားဖြစ်ကြောင်း၊ ၁၈၉၀တွင် မင်းတပ်အနီးအနားရွာများ လူစု၍ တော်လှန်တိုက်ပွဲဆင်ကြကြောင်း၊ ၁၈၉၁–၉၂များတွင် ချီချောင်းနယ်၊ မောင်းချောင်းနယ် ချင်းမျိုးချစ်များ စုပေါင်း၍ တော်လှန်တိုက်ပွဲဆင်နွှဲကြကြောင်း၊ ၁၈၉၅တွင် မုန်းချောင်းနယ် ဆာဒူး၊ မချုံ၊ ရိုးဖောင်နယ်များကပါ လာရောက်တိုက်ခိုက်ကြကြောင်း၊ ၁၈၉၆တွင် မချုံရွာအား အင်္ဂလိပ်စစ်တပ်မှ ဝင်ရောက်တိုက်ခိုက်မီးရှို့ကြောင်း၊ ၁၈၉၇ တွင် မင်းတပ်နယ် ဒီးတွီစခန်းမှ ဟီလောင်းရွာ၊ ယင်းမှတဆင့် ယခုကန်ပက်လက်မြို့ဟောင်းနေရာသို့ အင်္ဂလိပ်စစ်တပ်များ ပြောင်းရွှေ့ကြောင်း၊ ၁၉၀၁ ခုနှစ်တွင် ကန်ပက်လက်မြို့ကို စတင်တည်ထောင်ကြောင်း၊ ၁၉၀၈ မှ ၁၉၁၁ အထိ သစ်တောများကို ကြိုးဝိုင်းကြောင်း၊ ချီချောင်းဖျား၊ ယောချောင်းဖျားဒေသများ၏ တော်လှန်မှုတိုက်ပွဲများသည် ၁၉၁၈–၁၉ နှစ်များတိုင် အဆက်မပြတ်ကြောင်း၊ စုစည်းမှုမရှိ ခေတ်မှီလက်နက်မမျှ၍ အောင်မြင်မှုမရကြောင်း တွေ့ရှိရပေသည်။

နယ်ချဲ့တို့သည် ချင်းတောင်အား ဗြိတိသျှအင်ပါယာ၏ အစိတ်အပိုင်းအဖြစ် သိမ်းပိုက်ပြီးဖြစ်ကြောင်း၊ ၁၈၉၅ခုနှစ် စက်တင်ဘာလ(၆)ရက်နေ့တွင် ကြေငြာသော်လည်း အမှန်စင်စစ် ချင်းတောင်ဒေသအားလုံးကို သိမ်းပိုက်နိုင်ခြင်းမရှိပါ။

## လူငယ်များခေါင်းဆောင်မှုဖြင့် တော်လှန်ရေး ပီပြင်လာခြင်း၊

ချင်းအမျိုးသားများ၏ နယ်ချဲ့တော်လှန်ရေးသမိုင်းစဉ်ကို ပြန်လည်သုံးသပ်ပါကလည်း ခေတ်ပညာအခြေခံရှိသောလူငယ်များ ဦးဆောင်လာသည့်နောက်ပိုင်းတွင် အရေးပါအရာရောက်သော တော်လှန်ရေးအဖြစ် ပီပြင်လာကြောင်း တွေ့ရှိရပေသည်။ ယင်းလူငယ်များတွင် ချင်းအမျိုးသားခေါင်းဆောင်ကြီး ဦးဝမ္မသူးမောင်း အပါအဝင်ဖြစ်သည်။

နယ်ချဲ့အုပ်ချုပ်မှုအတန်ကြာလာသည်နှင့်အမျှ ခေတ်ပညာအတော်အသင့်ရှိသော လူငယ်အချို့သည်လည်း ဗြိတိသျှအစိုးရအမှုထမ်း ဖြစ်လာကြသည်။ အင်္ဂလိပ်စစ်တပ်သည် အနယ်နယ်အရပ်ရပ်မှ ချင်းအမျိုးသား ညီအစ်ကို

များ၏ ဆုံဆည်းရပ်သဖွယ် ဖြစ်လာသည်။ ခေတ်ပညာတတ်ရေးသည် အဓိက လိုအပ်ချက်ဖြစ်ကြောင်း သိရှိလာကြသည်။ မကြာခဏ ညှိနှိုင်းမှုများရှိလာခဲ့သည်။

သို့ဖြင့် ချင်းအမျိုးသားများ၏ ပထမဦးဆုံးသော လူမှုရေးအဖွဲ့အစည်းဖြစ်သည့် "ချင်းအမျိုးသားများ ပညာရေး မြှင့်တင်ရေးအဖွဲ့"ကို မေမြို့၊ မန္တလေးအင်္ဂလိပ်စစ်တပ်တွင် အမှုထမ်းကြသော ချင်းအမျိုးသားများက ၁၉၁၈ ခုနှစ် ဖေဖော်ဝါရီလ(၂၀)ရက်နေ့တွင် ဖွဲ့စည်းခဲ့ကြသည်။ ဥက္ကဋ္ဌ–ဗိုလ်ကြီးအွမ်ပိုင်း၊ ဒုဥက္ကဋ္ဌ– ဝမ္မသူးမောင်း၊ အတွင်းရေးမှူး– ရက်လောင်းလိန်းနှင့် အဖွဲ့ဝင်လူရှေ၊ အရှို၊ တောင်ပိုင်း မြောက်ပိုင်း ချင်းအမျိုးသားများ ပါဝင်သည်။

ယင်း၏အကျိုးဆက်မှာ ချင်းတောင်တွင် ၁၉၁၈၌ ပညာရေးတော်လှန်မှုဖြစ်ပေါ်ပြီး ၁၉၂၇တွင် ဘာသာရေး တော်လှမှု ပေါ်ပေါက်ခဲ့သည်။ နိုင်ငံရေးတော်လှန်မှုများကိုမူ ၁၉၃၅တွင်စတင်၍ အဆက်မပြတ် ဆင်နွှဲကြကြောင်း တွေ့ရှိရပေသည်။

ချင်းအမျိုးသားနေ့ပေါ်ပေါက်လာရခြင်း နောက်ခံသမိုင်း (အကျဉ်း) ဒုတိယပိုင်း
–နိုင်ငံရေး အဖွဲ့အစည်း ပေါ်ပေါက်လာခြင်း
–ချင်းတောင်ညီညွတ်ရေးအဖွဲ့
–ချင်းအမျိုးသားများညီညွတ်ရေးအဖွဲ့
–အင်္ဂလိပ်သို့ ရာဇသံ (၉)ချက်

## နိုင်ငံရေးအဖွဲ့အစည်း ပေါ်ပေါက်လာခြင်း

၁၉၂၄ခုနှစ်တွင် ဦးဝမ္မသူးမောင်းသည် အင်္ဂလိပ်စစ်တပ်မှ နုတ်ထွက်ပြီး မိမိဇာတိ ဝမ္မသူးရွာ၌ စာသင်ကျောင်းဖွင့်လှစ် ကိုယ်တိုင်ကျောင်းဆရာလုပ်ကာ လူငယ်ပညာတတ်များမွေးထုတ်ရန် စတင်ကြိုးပမ်းခဲ့သည်။ ၁၉၂၇ ဘာသာရေးတော်လှန်မှုအပြီး နိုင်ငံရေးတော်လှန်မှုများကို ထိရောက်စွာဆင်နွှဲနိုင်ရန် နိုင်ငံရေးအဖွဲ့အစည်း တစ်ရပ် တိကျခိုင်မာစွာ ဖွဲ့စည်းထူထောင်၍ တစည်းတလုံးတည်း ညီညွတ်စွာတော်လှန်ရေးဆင်နွှဲမှသာ အောင်မြင်မည် ဖြစ်ကြောင်း ခေတ်ပညာအခြေခံရှိသော ချင်းအမျိုးသား လူငယ်များအား ဦးဝမ္မသူးမောင်း စည်းရုံးခဲ့သည်။

## ချင်းတောင်ညီညွတ်ရေးအဖွဲ့

အဆိုပါလူငယ်ထု၏ အမြော်အမြင်နှင့်စုစည်းမှုကြောင့် ချင်းအမျိုးသားများ၏ ပထမဦးဆုံးသော နိုင်ငံရေး အဖွဲ့အစည်းဖြစ်သည့်" ချင်းတောင်ညီညွတ်ရေးအဖွဲ့" ကို ၁၉၂၈ခုနှစ် ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် မင်းတပ်နယ် လိုရုံးကျေးရွာ၌ ပဏာမ ဖွဲ့စည်းထူထောင်ခဲ့ကြသည်။ ယင်းအဖွဲ့၏ ဦးစီးခေါင်းဆောင်များမှာ ဥက္ကဋ္ဌ–လိုရုံးသူကြီး ဟာထန်းအွမ်၊ ဒုဥက္ကဋ္ဌ–ဝမ္မသူးမောင်း၊ အတွင်းရေးမှူး–ဝရဲလောဟာ၊ ဘဏ္ဍာရေးမှူး–ကီးဖေလိန်း (နောင်သခင်အောင်မင်း)၊ ပြန်ကြားရေးမှူး–မသုံနူးကီးမာန်တို့အပါအဝင် အဖွဲ့ဝင်(၁၂)ဦး ပါဝင်ခဲ့သည်။ ယင်းဖွဲ့စည်းသော နေ့ရက်၌ ခေါင်းဆောင်များ သာမန်အဆင့်အတန်းဖြင့် အလွတ်သဘော လျှို့ဝှက်ဆုံတွေ့ ဖွဲ့စည်းခဲ့ကြသည် မဟုတ်ပါ။ သူကြီးဟာထန်းအွမ်မှ ဓလေ့ထုံးစံနှင့်အညီ နွားနောက်(၁၀)ကောင်ပြည့်ဖြင့် လုံယူး(ဗမာအခေါ် ခေါင်ပွဲ) ကျင်းပ၍ ယင်းခေါင်းဆောင်များအား ဖိတ်ကြားဦးဆောင်ပြီး သစ္စာရည်သောက် ဖွဲ့စည်းခဲ့ကြခြင်း ဖြစ်သည်။

ယင်းအချိန်သည် ၄င်းဖွင့်လှစ်သော ဝမ္မသူးကျောင်း စာသင်ကျောင်းဆောင်ကို သားနားကျနအောင် ဆောက်လုပ်ရန် ဦးဝမ္မသူးမောင်း လုံးပမ်းနေသော အချိန်လည်း ဖြစ်သည်။ ဆောက်လုပ်သော ကျောင်းဆောင်ဖွင့်ပွဲ အဖြစ် ချင်းဓလေ့ထုံးစံနှင့်အညီ ၁၉၂၉ခုနှစ် မေလ(၃၁)ရက်နေ့၌ လုံယူးပွဲကျင်းပပြီး အဆိုပါလိုရုံးသူကြီးဟာထန်းအွမ် အပါအဝင် အဖွဲ့ခေါင်းဆောင်အားလုံးအပြင် ခေါင်းဆောင်သစ်များကိုပါ ဖိတ်ကြားပြီး တော်လှန်ရေးအစီအစဉ်များကို အသေးစိတ် ညှိနှိုင်းခဲ့ကြသည်။

အဆိုပါညီနိုင်းမှုမှ ချမှတ်သည့် ရှေ့လုပ်ငန်းစဉ်အရ ချင်းတောင်ညီညွတ်ရေးအဖွဲ့၏ လူထုညီလာခံကို ၁၉၃၂ ခုနှစ် စက်တင်ဘာလ(၂၉)ရက်နေ့တွင် ဝရဲရွာ၌ ကျင်းပပြီး ချင်းအမျိုးသားလူထုအတွင်း ပညာ၊ ကျန်းမာ အစရှိသည့် လူမှုရေးအပါအဝင် စီးပွါးရေးကဏ္ဍအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊ ပြည်မနှင့်အခြားတိုင်းရင်းသားညီအကို သွေးရင်းသားရင်းများနှင့် ဆက်သွယ်ရန်၊ နယ်ချဲ့အစိုးရကို အနေးနှင့်အမြန် တော်လှန်တိုက်ခိုက်ရန် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြသည်။ (ထိုစဉ်က ပြည်မဒေသနှင့် တောင်တန်းဒေသ ကူးလူးဆက်ဆံခွင့်ကို အင်္ဂလိပ်အစိုးရက ပိတ်ပင်ထားသည်။ )

ယင်းဆုံးဖြတ်ချက်များအရ ပြည်မရှိနိုင်ငံရေးပါတီများနှင့်ဆက်သွယ်ရန် ဦးဝမ္မသူးမောင်း၊ ဦးကီးဖေလိန်း (ခ) သခင်အောင်မင်း၊ ထားလောင်းအွမ်နိန်း(ခ) သခင်အောင်ညွန့်၊ မသုံနူးကီးမာန်တို့ကို ရန်ကုန်သို့စေလွှတ်ခဲ့ကြသည်။ ချင်းတောင်ညီညွတ်ရေးအဖွဲ့၏ ကြိုးပမ်းအားထုတ် ဆက်သွယ်မှုသည် ပြည်မရှိ “ဒို့ဗမာ အစည်းအရုံး” အစရှိသော နိုင်ငံရေးအဖွဲ့အစည်းများကို များစွာတက်ကြွနိုးကြားစေခဲ့သည်။ ချင်းတောင်ညီညွတ်ရေးအဖွဲ့နှင့် ဒို့ဗမာအစည်းအရုံးတို့၏ ပူးပေါင်းမှုသည် လွတ်လပ်ရေးတိုက်ပွဲအား အရှိန်အဟုန် များစွာ မြှင့်တင်နိုင်ခဲ့သည်။

## ချင်းအမျိုးသားများ ညီညွတ်ရေးအဖွဲ့

ချင်းတောင်ညီညွတ်ရေးအဖွဲ့၏ လူထုညီလာခံကို ၁၉၃၃ခုနှစ် မတ်လ(၂၄-၂၅)ရက်နေ့များတွင် မင်းတပ်နယ် မသုံနူးကျေးရွာ၌ ထပ်မံကျင်းပ၍ အဖွဲ့၏အမည်ကို ပြန်လည်သုံးသပ်ပြင်ဆင်မှုနှင့် အဖွဲ့အစည်းကိုလည်း ကျယ်ပြန့်ခိုင်မာစွာ တိုးချဲ့ပြင်ဆင်မှုပြုလုပ်ခဲ့သည်။ အဖွဲ့၏ အမည်ကို ပြန်လည်သုံးသပ်ရာ၌ မိမိတို့က ချင်းတောင်ဟု ရည်ညွှန်းသည်မှာ ချင်းအမျိုးသားထုတစ်ရပ်လုံးကို ကိုယ်စားပြုထားသော်လည်း အင်္ဂလိပ်အစိုးရမှ လူရှေတောင်တန်း၊ နာဂတောင်တန်း၊ ချင်းတောင်တန်း စသဖြင့် ခွဲခြားခေါ်ဝေါ်မှုများ ရှိနေပြီဖြစ်ရာ ချင်းတောင်အစား ချင်းအမျိုးသားဟု ခေါ်တွင်ရန်၊ ချင်းအမျိုးသားနယ်မြေအားလုံးပါဝင်သော စုစည်းမှုဖြစ်ရေး ဦးတည်ကြိုးပမ်းရန် ဆွေးနွေးညှိနှိုင်းပြီး အောက်ပါ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြသည်။

ဆုံးဖြတ်အတည်ပြုချက်များ
အဖွဲ့၏အမည် - “ချင်းအမျိုးသားများ ညီညွတ်ရေးအဖွဲ့ ( ခမညဖ )” ဟုခေါ်တွင်ရန်၊
ထားရှိရမည့်ဝါဒ - ဒီမိုကရေစီဝါဒ၊
ရည်ရွယ်ချက် - (၁) မိမိတို့ကြမ္မာကို မိမိတို့သာလျှင် ဖန်တီးနိုင်ခွင့် ရှိစေရန်၊
(၂) လက်တွေ့ဆောင်ရွက်ရာတွင် နယ်ချဲ့လက်အောက်ခံ တိုင်းပြည်နိုင်ငံ၊ လူမျိုးအားလုံးတို့နှင့် လက်တွဲလျက် ပူးပေါင်းဆောင်ရွက်ရန်၊
ဖွဲ့စည်းပုံ - (၁) ဗဟိုဦးစီးအဖွဲ့ (သို့) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊
(၂) တိုက်နယ်များ (သို့) မြို့နယ်အမှုဆောင်၊
(၃) ကျေးရွာ အမှုဆောင်အဖွဲ့၊
(၄) စည်းရုံးရေးတာဝန်ခံများ၊
(၅) အမျိုးသမီးများအဖွဲ့၊

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

| | | |
|---|---|---|
| (၁) ဥက္ကဌ | - ဦး ဝမ္မသူးမောင်း | ဝမ္မသူးရွာ |
| (၂) ဒုဥက္ကဌ | - ဦး ဝရဲလောဟာ | ဝရဲရွာ |
| (၃) အတွင်းရေးမှူး | - ဦး ကီးဖေလိန်း | တောင်ကုန်းရွာ |
| (၄) ဒုအတွင်းရေးမှူး | - ဦး အွမ်နိန်း | ထားလောင်းရွာ |
| (၅) တွဲဘက်အတွင်းရေးမှူး | - ဦး ဘူကီးဟုန်း | စပ်ကောက်ရွာ |

(၆) အမှုဆောင် – ဦး ထန်းဘွေ ခွိရိန်ရွာ
(၇) ။ – ဦး ထန်းရှိန်း ပိုင်းတွိရွာ
(၈) ။ – ဦး လိန်းဂေ ပိုင်းတွိရွာ
(၉) ။ – ဦး ယောလိန်း ပန်းလောင်းရွာ
(၁၀) ။ – ဦး ထန်းဟာ ဘောင်ရွာ
(၁၁) ။ – ဦး ဝမ္ပသူးငိုင်း ဝမ္ပသူးရွာ
(၁၂) ။ – ဦး အွမ်ဟာ တွိရိန်ရွာ

တိုက်နယ်အမှုဆောင်များ
(၁) နှော်ချောင်းတိုက် – ဦး လောဟာလိန်း၊ ဦး လောအွမ်ဟာ၊ ဦး နိန်ဘူကီး။
(၂) တောင်းကုန်းတိုက်– ဦး အွမ်နိန်။
(၃) ယောချောင်းတိုက် – ဦး ဟုန်းနိန်းလိန်း၊ ဦး ငိုင်းနိန်ခွိရှိန်း၊ ဦး ဂေလိန်း။
(၄) မောင်းချောင်းတိုက် – ဦး လောကီးဟာ၊ ဦး ဒေါက်ဒွဲထန်းနိုင်း၊ ဦး မင်းနိုင်းထန်းလော။
(၅) ချီချောင်းတိုက် – ဦး မာန်လိန်း၊ ဦး ကြာန်နိန်။
(၆) အရှေ့ရင်ဒူးတိုက် – ဦး နိုင်းလိန်းသာ၊ ဦး ထန်းထွန်း။
(၇) ကျင်ဒွေးတိုက် – ဦး လုံး၊ ဦး ကြယ်ကြီး။
(၈) အနောက်ရင်ဒူးတိုက် – ဦး ထန်းနိုင်း၊ ဦး မ်နားနိုင်း။
(၉) ဆာဒူးတိုက် – ဦး မ်နားကီး၊ ဦး ဟာဂေ၊ ဦး ဟာငိုင်း။
(၁၀) လိုမ္ပဆန်တိုက် – ဦး ဟုန်းမနား၊ ဦး မဒါမနားထန်း၊ ဦး ကီးပိုင်း။
(၁၁) ခင်ဖောင်တိုက် – ဦး ကိမ်လိန်၊ ဦး ဟာနူ။
(၁၂) ချန်ပြန်းတိုက် – ဦး ဘန်းမ၊ ဦးသန်းအော၊ ဦး မ်လုံလျူး။
(၁၃) မချုံရှိတိုက် – ဦး အွမ်လွှေ၊ ဦး ရှိလိကီး၊ ဦး တွိဒိန်ငိုင်းလွှေထန်း။
(၁၄) ရောင်ဝါတိုက် – ဦး လွဲကီးလင်၊ ဦးရှစ်ဝါနူးနိန်ကီးလော၊ ဦးရာတိန်း၊ ဦး ကန်ရား။

ကျေးရွာအမှုဆောင်အဖွဲ့
ကျေးရွာအလိုက် မိမိတို့အစီအစဉ်ဖြင့် ကိုယ်စီဖွဲ့စည်းရန်၊
စည်းရုံးရေးတာဝန်ခံများ
(၁) ဦးလိန်းလောကီး – ခက်လောင်းရွာ၊
(၂) ဦးနိန်းထန်း – ထားဝါရွာ၊
(၃) ဦးငိုင်းဟာ – သွိပန်းရွာ၊
(၄) ဦးကီးငိုင်း – တွိရိန်ရွာ၊
(၅) ဦးကီးဂေ – တွိရိန်ရွာ၊
(၆) ဦးလိဂေရှိန်း – ခက်လောင်းရွာ၊
(၇) ဦးလောကီးလိန်း – စွန်တောင်ရွာ၊
(၈) ဦးခွိရိန်ငိုင်း – ခွိရိန်ရွာ၊
(၉) ဦးအောင်လိန်း – ထားလောင်းရွာ၊
(၁၀) ဦးအွမ်တမ် – ထားလောင်းရွာ၊
(၁၁) ဦးငိုင်းနိုင်း – ဘောင်ရွာ၊
(၁၂) ဦးလိန်းနူ – တွိဒိန်ရွာ၊
(၁၃) ဦးငိုင်းလွှေထန်း – မချုံရွာ၊

အမျိုးသမီးများအဖွဲ့

| | | | |
|---|---|---|---|
| (၁) ဥက္ကဋ္ဌ | – | ဒေါ်ခယ်လောထုံ | လိုရုံးရွာ၊ |
| (၂) အတွင်းရေးမှူး | – | ဒေါ်အွမ်ရိန် | တောင်ကုန်းရွာ၊ |
| (၃) တွဲဘက်အတွင်းရေးမှူး | – | ဒေါ်ထန်မံ | တောင်ကုန်းရွာ၊ |
| (၄) အမှုဆောင် | – | ဒေါ်လိန်းရှယ်ရောင် | ဝမ္မသူးရွာ၊ |
| (၅) ။ | – | ဒေါ်ဂေတီး | ဝမ္မသူးရွာ၊ |
| (၆) ။ | – | ဒေါ်ဟာရောင် | ဝမ္မသူးရွာ၊ |
| (၇) ။ | – | ဒေါ်ထန်းရှီ | ထားလောင်းရွာ၊ |
| (၈) ။ | – | ဒေါ်ကီးလိုင်း | ခွီရိန်ရွာ၊ |
| (၉) ။ | – | ဒေါ်မာန်ထန်းပိုင် | ဝရဲရွာ၊ |
| (၁၀) ။ | – | ဒေါ်ဖွေပိုင် | လိုယောရွာ။ |

[ချင်းတောင်ညီညွတ်ရေးအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းခဲ့သော ဦးဟာထန်းအွမ် ကွယ်လွန်သွား၍ ချင်းအမျိုးသားများ ညီညွတ်ရေးအဖွဲ့၌ မပါဝင်တော့ပေ။]

## အင်္ဂလိပ်အစိုးရသို့ ရာဇသံ (၉) ချက်

ချင်းအမျိုးသားများ ညီညွတ်ရေးအဖွဲ့၏ ဒုတိယအကြိမ် ညီလာခံကို မင်းတပ်နယ် ဝရဲရွာ၌ ၁၉၃၄ ခုနှစ် စက်တင်ဘာလ (၂၉) ရက်နေ့တွင် ကျင်းပခဲ့သည်။ ယင်းညီလာခံမှ နယ်ချဲ့အင်္ဂလိပ်အစိုးရသို့ အောက်ပါအချက် (၉) ချက်ကို ရဲရင့်ပြတ်သားစွာ တောင်းဆိုခဲ့သည်။

(၁) ချင်းတောင်တန်းဒေသ အုပ်ချုပ်ရေးကို ပြည်မနှင့် တန်းတူအခွင့်အရေးပေးရန်၊
(၂) ချင်းတောင် အုပ်ချုပ်ရေးတွင် ချင်းအမျိုးသား ကိုယ်စားလှယ်များ ပါဝင်ရေးဆွဲသော ဥပဒေသာ ကျင့်သုံးရန်၊
(၃) ပညာရေး၊ ကျန်းမာရေးစသော လူမှုရေးနှင့် စီးပွါးရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြုပြင်ဆောင်ရွက်ပေးရန်၊
(၄) ချင်းတောင်ပညာရေးစနစ်ကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန်(အင်္ဂလိပ်စာအပြင် မြန်မာစာကိုပါ သင်ကြားခွင့်ပြုရန်)၊
(၅) ဘာသာရေး လွတ်လပ်ခွင့်ပေးရန်၊
(၆) ချင်းတောင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် အမြန်ဆုံး ဖေါက်လုပ်ပေးရန်၊
(၇) ပြည်မနှင့် ချင်းတောင်တန်းဒေသ လွတ်လပ်စွာ ကူးလူးဆက်ဆံခွင့်ပြုရန်၊
(၈) ချင်းလူမျိုးတို့အား မည်သည့်လူမျိုးနှင့်မဆို တန်းတူရည်တူ ဆက်ဆံခွင့်ပြုရန်၊
(၉) မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသောအခါ ချင်းတောင်ကိုပါ တပါတည်း လွတ်လပ်ရေး ပေးရန်။

အထက်ပါ တောင်းဆိုချက် (၉) ရပ်နှင့် ပတ်သက်၍ အင်္ဂလိပ်အစိုးရက ၁၉၃၇ ခုနှစ် ဒီဇင်ဘာလ (၁၇) ရက်နေ့စွဲပါစာဖြင့် ၁၉၃၈ခုနှစ် ဖေဖေါ်ဝါရီလ(၂၀)ရက်နေ့တွင် ကန်ပက်လက်မြို့၌ တွေ့ဆုံဆွေးနွေးရန် ချင်းအမျိုးသားများ ညီညွတ်ရေးအဖွဲ့သို့ အကြောင်း ကြားခဲ့သည်။

ချင်းအမျိုးသားနေ့ ပေါ်ပေါက်လာပုံ နောက်ခံသမိုင်း (အကျဉ်း) တတိယပိုင်း
* ကန်ပက်လက် တော်လှန်ရေး သပိတ်၊
* တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့၊
* ချင်းတော်လှန်ရေး ခေါင်းဆောင်များ အဖမ်းခံရခြင်း၊
* တော်လှန်ရေးအစ ချင်းတောင်က၊
* တစ်ပိုလ်ကျ တစ်ပိုလ်တက်၊ ဒူးမထောက် လက်မမြှောက်၊
* ဂျပန်မဟာမိတ်စစ်နှင့် ချင်းတောင်အုပ်ချုပ်ရေး၊
* ဗိုလ်ချုပ်နှင့် ဦးဝမ္မသူးမောင်း၊
* ချင်းတော်လှန်ရေး တပ်ဖွဲ့နှင့် ဖက်ဆစ်ဂျပန် တော်လှန်ရေး၊

## ကန်ပက်လက် တော်လှန်ရေးသပိတ်

ယင်း ၁၉၃၈ခုနှစ် ဖေဖော်ဝါရီလ(၂၀)ရက်နေ့ ကန်ပက်လက်မြို့၊ အင်္ဂလိပ်အစိုးရနှင့် ချင်းအမျိုးသားများ ညီညွတ်ရေးအဖွဲ့ တွေ့ဆုံဆွေးနွေးပွဲ၌ အင်္ဂလိပ်အစိုးရကိုယ်စားလှယ်များအဖြစ် မကွေးတိုင်း ဝန်ရှင်တော်မင်းကြီး **MR. MECRAKEN** ဖလမ်းခရိုင်ဝန် **MR. NILA** ကန်ပက်လက် နယ်ပိုင်ဝန်ထောက် **J. PHOONYO** တို့ဦးဆောင်သော ပုလိပ်နှင့် အမှုထမ်း (၃၀၀)ကျော် တက်ရောက်ကြသည်။ ယင်းအစည်းအဝေး၌ တိုင်းမင်းကြီးမှ တောင်းဆိုချက် (၉)ရပ်စလုံးကို အင်္ဂလိပ်အစိုးရက တစ်ခုမျှ မလိုက်လျောနိုင်ကြောင်း ကြေငြာသည့်အပြင် ချင်းခေါင်းဆောင်များအား နိုင်ငံရေးမလုပ်၊ အတိုက်အခံမလုပ်ဘဲ အစိုးရပေးသောရာထူးများကို လက်ခံကြရန်၊ အစိုးရကိုဆန့်ကျင်ပါက ဖမ်းဆီးထောင်ချခြင်း ခံရမည်ဟုချိမ်းခြောက်ရာ သုံးထောင်ကျော်ရှိသော ချင်းလူထုပရိတ်သတ်များ မခံမရပ်နိုင် ဖြစ်လာကြပြီး "နယ်ချဲ့ အစိုးရ အလိုမရှိ၊ ထွက်သွား"ဟု လက်သီးလက်မောင်းတန်းကာ ချက်ခြင်းကြွေးကြော် သပိတ်မှောက် ဆန္ဒပြကြသည်။ အင်္ဂလိပ်အစိုးရခန့်ထားသော တိုက်သူကြီး(၃၆)ဦးတို့ကလည်း ယင်းတို့ခန့်စာများ ပြန်လည်ပေးအပ်၍ ရာထူးမှ နုတ်ထွက် ဆန္ဒပြကြသည်။ ယင်းအင်္ဂလိပ်အစိုးရ ကိုယ်စားလှယ်များ ညတွင်းချင်း ဆောမြို့သို့ ပြန်လည် ထွက်ပြေးကြသည်။ တွေ့ဆုံပွဲအတွက် ရက်ချိန်းစာထွက်ကတည်းက ချင်းလူထုအားလုံး စိတ်ဝင်စားပြီး အနယ်နယ် အရပ်ရပ်မှ မိမိအစီအစဉ်ဖြင့် ၄င်းရက်အမီ ရောက်ရှိနေကြသဖြင့် ပရိတ်သတ် အင်အားများပြားနေခြင်းကိုလည်း အင်္ဂလိပ်အစိုးရ ကိုယ်စားလှယ်များ များစွာအံ့အားသင့်ခဲ့ကြသည်ဟု ဆိုသည်။

## တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့

ယင်းကန်ပက်လက် တွေ့ဆုံပွဲအပြီး ၁၉၃၈ခုနှစ် မတ်လ(၁၈) ရက်နေ့ ရှမ်းပြည် ညောင်ရွှေမြို့၌ ကျင်းပသော ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား တောင်တန်းသားများ အစည်းအဝေးသို့ ချင်းအမျိုးသားများ ညီညွတ်ရေးအဖွဲ့နှင့် ချင်းအမျိုးသားအားလုံးကိုယ်စား ဦးဝမ္မသူးမောင်း တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးမှ "တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့"ကို ဖွဲ့စည်းခဲ့သည်။ တောင်တန်းဒေသနှင့် ပြည်မဒေသ ပူးပေါင်း၍ လွတ်လပ်ရေးကို အရယူရန်၊ လွတ်လပ်ရေးရရှိက ပြည်ထောင်စုအဖြစ် ပူးပေါင်းရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

## ချင်းတော်လှန်ရေး ခေါင်းဆောင်များ အဖမ်းခံရခြင်း

ကန်ပက်လက် အရေးအခင်းနှင့်ပတ်သက်၍ အင်္ဂလိပ်အစိုးရသည် တစ်နှစ်တာနီးပါး အချိန်ယူ၍ အစီအစဉ် များပြုလုပ်ပြီး ၁၉၃၉ခုနှစ် ဖေဖော်ဝါရီလ(၂၀)ရက်နေ့တွင်ဖလမ်းခရိုင်ဝန်မှ ချင်းအမျိုးသားများညီညွတ်ရေးအဖွဲ့ကို မတရားအသင်းကြေငြာ၍ ချင်းခေါင်းဆောင်များအား နာမည်ပျက်ကြေငြာသောအမိန့်ထုတ်ပြန်ကာ လိုက်လံ ဖမ်းဆီးခဲ့သည်။

ပထမအသုတ် ဖမ်းဆီးခံရသော ခေါင်းဆောင်များမှာ – ဦးဝမ္မသူးမောင်း၊ ဦးဝရဲလောဟာ၊ ဦးကီးဖေလိန်း (ခ) သခင်အောင်မင်း၊ ဦးအွမ်နိန်း (ခ) သခင်အောင်ညွန့်၊ ဦးအောင်လိန်း (ခ) သခင်အောင်ဇံ၊ ဦးအွမ်တမ် (ခ) သခင်ဘတင်၊ ဦးဝမ္မသူးငိုင်း၊ ဦးကီးမာန်၊ ဦးလိန်းဂေ စုစုပေါင်း (၉) ဦး ဖြစ်သည်။

(ယင်းနေ့တွင် လိုယုံးရွာမှ ဒေါ်ခယ်လောထုံ၊ တောင်ကုန်းရွာမှ ဒေါ်ငိုင်းအွမ်ရိန်၊ ဒေါ်ဟာ ထန်းမံ၊ ဒေါ်ငိုင်းဂေလျူး အမျိုးသမီး (၄)ဦးကိုလည်း အင်္ဂလိပ်အစိုးရက ဖမ်းဆီးစစ်ဆေးခဲ့သည်။ ဘုန်းကြီးဦးတိသက နိုင်ငံရေးနှင့် မပါတ်သက်ကြောင်း ဖြေကြားကြရန် ကြိုတင်သင်ပေးထားသဖြင့် အဖြေကောင်း၍ ပြန်လွတ်ကြသည်ဟု ဆိုသည်)။

ဒုတိယအသုတ် ၁၉၃၉ ခုနှစ် ဇွန်လ (၁၅) ရက်နေ့ အဖမ်းခံရသူများမှာ – ဦးလောလိန်း (ပန်းလောင်း)၊ ဦးကီးဂေရိန်း (လွဲပန်း)၊ ဦးငိုင်းချွမ် (လွဲပန်း)၊ ဦးလိန်းခယ် (ဝရဲ)၊ ဦးအွမ်ပိုင်း (ခွဲလုံ)၊ ဦးခွီရိန်ငိုင်း (ခွီရိန်)၊ ဦးထန်းဘွေ

(ခွိရိန်)၊ ဦးကီးဂေ (တွိရိန်)၊ ဦးကီးငိုင်း (တွိရိန်)၊ ဦးအွမ်ဟာ (တွိရိန်)၊ ဦးလိန်းလောကီး (ခက်လောင်း)၊ ဦးထန်းလော (ဘောင်)၊ ဦးထန်းဟာ (ဘောင်)၊ ဦးဘူကီးဟုန်း (စပ်ကောက်)၊ ဦးလီဂေရိုန်း (ခက်လောင်း) စုစုပေါင်း (၁၅) ဦး ဖြစ်သည်။

တတိယအသုတ် ဖမ်းဆီးခံရသူများမှာ – ဦးလောဟာ (ဘောင်)၊ ဦးထန်းဘွေ (ဘောင်)၊ ဦးလိန်းထန်း (ဘောင်)၊ ဦးထန်းလော (ဘောင်)၊ ဦးထန်းဂေငိုင်း (ဘောင်)၊ ဦးယောလင်ငိုင်း (လိုမ္မဆန်)၊ ဦးလောဟာထန်း (လိုမ္မဆန်)၊ ဦးလိန်းလွေ (သိန်း)၊ ဦးအွမ်လိန်းရွှေ (သိန်း)၊ ဦးကီးအွမ်သာ (သိန်း)၊ ဦးငိုင်းလွေ (ဆာဒူး)၊ ဦးကီးနိုက် (ဆာဒူး)၊ ဦးထင်လျော်လိန်း (ဆာဒူး)၊ ဦးလိန်းထန်း (ရှုက်)၊ ဦးယွမ်းတမ်လိန်း (ချတ်)၊ ဦးကီးရှိန်းဂေ (တုံလိုင်)၊ ဦးမ်နားလိန်း (လဲသာ)၊ ဦးရှိလွေ (လဲသာ) စုစုပေါင်း (၁၈)ဦး ဖြစ်သည်။

စတုတ္ထအသုတ် ဖမ်းဆီးခံရသူများမှာ – ဦးဟာထန်း (ဘောင်)၊ ဦးကီးယော (ပြုံး)၊ ဦးအောင်နိန်း (တောင်ကုန်း)၊ ဦးလောမောင်း (တောင်ကုန်း)၊ ဦးငိုင်းနိန်း (မသူး)၊ ဦးလောဟာအွမ် (တွိပလန်း)၊ ဦးချွမ်ကီးအွမ် (ပန်းပါ)၊ ဦးငိုင်းကီး (သွိပန်း)၊ ဦးငိုင်းဟာ (သွိပန်း)၊ ဦးဟုန်းနိန်းထန်း (ထားဝါ)၊ ဦးဂေလိန်း (ခွိရိန်း) စုစုပေါင်း (၁၁)ဦးဖြစ်သည်။

၁၉၄၀ ခုနှစ် မေလ (၂၁) ရက်နေ့ ဖမ်းဆီးသော ပဉ္စမနှင့် နောက်ဆုံးအသုတ် ဖမ်းဆီးခံရသူများမှာ– ဦး လောကီးဂေမောင်း (တောင်ကုန်း)၊ ဦးငိုင်းဂေ (တောင်ကုန်း)၊ ဦးယောလိန်းထန်း (ပန်းလောင်း)၊ ဦးယောလိန်းတပ် (ပန်းလောင်း)၊ ဦးထန်းရှိန်းမောင်း (လွဲပန်း)၊ ဦးလွဲဟုန်း (ရှိ)၊ ဦးချိုင်အွမ် (ရှိ)ဦးလောနိုင်းမေ(ရှိ)၊ ဦးဟာလိန်းနိုင်း (ရှိ)၊ ဦးဘွေထန်းလိန်း (ရှိ)၊ ဦးလိန်းဟာ (ရှိ)၊ ဦးလိုက်နိုင်းထန်း (ရှိ)၊ ဦးကီးလွေ (ရှိ)၊ ဦး ကီးတမ်ထုန် (ရှိ)၊ ဦးမ်နားနိုင်းမောင်း (ရှိ)၊ ဦးယောကီးအွမ် (ရှိ)၊ ဦးလိန်းနိုင်းထုန် (ရှိ))၊ ဦးလွဲကီးလင်း (ရှိ)၊ ဦးမေလိန်း(ရှိ)၊ ဦးနိုင်းငိုင်းဟုန်း(ရှိ)၊ ဦးလိန်းအွမ်မနား(ရှိ)၊ ဦးထန်းနိုင်း(ရှိ)၊ ဦးဂေငိုင်းကီး(ရှိ)၊ ဦးထန်းဘွေ(ရှိ)၊ ဦးရှိနိုင်းယော(ရှိ)၊ စုစုပေါင်း (၁၆)ဦးရှိသည်။

အထက်ပါ ပထမမှပဥ္စမသုတ်အထိ ဖမ်းဆီးထားသော(၇၉)ဦးကို ဖလမ်း၊ ဟားခါး၊ တီးတိန်၊ ပခုက္ကူ၊ မြင်းခြံ၊ မွတ္တလေး၊ ကသာထောင်များသို့ ခွဲဝေ၍၄င်း၊ ထောင်များတခုပြီးတစ်ခု ပြောင်းပြောင်း၍၄င်း ချုပ်နှောင်ခဲ့သည်။ ယင်း(၇၉)ဦးအပြင် ကန်ပက်လက်အချုပ်၌ တစ်နှစ်ချုပ်နှောင်ပြီး ကူလီအဖြစ် ဆက်လက်ခိုင်းစေခံရသောသူများမှာ– ဦးကီးအွမ်ငိုင်း၊ ဦးနိုင်းအောင်ထန်း၊ ဦးကီးအွမ်း၊ ဦးအွမ်လွေ၊ ဦးထန်းလိန်းငိုင်း၊ ဦးမေလင်ကီး၊ ဦးထန်းရွှိလိန်း၊ ဦးနိုင်းယော၊ ဦးဘွေကီးအွမ်၊ ဦးထုန်ထန်းအွမ်၊ ဦးလီရှယ်ကီး၊ ဦးနိုင်အွမ်၊ ဦးနိုင်းထွန်း၊ ဦးကီးခွိအွမ်၊ ဦးလိန်းအွမ်၊ ဦးဘွေဂေ၊ ဦးထန်းခွိအွမ်၊ ဦးကီးအောင်ထန်း၊ ဦးကီးသာထန်း၊ ဦးထုန်ထန်ထွန်း၊ ဦးဂေမောင်းလိန်း၊ ဦးအွမ်ဟာတပ်၊ ဦးငိုင်းကီးနိုင်း၊ ဦးမောင်းငိုင်းကီး၊ ဦးထန်လိန်း၊ ဦးကီးအွမ်မောင်း၊ ဦးနိုင်းမောင်းနိုင်း၊ ဦးလိန်းသာထန်း၊ ဦးနိုင်းအွမ်မောင်း၊ ဦးနိုင်းထန်း၊ ဦးဟုန်းငိုင်း၊ ဦးကီးအွမ်၊ ဦးအွမ်၊ ဦးငိုင်းခွိအွမ်၊ ဦးမိန်ထုန်ကီး၊ ဦးတိမောင်း၊ ဦးကီးထန်းခွိအွမ်၊ ဦးလိန်းဘွေ၊ ဦးနိုင်းလိန်းမေ၊ ဦးကီးထန်းလင်၊ ဦးနိုင်းဂေ၊ ဦးအွမ်ကီး၊ ဦးဟာလိန်းဘွေ၊ ဦးခွိအောင်ထန်၊ ဦးဂေမောင်း၊ ဦးလိန်းဘွယ်၊ ဦးကီးအွမ်ထွန်း၊ ဦးမိန်ထုန်နိုင်း၊ ဦးဘွေထန်း စုစုပေါင်း (၄၉)ဦး ရှိသည်။

ဦးဝမ္မသူးမောင်း အပါအဝင် ပထမအသုတ် အဖမ်းခံရသောခေါင်းဆောင်(၉)ဦး ကသာထောင်၌ အချုပ် နှောင်ခံရစဉ် ၁၉၄၂ခုနှစ် ဂျပန်များပုံးကြဲ၍ ထောင်ပေါက်သဖြင့် အသက်မသေ ပြန်လည်လွတ်မြောက်လာကြသော် လည်း ထောင်ဒဏ်၊ ပုံးဒဏ်ကြောင့် ဦးဝရဲလောဟာမှာ ထာဝရ ရှူးသွပ်သွားခဲ့သည်။

### တော်လှန်ရေးအစ ချင်းတောင်က

ချင်းတော်လှန်ရေးခေါင်းဆောင်များ အသုတ်လိုက် အသုတ်လိုက် အဖမ်းဆီးခံ ထောင်တွင်းရောက်နေကြစဉ် ဒို့ဗမာအစည်းအရုံး ဟသ်ာတညီလာခံကျင်းပ၍ အပြန် ဇလွန်ဒေါင်ကြီးအစည်းအရုံး၏ ဖိတ်ခေါ်ချက်အရ – ၁၉၄၀ ခုနှစ် ဇွန်လ(၂)ရက်နေ့ အရေးပေါ်အစည်းအဝေး၌ သခင်အောင်ဆန်းမှ လူနည်းစုဖြစ်သော ချင်းခေါင်းဆောင်

များပင်လျှင် ဤမျှထောင်ကျတိုက်ပိတ်ခံ၍ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး လွတ်လပ်ရေးကြိုးပမ်းနေကြပြီဖြစ်ကြောင်း၊ လူများစုဖြစ်သောဗမာများ တွေဝေမိန်းမောမနေကြရန်နှင့် ယင်းသို့ ထောင်တွင်းရောက်နေသော ချင်းခေါင်းဆောင်များအားလည်း တတ်နိုင်သမျှ အကူအညီများပေးကြရန်ဟောပြောသဖြင့် ပရိတ်သတ်များ များစွာတက်ကြွနိုးကြားခဲ့သည်။ ယင်းအစည်းအဝေးတွင် ချင်းခေါင်းဆောင်များနှင့် ချင်းတော်လှန်ရေးအကြောင်း ဟောပြောရန်မေ့နေခဲ့သော်လည်း၊ ယင်းအကြောင်းမဟောပြောရန် နယ်မြေပုလိပ်အရာရှိ မစ္စတာဇေဗီးယား၏ နို့တစ်ရသဖြင့် ဝမ်းသာအားရ ဟောပြောခဲ့ရကြောင်း သခင်အောင်ဆန်းမှ ဆိုပါသည်။

ယင်းနှင့်ပတ်သက်၍ မစ္စတာဇေဗီးယားမှ သခင်အောင်ဆန်းအား ငါးကျပ်တန် ဝရမ်းထုတ်ကာ ဖမ်းဆီးစေခဲ့သည်။ သခင်အောင်ဆန်းမှ အဖမ်းဆီးခံထောင်ကျခံလျှင် ချင်းခေါင်းဆောင်များနည်းတူ အရေးကြီးသော အချိန်များ အလဟဿ အချည်းအနှီး ဖြစ်လိမ့်မည်ဟု ရှောင်တိမ်းရန် ရုတ်တရက် စီစဉ်ခဲ့ရသည်။ သို့ဖြင့် ၁၉၄၀ ပြည့် ဇွန်လ(၅)ရက်တွင် ပြည်ပသို့ ထွက်ခွါသွားခဲ့သည်။ ဆိုဗီယက်ရုရှားသို့ ဦးတည်သော်လည်း ရုတ်တရက် အစီအစဉ်လည်းဖြစ်၊ တင်ကြိုဆက်သွယ်မှုလည်းမရှိသဖြင့် တရုတ်ပြည် ကွန်မြူနစ်ပါတီ၏ ပူးပေါင်းမှုနှင့် အကူအညီ ရလိုရငြား တရုတ်ပြည်အမွိုင်မြို့တွင် သောင်တင်ခဲ့ရသည်။ ယင်းသို့ တရုတ်ပြည်ကွန်မြူနစ်ပါတီနှင့်လည်း အဆက်အသွယ်မရ သောင်တင်နေစဉ် ဂျပန်များနှင့် ဆက်သွယ်မှုရပြီး ဂျပန်ပြည်သို့ရောက်ရှိသွားခဲ့သည်။

ဂျပန်ပြည်၌ ဂျပန်များ၏ အကူအညီဖြင့် စစ်ပညာနှင့် အုပ်ချုပ်ရေးအတတ်ပညာများသင်ယူရန် စီစဉ်ခဲ့ပြီး သခင်အောင်ဆန်းကိုယ်တိုင် ဗမာပြည်သို့ တစ်ခေါက်ပြန်လည်ဝင်ရောက်ကာ သခင်လူငယ်အချို့ကို ဂျပန်ပြည်သို့ ခေါ်ဆောင်သွားခဲ့သည်။ ယင်းသို့ သခင်အောင်ဆန်းအပါအဝင် ခေါ်ဆောင်သွားသောသခင်လူငယ်များအဖွဲ့၊ ရဲဘော်သုံးကျိပ်တို့ ဂျပန်ပြည်၌စစ်ပညာသင်ကြားကြပြီး ယင်းရဲဘော်သုံးကျိပ် ဗမာပြည်သို့ပြန်အဝင်တွင် ဗမာ့တပ်မတော်၏ အခန်းကဏ္ဍ စတင်လာခဲ့သည်။ နိုင်ငံရေး၊ စစ်ရေးတော်လှန်မှုများ အရှိန်အဟုန်ပို၍ မြင့်မားလာပြီး လွတ်လပ်ရေးကြိုးပမ်းမှု ပိုမိုပီပြင်လာခဲ့သည်။ တော်လှန်ရေးအစ ချင်းတောင်ကဟု အဆိုရှိခဲ့သည်။

(ချင်းတော်လှန်ရေးခေါင်းဆောင်များနှင့် ချင်းတောင်တော်လှန်ရေးမှ တပ်မတော်အား မွေးဖွားပေးခဲ့ခြင်းဖြစ်သည်ဟုဆိုနိုင်ပါသည်)

## တစ်ဗိုလ်ကျ တစ်ဗိုလ်တက်၊ ဒူးမထောက်၊ လက်မမြှောက်

အထက်ကဆိုခဲ့သည့်အတိုင်း နယ်ချဲ့အင်္ဂလိပ်အစိုးရမှ ချင်းတောင်၏ တော်လှန်ရေးခေါင်းဆောင်များအား အသုတ်လိုက်အသုတ်လိုက် လိုက်လံဖမ်းဆီး ထောင်ချနေသော်လည်း တော်လှန်ရေးကိုမူ တဗိုလ်ကျ တစ်ဗိုလ်တက် အဆက်မပြတ် ဆင်နွှဲခဲ့ကြသည်။ ဦးမာန်ကင် (ခ) ဦးအောင်ခင်သည် ကျောင်းဆရာအလုပ်မှထွက်၍ ချင်းအမျိုးသားများ ညီညွတ်ရေးအဖွဲ့နှင့် ချင်းတော်လှန်ရေးတပ်ဖွဲ့များကို ကွပ်ကဲခေါင်းဆောင်ခဲ့သည်။

၁၉၄၁ခုနှစ် ဒီဇင်ဘာလ(၈)ရက်နေ့တွင် ဂျပန်မှစစ်ကြေငြာသဖြင့် ဂျပန်နှင့်မဟာမိတ်တို့ စစ်ဖြစ်ကြသည်။ ၁၉၄၂ ဂျပန်အဝင်ဗြိတိသျှတို့ဆုတ်ခွါချိန်၌ ဦးမာန်ကင်သည် ချင်းတောင်ယာယီ အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့တွင် ဦးမာန်ကင်–ဥက္ကဋ္ဌ၊ ဦးလိန်းအွမ်၊ ဦးအောင်သာဟုန်း၊ ဦးကီးလော၊ ဦးထန်းမောင်း (ခ) ဦးဘချစ်၊ ဦးအိမ်ကောသာရှယ်၊ ဦးထန်းခွီရှိန်း၊ ဦးအောင်ခေါဂေ၊ ဦးထန်းရှိန်း၊ ဦးလိန်းလွေတို့ အဖွဲ့ဝင် ဖြစ်ကြသည်။

၁၉၄၂ခုနှစ် ဧပြီလ(၂)ရက်နေ့တွင် ကန်ပက်လက်နယ်ကို ဗြိတိသျှအင်္ဂလိပ်လက်မှ အပြီးအပိုင် ပြန်လည်သိမ်းပိုက်ကြောင်း ကြေငြာပြီး ဝမ္မသူးကို ဌာနချုပ်မဏ္ဍိုင်ထား၍ ပျောက်ကျားအသွင်မှ တရားဝင်တော်လှန်ရေးတပ်အဖြစ်ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။ တပ်ဖွဲ့များခေါင်းဆောင် ဦးမာန်ကင်နှင့် လက်ထောက်ခေါင်းဆောင်များမှာ ဦးလိန်းအွမ်၊ ဦးထန်းခွီရှိန်း၊ ဦးကီးလော၊ ဦးအိမ်ကောသာရှယ် တို့ဖြစ်သည်။ တပ်ဖွဲ့အင်အား တစ်ထောင်

ကျော်ရှိသည်။ ယင်းတပ်ဖွဲ့များကို ၁၉၄၂ခုနှစ် ဧပြီလ(၉)ရက်နေ့တွင် မင်းတပ်မြို့သို့၄င်း၊ ၁၉၄၂ခုနှစ် ဧပြီလ (၁၆) ရက်နေ့တွင် ကန်ပက်လက်မြို့သို့၄င်း ခွဲဝေ တာဝန်ချထားခဲ့သည်။

## ဂျပန်မဟာမိတ်စစ်ပွဲနှင့် ချင်းတောင်အုပ်ချုပ်ရေး

ဦးဝမ္မသူးမောင်းနှင့်အဖွဲ့ ထောင်မှလွတ်၍ ၁၉၄၂ခုနှစ် မေလ(၈)ရက်နေ့တွင် ပြန်လည်ရောက်ရှိလာကြသည်။ ဦးဝမ္မသူးမောင်းအား ခေါင်းဆောင်ပြန်လည်တင်မြှောက်၍ ဦးမာန်ကင်အား ဒုတိယခေါင်းဆောင်ပြန်လည်တင်မြှောက်ကြသည်။ ဦးဝမ္မသူးမောင်းမှ ချင်းအမျိုးသားများ ညီညွတ်ရေးအဖွဲ့၏ တော်လှန်ရေးတပ်ဖွဲ့ကို အောက်ပါအတိုင်း ဌာန (၃)ခုအဖြစ် ခန့်ခွဲ၍ တာဝန်ခွဲဝေခဲ့သည်။

အုပ်ချုပ်ရေးအဖွဲ့တွင် ဦးလိန်းအွမ်၊ ဦးအွမ်နိန် (ခ) သခင်အောင်ညွန့်၊ ဦးကီးဖေလိန်း (ခ) သခင်အောင်မင်းတို့ ဦးဆောင်သော ဗဟိုကော်မိတီဝင် (၁၅)ဦးနှင့် တိုက်နယ်အုပ်ချုပ်ရေးအဖွဲ့အသီးသီး ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။

ငြိမ်းချမ်းရေးအဖွဲ့ကို ရဲအသွင်ဖွဲ့စည်းလျက် ဦးထန်းခွီရှိန်း၊ ဦးဟန်ဘုံထန်း၊ ဦးအောင်ခေါဂေ တို့အား ဦးစီးစေခဲ့သည်။ တပ်ဖွဲ့အင်အား(၁၀၀၀) ဖွဲ့စည်းပေးခဲ့သည်။ ယင်း ငြိမ်းချမ်းရေးအဖွဲ့မှ ရဲအုပ်ချုပ်ရေး အတွေ့အကြုံရစေရန် ဦးမာန်ကင်အားခေါင်းဆောင်စေ၍ ဦးဟန်းဘုံထန်း၊ ဦးထန်းခွီရှိန်းတို့အား ပြည်မသို့ လေ့လာရေး စေလွှတ်ခဲ့သည်။

တော်လှန်ရေးအဖွဲ့ကို တပ်မတော်အသွင်ဖွဲ့စည်းခဲ့သည်။ တပ်ဖွဲ့ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဌာနချုပ် – ဝမ္မသူး
တာဝန်ခံ – ဗိုလ်ရှယ်ကီး
ဒု တာဝန်ခံ – မောင်ငယ် (ခ) လိန်းပိုင်း
ရိက္ခါမှူး – ရှယ်ရောင်၊ ဟာရောင်၊ လိန်းပိုင်း၊ လိန်းတီး
တပ်သား – ၅၀၀

(၂) တောင်ကုန်းတပ်ခွဲ
တာဝန်ခံ – ဗိုလ်ကင်မောင်း
ဒု တာဝန်ခံ – မ်နားယောထန်း
ရဲဘော် – ၅၀၀
တပ်ထိန်း – အွမ်နိန်း၊ ဂေထန်း၊ ထန်းဘွေ၊ ဖေလိန်း

(၃) လုံခါးရဲဘော်ဌာန
တာဝန်ခံ – ဗိုလ်ရှိန်းထန်း
ဒုတာဝန်ခံ – မ်နားယောထန်း
တပ်သား – ၅၀၀
ရိက္ခါမှူး – ထန်းအိမနား၊ လွေလိန်းရှိတ်
တပ်သားသစ် – ၁၅၀၀

ရဲမေများ

(၁) ဝမ္မသူးရဲမေဌာန
တာဝန်ခံ – မသိန်းရင် (ခ) လှိုန်းပွန်
ရိက္ခါမှူး – ထန်းပွေ၊ ဟရောင်
ရဲမေအင်အား – ၅၀၀

(၂) တောင်ကုန်းရဲမေဌာန
တာဝန်ခံ – မသိန်းလှ (ခ) နိန်ရ
အင်အား – ၅၀၀

၁၉၄၇ – တွင်ထပ်မံဖွဲ့စည်း
(၁) ကျင်ဒွေးတပ်
တပ်ဖွဲ့ခေါင်းဆောင် – မောင်ပိုင်
ဒုတပ်ဖွဲ့ခေါင်းဆောင် – မောင်ထွန်း
ရဲဘော် – ၅၀၀

အုပ်ချုပ်ရေးအဖွဲ့ ဌာနချုပ်ကွပ်ကဲမှုအောက်၌ ပြန်ကြားရေးနှင့်ပညာရေးတာဝန်ခံအဖြစ် ကျောင်းဆရာဦးကီးလောအားငှင်း၊ ငွေစာရင်းနှင့်ဘဏ္ဍာရေးဌာနချုပ် ရုံးအဖွဲ့မှူးအဖြစ် ဦးအွမ်သာဟုန်းအားငှင်း၊ ဆေးဝါးနှင့်ကျန်းမာရေးလုပ်ငန်းကို ကာသိုလိပ်သာသနာပြုများအားငှင်း၊ အသီးသီး တာဝန်ခွဲဝေချထား ပေးခဲ့သည်။ ပြည်မတော်လှန်ရေးတပ်သို့ အင်အား(၃၇၀)ကို ပခုက္ကူ မြင်းခြံမှတဆင့် မြစ်သာသို့ စေလွှတ်ဖြည့်တင်းပေးခဲ့သည်။

ဗြိတိသျှတို့ဆုတ်ခွါပြီး ဂျပန်တပ်များ ၁၉၄၂ခုနှစ် နိုဝင်ဘာလ(၂)ရက်နေ့တွင် ချင်းတောင်သို့ ရောက်ရှိကြသော်လည်း၊ ၁၉၄၂ခုနှစ် ဧပြီလ(၂)ရက်နေ့ကြေငြာချက်ကို လွတ်လပ်ရေးကြေငြာချက်နှင့်မခြား အသိအမှတ်ပြု၍ ချင်းတောင်အုပ်ချုပ်ရေးတွင် ဂျပန်များ ဝင်ရောက်စွက်ဖက်မှုမရှိခဲ့ပေ။ သို့ဖြစ်၍ ချင်းအမျိုးသားများညီညွတ်ရေးအဖွဲ့သည် ၁၉၄၂ ဧပြီလ မှ ၁၉၄၅ ဖေဖော်ဝါရီလအထိ ချင်းတောင်ကို တရားဝင် အုပ်ချုပ်ခဲ့သည်။

## ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးဝမ္မသူးမောင်း

၁၉၄၃ခုနှစ် ဩဂုတ်လ(၁)ရက်နေ့တွင် ဂျပန်မှ လွတ်လပ်ရေးကြေငြာခဲ့သည်။ ယင်းနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် မြစ်သာသို့ တပ်အင်အား(၃၇၀) စေလွှတ်ဖြည့်တင်းခဲ့သောအဖွဲ့မှ ဗိုလ်ကျော်ဦး(ခ) အောင်လောဟာနှင့် ရဲဘော်နှစ်ဦးကို စေလွှတ်၍တစ်ကြိမ်၊ ဗိုလ်လင်း(ခ)နိန်လိန်း၊ ရဲဘော်ဟုန်းလောအွမ်၊ ရဲဘော် လောဟုန်းတို့ကို စေလွှတ်၍တစ်ကြိမ် ဦးဝမ္မသူးမောင်းအား တွေ့ဆုံလိုကြောင်း ဖိတ်ခေါ်ခဲ့သည်။ တော်လှန်ရေးအတွက် အလုပ်များပြားလွန်းနေသဖြင့် သွားရောက်မတွေ့ဆုံဖြစ်ခဲ့။ ဒုတိယအကြိမ် စေလွှတ်သောအဖွဲ့အား တတိယအကြိမ်မြောက် ပြန်လည်စေလွှတ် ဖိတ်ခေါ်သောအကြိမ်တွင်သာ သခင်အောင်ညွန့်၊ ဝမ္မသူးဟုန်းခွီရှိန်း၊ ရဲဘော်တစ်ဦး ခေါ်ဆောင်၍ ပြည်လို့တိုင်း (၇)ဌာနချုပ်တွင် သွားရောက်တွေ့ဆုံဖြစ်ခဲ့သည်။ ၁၉၄၄ နှစ်ကုန်ပိုင်းတွင်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းမှ ချင်းတောင်တော်လှန်ရေး အပြီးတိုင် ရောက်မရောက် မေးရာ ဦးဝမ္မသူးမောင်းမှ လွတ်လပ်ရေးမရသေးသမျှ အပြီးတိုင်မရောက်သေးကြောင်း ဖြေကြားခဲ့သည်။ ဗိုလ်ချုပ်မှ အမြင်ချင်း၊ ရည်ရွယ်ချက်ချင်း အားလုံးတူညီကြောင်း၊ ဝမ်းသာအားရကြောင်း ပြောဆိုခဲ့သည်။ တော်လှန်ရေး ကြိုးပမ်းမှုနှင့်တကွ တော်လှန်ရေးပြီးဆုံးအောင်မြင်သည့် အခြေအနေတစ်ခုအတွက် ပြည်မ၏သဘောထားကို ဦးဝမ္မသူးမောင်းက မေးမြန်းရာ–လုပ်ငန်းစဉ်၊ ရည်ရွယ်ချက်ချင်း တူမျှနေသော တော်လှန်ရေးသမား (ဝါ) အဖွဲ့အစည်းဟူသမျှ တန်းတူအခွင့်အရေးချည်းသာဖြစ်ပါမည်၊ ရှေ့လာလတ္တံ့သော လုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ခြင်းသည် ပိုမိုခရီးရောက်မည်ဖြစ်ကြောင်း–ဗိုလ်ချုပ်မှ ဖြေကြားရာတွင် နှစ်ဦးနှစ်ဖက် စည်းမျဉ်းရေးဆွဲရေးမှုကို သဘောတူကြ သည်။ တော်လှန်ရေးလက်တွေ့ဆောင်ရွက်နေသူများ နစ်နာချက်နှင့် ပါတ်သက်၍ တောင်တန်းသား အားလုံးအနက် ချင်းတောင်မှာသာရှိကြောင်း သိပြီးဖြစ်သဖြင့် နောင်အထူးစဉ်းစားမည်ဟု ဗိုလ်ချုပ်ကဆိုပါသည်။

**ချင်းတော်လှန်ရေးတပ်နှင့် ဖက်ဆစ်ဂျပန် တော်လှန်ရေး**

ဦးဝမ္မသူးမောင်း ဌာနေပြန်မရောက်မီ ၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် အင်္ဂလိပ်စစ်တပ် မေဂျာအိုဇင်းနှင့်အဖွဲ့ တောင်ကုန်းရွာသို့ ပြန်လည်ရောက်ရှိကြသည်။ ချင်းတောင်အုပ်ချုပ်ရေးအာဏာကို ပြန်လည် သိမ်းယူသည်ဟု ဆိုသည်။ ယင်းအချိန်၌ ဖက်ဆစ်ဂျပန်များသည် ပြည်မဒေသ၌သာ လွှမ်းမိုးမှုရှိနေသဖြင့် ဦးဝမ္မသူး မောင်းနှင့် ချင်းတော်လှန်ရေးတပ်ဖွဲ့များသည် တိုင်း ၅၊ ၆၊ ၇၊ များနှင့် တွဲဘက်၍ ဖက်ဆစ်တော်လှန်ရေးကို ပြည်မ၌သာဆင်နွှဲကြသည်။ ဦးဝမ္မသူးမောင်းမှာ ပြလို့တိုင်း(၇) ကမ္မနယ်စစ်ဦးစီးဌာနချုပ်တွင် တာဝန်ထမ်းဆောင် သည်။

၁၉၄၅ ခုနှစ်ဩဂုတ်လ (၁၉) ရက်နေ့တွင် ဖက်ဆစ်တော်လှန်ရေးအောင်ပွဲကို နေသူရိန် ဇတ်ရုံတွင် ကျင်းပခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးအပြီး ရန်ကုန် လောင်းဝစ္စလမ်း ပြည်သူ့ရဲဘော်ဌာနချုပ်တွင် ဦးဝမ္မသူးမောင်း တာဝန်ထမ်းဆောင်နေစဉ် အင်္ဂလိပ်က ၎င်း၏ ဝမ္မသူးနေအိမ်ကို မီးရှို့ဖျက်ဆီးခဲ့သည်။

ဗိုလ်ချုပ်နှင့် ဦးဝမ္မသူးမောင်းတို့ ညှိနှိုင်းချက်မှာ အင်္ဂလိပ်ကို နိုင်ငံရေးနည်းလမ်းဖြင့် စေ့စပ်ညှိနှိုင်း၍မရပါက စစ်ရေးနည်းလက်နက်ဖြင့်တော်လှန်ရန်၊ ၁၉၄၇ နှစ်သစ်မကူးမီ ဗိုလ်ချုပ်မှ အင်္ဂလန်သို့ လွတ်လပ်ရေးအရေးဆိုရန်၊ ယင်းမအောင်မြင်ပါက ၁၉၄၇ ဇန္နဝါရီလ (၇) ရက်နေ့တွင် ချင်းတော်လှန်ရေးတပ်ဖွဲ့များကို အခြေပြု၍ လက်နက်ဖြင့် စတင်တော်လှန်ရန် လျို့ဝှက်ချိန်းဆိုခဲ့ကြသည်။ သို့ဖြစ်၍ အဆိုပါဖွဲ့စည်းခဲ့သော ချင်းတော်လှန်ရေးတပ်အင်အားကို ၁၉၄၅၊ ၁၉၄၆၊ ၁၉၄၇ နှစ်များတလျှောက် အသင့်ပြင် ဆင်ထားခဲ့သည်။

ချင်းအမျိုးသားနေ့ ပေါ်ပေါက်လာပုံ နောက်ခံသမိုင်း (အကျဉ်း) စတုတ္ထပိုင်း
* ဆင်းမလားစက္ကူဖြူစီမံကိန်း၊
* တောင်တန်းသားများ ဗိုလ်ချုပ်နှင့် ပထမပင်လုံ၊
* တောင်တန်းသားများနှင့်ဖဆပလ၊
* ဒုတိယပင်လုံနှင့် ပင်လုံစာချုပ်၊
* ချင်း၊ မြန်မာ ချစ်ကြည်ရေး ညီလာခံ၊
* တောင်တန်းသားများ ဒုတိယအကြိမ် ညီလာခံ၊
* တောင်တန်းဒေသ စုံစမ်းရေး ကော်မရှင်၊
* လွတ်လပ်ရေးနှင့် ၄၇ ဥပဒေ၊
* ချင်းတောင် အုပ်ချုပ်ရေးစနစ် ချမှတ်ရေး၊
* ချင်းအမျိုးသားနေ့ သတ်မှတ်ခြင်း၊

**ဆင်းမလားစက္ကူဖြူစီမံကိန်း**

ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၆နှစ်ဦးတွင် အင်္ဂလိပ်အစိုးရ ပြန်လည်ဝင်ရောက်ပြီး မြန်မာနိုင်ငံအုပ်ချုပ်ရေး အတွက် အသင့်ရေးဆွဲပြီး စီမံကိန်းတစ်ခု ပါလာခဲ့ကြသည်။ ယင်းစီမံကိန်းမှာတောင်တန်းနယ်များမပါသည့် ဗမာပြည်ကို အချုပ်အခြာမပိုင်သည့် လွတ်လပ်ရေး၊ ဒိုမီနီယံ **DOMINION** အဆင့်ပေးရန်၊ ယင်းထက်ပို၍ ပေးပါက လည်း အမြင့်ဆုံး ဗြိတိသျှဓနသဟာယအသင်းဝင် **COMMON WEALTH** အဆင့်၌သာ ထားရှိရန်ဖြစ်သည်။ ယင်းတို့၏ အဆိုမှာ ခြွင်းချန်ဧရိယာခေါ် တောင်တန်းဒေသများကိုမူ ယင်းနယ်မြေခံ တိုင်းရင်းသားလူထုကိုယ်တိုင် သီးသီး သန့်သန့် လွတ်လပ်ရေးမတောင်းဆိုသမျှ ဘုရင်ခံလက်အောက် အထူးစီမံခန့်ခွဲ အုပ်ချုပ်ရန်ဖြစ်သည်။

ဗြိတိသျှတို့၏ အဆိုမှာ ဗမာများနှင့် ဓလေ့စရိုက်မတူညီသော ကျန်တိုင်းရင်းသားများ၏ နယ်မြေကို ဗမာပြည်နှင့် မသက်ဆိုင်စေပဲ သီးခြားလွတ်လပ်ရေးပေးရန် ရည်ရွယ်သည်ဟု ဆိုပါသည်။ ချင်းတောင်၊ ကချင်တောင် ဆိုလျှင် ဖွံ့ဖြိုးရေးဘာတစ်ခုမျှ လုပ်မပေးရသေး၊ ဗမာများနှင့် လွတ်လပ်ရေးအတူယူကြလျှင် မင်းတို့အပေါ် ဗိုလ်ကျ စိုးမိုးကြလိမ့်မည်ဟု ဆိုကြသည်။

## တောင်တန်းသားများ ဗိုလ်ချုပ်နှင့် ပထမပင်လုံ

ယင်းနှင့်ပါတ်သက်၍ တောင်တန်းဒေသများမပါသည့် လွတ်လပ်ရေးသည် အရေးပါအရာရောက်သော လွတ်လပ်ရေးမျိုးမဖြစ်နိုင်ဟု ဗိုလ်ချုပ်အောင်ဆန်းမှ အတိအလင်းဝန်ခံသည်။ ၁၉၄၆ခု ဇန္နဝါရီလ(၂၀)ရက်နေ့ ရွှေတိဂုံ အလယ်ပစ္စယံတွင်ကျင်းပသော ဖဆပလ ပထမအကြိမ်ညီလာခံတွင် ဦးဘဘော၏ လုံးဝလွတ်လပ်ရေးအဆိုကို တောင်တန်းနယ် အားလုံးကိုယ်စား ဦးဝမ္မသူးမောင်းမှ တောင်တန်းပြည်မအားလုံး လုံးဝလွတ်လပ်ရေး တစ်ချိန်တည်း ပေးရန် ထောက်ခံဆွေးနွေးသည်။

၁၉၄၆ခုနှစ် မတ်လတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ချင်း၊ ကချင်၊ ရှမ်းခေါင်းဆောင်များ ပင်လုံတွင် ပထမဦးဆုံးအကြိမ်တွေ့ဆုံညှိနှိုင်းခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ဖဆပလအဖွဲ့ချုပ်နှင့် တိုင်းရင်းသား ခေါင်းဆောင်အပေါင်းတို့သည် ပြည်ထောင်စုတိုင်းရင်းသားအားလုံး တစ်စည်းတရုံးတည်း စည်းလုံးစေရန် မနားမနေ ပြင်းပြင်းထန်ထန် လက်တွဲကြိုးပမ်းကြသည်။

## တောင်တန်းသားများနှင့်ဖဆပလ

ဖဆပလအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များကို လူစုခွဲ၍ ဒေသခံကိုယ်စားလှယ်များနှင့်လက်တွဲပြီး တောင်တန်း ဒေသ အသီးသီးသို့ စေလွှတ်ခဲ့သည်။ ကချင်ဗမာ ချစ်ကြည်ရေးခေါင်းဆောင် ဗိုလ်ခင်မောင်ကလေး၊ ရှမ်းဗမာ ချစ်ကြည်ရေးခေါင်းဆောင် ဗိုလ်မှူးအောင်၊ ကရင်ဗမာချစ်ကြည်ရေးခေါင်းဆောင် မန်းဘခိုင်၊ ဘိတ်ထားဝယ် ချစ်ကြည်ရေးခေါင်းဆောင် ဦးဘဆွေတို့ဖြစ်ကာ ချင်းဗမာချစ်ကြည်ရေးအတွက် ဦးဝမ္မသူးမောင်း၊ ဦးဘဆိုင်၊ ဦးမောင်ကလေး၊ ရဲဘော်စံထွန်း၊ ဦးအောင်မင်း၊ ရှယ်ကီး(ခ) ဦးမောင်ကြီးတို့ ချင်းတောင်တန်းတခွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ၁၉၄၇ ဇန္နဝါရီလတွင် စည်းရုံးရေးဟောပြောခဲ့သည်။

မူလ အင်္ဂလိပ်ပြန်ဝင်ကတည်းကပါလာသော **BLACK LIST** စာရင်းတွင် အရင်တစ်ထောင်၊ အသေ ငါးရာ ဟု ဝရမ်းပါရှိသော ဦးဝမ္မသူးမောင်းအား ချင်းမြန်မာချစ်ကြည်ရေး စည်းရုံးဟောပြောရေး ခရီးစဉ်တွင် ခေါင်းဆောင်ရန် အင်္ဂလိပ်အစိုးရမှ ကန့်ကွက်ခဲ့သည်။ ဗိုလ်ချုပ်မှ ခင်ဗျားတို့အကြိုက်လွှတ်ဖို့ မဟုတ်ဘူး၊ ကျုပ်တို့အကြိုက်လွှတ်မယ်ဟု အတိုက်အခံလုပ်ခဲ့ရသည်ဟု ဆိုသည်။

အင်္ဂလိပ်အစိုးရ၏ ဖိတ်ခေါ်ချက်အရ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ ဘိလပ်သို့ လွတ်လပ်ရေးအတွက် သွားရောက်အရေးဆိုရာ ၁၉၄၇ခုနှစ် ဇန္နဝါရီလ (၂၇)ရက်နေ့တွင် အောင်ဆန်းအက်တလီစာချုပ်ကို ချုပ်ဆိုသည်။ ဘိလပ်မှ အပြန် ဗိုလ်ချုပ်မှ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဗြိတိသျှအစိုးရနှင့် နိုင်ငံတော်ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း ဆွေးနွေးသဘောတူညီချက်၊ (၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ(၃)ရက် ညနေ(၃)နာရီ ဖဆပလအဖွဲ့ချုပ်ခန်းမ ဆောင်တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် သတင်းစာဆရာများအား ရှင်းလင်းပြောပြချက်) –

ဘိလပ်မြန်မာဆွေးနွေးပွဲသဘောတူညီချက်အရ စက္ကူဖြူစနစ်များ လုံးလုံးပျက်ပါတယ်။ သို့သော် လွတ်လပ် ရေးတိုက်ပွဲမှာ မပြီးဆုံးသေး၊ ခုသဘောတူတဲ့အတိုင်း အစစအရာရာ ရှောရှောရှူရှူ ပြီးမြောက်ပါက အေးချမ်းသော နည်းဖြင့် ဗမာပြည်လွတ်လပ်ရေးရဘို့ရှိပါတယ်။

ရခဲ့သောအာဏာများ –

ဘိလပ်သို့သွားစဉ်က ဖဆပလက ညွှန်ကြားလိုက်သည့်အတိုင်း၊ တိုင်းပြုပြည်ပြုလွှတ်တော် တိုက်ရိုက်ရွေးကောက်ပွဲပြုလုပ်ရန်နှင့် ကြားဖြတ်အစိုးရအာဏာများလဲ ရရှိခဲ့တယ်။ ကြားဖြတ်အစိုးရအာဏာအတွက် ဥပဒေကိုပြင်ဆင်နေလျှင် ကြာနေမည်ကိုစိုး၍ ဥပဒေအရ တန်ခိုးအာဏာမရသော်လည်း **CONVENTION** ခေါ်ထုံးတမ်းစဉ်လာအားဖြင့် ဆိုပါမူ ဒိုမီနီယံအစိုးရများ ရရှိသော အခွင့်အာဏာများကိုရပါတယ်။

သံတမာန်လွှတ်ရေးကိစ္စ –

နိုင်ငံခြားရေးကိစ္စအတွက်ဆိုလျှင်လည်း ပြည်ထောင်ခြင်း သံတမာန်အလဲအလှယ်လုပ်ဘို့ သူတို့ (ဗြိတိသျှအစိုးရ) လုပ်ပေးပါမယ်လို့ပြောပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂတွင်ပါဝင်နိုင်ဘို့လဲ ထောက်ခံမယ်လို့ပြောပါတယ်။ သံတမာန်ကိစ္စကို ရုရှားသံအမတ်နှင့်လဲ တွေ့ဆုံပြောခဲ့ပါသေးတယ်။

မြန်မာပြည်လေတပ် –

မြန်မာပြည်လေတပ်ကာကွယ်ရေးအတွက် လေတပ်ထားရန်ကိစ္စကို ဗြိတိသျှလေကြောင်းဗိုလ်ချုပ်နှင့်တွေ့ဆုံပြီး ပြောခဲ့ပါတယ်။ မကြာမီလေယဉ်ပျံမောင်းတတ်ပြီးသောသူများနှင့် စတင်ဖွဲ့စည်းဘို့ စီစဉ်ပါမယ်။

စစ်တပ်ရုတ်သိမ်းရေး –

ဗမာပြည်ရှိ နိုင်ငံခြားစစ်တပ်များရုတ်သိမ်းရန်ဆိုသည့်အချက်နှင့် ပါတ်သက်၍ တိုင်းပြုပြည်ပြုလွှတ်တော်က ရုတ်သိမ်းပေးပါလို့ ဆုံးဖြတ်ခဲ့လျှင် သူတို့ရုတ်သိမ်းပေးပါမယ်လို့ပြောပါတယ်။

တောင်တန်းနယ်ကိစ္စ –

တောင်တန်းနယ်ကိစ္စနှင့်ပါတ်သက်လို့တော့ သူတို့သဘောတူတယ်ဆိုရင် လွှတ်လပ်ရေးပေးရမယ်လို့တောင်းတာပဲ၊ ဒါပေမယ့်သူတို့ကိုယ်စားလှယ်မဟုတ်တော့ ကိုယ်စားလှယ်လို့လဲ မပြောရဲ၊ ဒီလိုဆိုလျှင်ဖြင့် သူတို့သဘောတူပါလိမ့်မယ်လို့ပြောရတာပဲ။

အင်္ဂလိပ်အစောင့်အရှောက်နှင့် တောင်တန်းဒေသများကို ဗြိတိသျှအစိုးရက အစောင့်အရှောက် **TRUSTEE SHIP** ယူဘို့ အခွင့်အရေးမရှိ၊ ကျွန်တော်တို့ကလဲမယူ၊ သူတို့ပြည်တွင်းအုပ်ချုပ်ရေးကိုလည်း ကြားဖြတ်အစိုးရလည်း ဝင်မစွက်ဖို့ ပြောခဲ့တဲ့အခါ ဘိလပ်အစိုးရက ကောင်းပြီ သူတို့ကိုမေးကြည့်မယ်၊ သူတို့သဘောတူလျှင်လုပ်မှာပဲလို့ပြောပါတယ်။

အာဏာပိုင်အခွင့်အရေး –

တိုင်းပြုပြည်ပြုလွှတ်တော်နှင့်ပါတ်သက်၍ အာဏာပိုင်အခွင့်အရေးအတွက်တော့ သိပ်ပြီးအတိုက်အခံမပြောပါ၊ အသင့်အတင့်လောက်တော့ပြောပါတယ်၊ သည်ပြဿနာကိုဖိပြီး မပြောရန်လည်း ဖဆပလအလုပ်အမှုဆောင်အဖွဲ့က ညွှန်ကြားလိုက်ပါတယ်။ သည်အတိုင်းဆိုလျှင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို ဧပြီလအတွင်းမှာကျင်းပနိုင်ပါမယ်၊ မေလ(သို့မဟုတ်) ဇွန်လလောက်မှာ တိုင်ပြုပြည်ပြုလွှတ်တော်က ဗမာပြည် ဗြိတိသျှပြည်ထောင်စုအတွင်း နေမနေဆုံးဖြတ်ဘို့ပါပဲ။

ရှေ့လုပ်ရမည့်အလုပ်များ –

ဗြိတိသျှပြည်ထောင်စုအတွင်းနေမည်ဆိုလျှင် အုပ်ချုပ်ရေးစည်းမျဉ်းများကို ဘိလပ်ပါလီမာန်က အတည်ပြုဘို့ တင်ပြရပါမယ်၊ သို့မဟုတ် ပြင်ပမှာနေချင်တယ်ဆိုလျှင် အာဏာလွှဲပြောင်းရေးစာချုပ်ပြုလုပ်ရလိမ့်မည်။ အဲဒီအခါမှာ အချိန်နှောင့်နှေးအောင် လုပ်ချင်လုပ်ကြလိမ့်မည်။ သို့သော် တိုင်းပြုပြည်ပြုလွှတ်တော်က ဗမာပြည်လွှတ်လပ်ရေးကြေညာရန်အတွက် အချိန်ကန့်သတ်ရမှာပဲ၊ အဲသည့်အရေးဟာ လူထုဆုံးဖြတ်ချက်အပေါ် မူတည်ပါတယ်။

လွတ်လပ်ရေးအမှန်ရမယ် –

အမှန်ကတော့ လွတ်လပ်ရေးဟာ ရမှာပဲ၊ အချိန်ကန့်သတ်လို့ ဘယ်လောက်မြန်မြန်ရနိုင်တယ်ဆိုတာ အာဏာလွှဲပြောင်းရန်အတွက် စာချုပ်ချုပ်တဲ့အခါမှာ အရေးကြီးပါတယ်။ ဗမာပြည်နှင့် ဗြိတိသျှအစိုးရတို့ စာချုပ် အပေးအယူသင့်မြတ်ဘို့လိုသလို၊ ရဘို့မှာ နောက်ကထောက်ခံအားပေးတဲ့ လူထုအင်အားရှိမှ ကျွန်တော်တို့ လွတ်လပ်ရေးကိုရမှာ၊ တိုက်ပွဲမပြီးသေးဘူး၊ ဒါကြောင့်မို့ လွတ်လပ်ရေးတိုက်ပွဲဟာမပြီးသေးဘူး၊ သို့သော် တိုက်ပွဲ အခြေအနေ တစ်မျိုးပြောင်းသွားတယ်၊ သည်အတိုင်းအခြေအနေ တိုးတက်ကောင်းမွန်သွားမယ်ဆိုရင် ချေမ်းသာယာ တဲ့နည်းနဲ့ ဗမာပြည်လွတ်လပ်ရေး ရနိုင်ဘွယ်နည်းရှိတယ်။

အားလုံးအသင့်ပြင်ထားကြပါ –

သတင်းစာဆရာများက အကယ်၍သာ အာဏာလွှဲပြောင်းရေးအတွက် စာချုပ်ချုပ်ဆိုရာတွင် ဗြိတိသျှ အစိုးရက တမျိုးတမည်ပြုလုပ်လိုပါက မည်သို့လုပ်ရပါမည်နည်းဟု မေးမြန်းရာ ဗိုလ်ချုပ်အောင်ဆန်းက ဒါကြောင့်မို့ လွတ်လပ်ရေးတိုက်ပွဲဟာ မပြီးသေးဘူးလို့ ကျွန်တော်ပြောတာပေါ့၊ ကျွန်ုပ်တို့အားလုံး အသင့်ပြင်ထား ကြရမယ်။ အဲသည့်အခါကျတော့သူတို့ ပြင်ဘို့ အတော်ခက်ပါလိမ့်မည်။

အိန္ဒိယထက်သာမယ် –

ကြားဖြတ်အစိုးရရှိမည့်အာဏာမှာ အိန္ဒိယအစိုးရထက်သာလျှင်သာမယ်၊ မလျော့ဘူးဆိုတာကို အိန္ဒိယ ပြည်ကိုရောက်လာတဲ့အတွက် ရဲရဲဝံ့ဝံ့ ပြောနိုင်တယ်။

စက္ကူဖြူစနစ်ပျက်ပြီ –

ယ္ခုသဘောတူညီချက်အရ စက္ကူဖြူစနစ်ပျက်ပါသည်။ စက္ကူဖြူစနစ်အရမှာ ဘာမှ မရခဲ့ကြောင်း၊ ဗမာပြည် စစ်တပ်ဆိုင်ရာတွင် တိုင်းရင်းသားစစ်တပ်၊ ဗမာပြည်ရေတပ်စသည်တို့မှာ ဗမာပြည်ကြားဖြတ်အစိုးရလက်အောက် ရောက်မည့်အပြင်၊ စစ်တပ်အသစ်များကို ထူထောင်နိုင်ရန်အခွင့်အရေးများလည်း ရရှိမည်ဖြစ်ကြောင်း၊

**(အထက်ပါ သတင်းစာရှင်းလင်းပွဲဖေါ်ပြချက်များကို ဦးဝမ္ပသူးမောင်း၏ ကိုယ်တိုင်ရေးမှတ်တမ်း စာသားများအတိုင်း ဖေါ်ပြခြင်းဖြစ်ပါသည်။ ယင်းသတင်းစာရှင်းလင်းပွဲမှတ်တမ်းများ၏ အောက်၌ ဦးဝမ္ပသူးမောင်းမှ– ဤတွင် ဗမာပြည်လွတ်လပ်ရေး အတွက် တောင်တန်းဒေသများနှင့်စပ်လျဉ်း၍ အရေးကြီးသည့် အချက်အလက်များ ပါဝင်နိုင်၍ မိတ္တူအမှန်ကူးထားခြင်းဖြစ်သည် ဟုမှတ်ချက်ဖေါ်ပြထားပါသည်။)**

ဖဆပလသတင်းစဉ်အထူးထုတ်၌လည်း ၁၉၄၇ခုနှစ် ဇန္နဝါရီလ – တောင်တန်းနယ်များအတွက် ဗမာပြည် လူထုကိုယ်စား ဖဆပလကြေညာချက်ကို အောက်ပါအတိုင်းထုတ်ပြန်ထားသည်။

လွတ်လပ်ဘို့သာအလိုရှိသည် – ကျွန်ုပ်တို့သည် တောင်တန်းနယ်များကို ကျွန်ုပ်တို့နှင့် အတင်းပူးပေါင်းခြင်း ကို အလိုမရှိ၊ တောင်တန်းနယ်များက မိမိတို့အလိုအလျောက်ပူးပေါင်းချင်မှ ပူးပေါင်းခြင်းကိုသာအလိုရှိသည်။ တောင်တန်းနယ်များကို ဗမာပြည်နှင့်ပူးပေါင်းသည်ဖြစ်စေ၊ မပူးပေါင်းသည်ဖြစ်စေ၊ ကျွန်ုပ်တို့၏ အကြီးဆုံးသော လိုလားချက်သည် ထိုတောင်တန်းနယ်များ၏ လုံးဝလွတ်လပ်ခွင့်ကို အင်္ဂလိပ်တို့က ချက်ခြင်းအသိအမှတ်ပြုရန် ပင်ဖြစ်သည်။ အီဂျစ်၊ အိန္ဒိယ၊ အင်ဒိုချိုင်းနားအစရှိသော လက်အောက်ခံနိုင်ငံများ လွတ်လပ်ကြဘိသကဲ့သို့၊ ကျွန်ုပ်တို့၏ သွေးချင်းသားချင်းဖြစ်ကြသော ချင်း၊ ဂိုန်းဖေါ၊ ကရင်နီတိုင်းရင်းသားများသည်လည်း အလျှင်အမြန် လွတ်လပ်ကြရန် ကျွန်ုပ်တို့ပြင်းပြစွာ အလိုရှိသည်။

နယ်ချဲ့စနစ်ပျောက်တော့မည် – သွေးစည်းကြလော့၊ ကမ္ဘာကြီးသည် ယခုအထိ အထူးပြောင်းလဲလျက် ရှိလေ၏။ အခြားနိုင်ငံများကို သွားရောက်အုပ်ချုပ်နေသော နယ်ချဲ့စနစ်ကြီးသည် ပြိုပျက်လျှက်ရှိပေပြီ၊ လက်အောက် ခံ နိုင်ငံသူနိုင်ငံသားတို့ စည်းလုံးညီညွတ်မိသည်နှင့်တပြိုင်နက် ထိုနယ်ချဲ့စနစ်ကြီးသည် ဤကမ္ဘာကြီးမှ တခါတည်း

ပျောက်ကွယ်သွားရပေလိမ့်မည်။ ထို့ကြောင့် လက်အောက်ခံတိုင်းရင်းသူတိုင်းရင်းသားအချင်းချင်း သွေးစည်းကြလော့၊ အင်္ဂလိပ်တို့၏ သွေးခွဲစနစ်အိုးကြီး ဝိုင်း၍ဖျက်ကြလော့၊

ဖဆပလအဖွဲ့ချုပ်ကြီး၏ သဘောထား– ဗမာပြည်တွင် အင်အားအကြီးမားဆုံးဖြစ်သော ဖဆပလအဖွဲ့ချုပ်ကြီးသည် တောင်တန်းနယ်များနှင့်ပါတ်သက်၍ အောက်ပါအတိုင်းစည်းမျဉ်းရေးဆွဲထားလေသည်။

ဖဆပလ အဖွဲ့ချုပ်စည်းမျဉ်းဥပဒေအခဏ်း(၁)အပိုဒ်(၃)
ရည်ရွယ်ချက်များ
(က) လူမျိုးတစ်မျိုးသည် မိမိတို့၏ကြမ္မာကို မိမိတို့သာလျှင် ဖန်တီးနိုင်ခွင့်ရှိသည့်အားလျော်စွာ အမျိုးသားအားလုံး၏ လုံးဝလွတ်လပ်ရေးရရှိရန်အလို့ငှာ ဗမာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံး၊ ၎င်းတို့မှ သက်ဆင်းပေါက်ဖွားသူများ၊ တိုင်းရင်းသားအဖြစ်ခံယူရရှိသူအပေါင်းကို ညီညွတ်စည်းရုံးစေရန်၊
(ခ ) ဗမာပြည်ကို ဗမာပြည်ရှိ တိုင်းရင်းသားလူမျိုးအသီးသီးတို့ အားလုံးသဘောတူလွတ်လပ်စွာ ဖွဲ့စည်းသော တိုင်းပြည်ကြီးထူထောင်ရန်၊
(ဂ ) ဗမာနိုင်ငံကို တိုင်းသူပြည်သားလူအများ၏ ဆန္ဒအတိုင်းပြန်လည်ထူထောင်ရန်၊
ဤရည်ရွယ်ချက်အတိုင်း ဖဆပလက အောက်ပါအတိုင်းဆောင်ရွက်မည်။
၁။ (က) ဗမာပြည်ကိုလုံးဝလွတ်လပ်ရေးပေးသည်နှင့်တပြိုင်နက်တည်းတွင် ရှမ်း၊ ချင်း၊ ကချင်၊ နာဂနယ်များကို လုံးဝလွတ်လပ်ခွင့်ပေးရန်၊
(ခ) ၎င်းပြင် စက္ကူပေါ်တွင်သာ လွတ်လပ်သော ကရင်နီပြည်နယ်ကိုလည်း လုံးဝလွတ်လပ်ခွင့် တချိန်တည်း ပေးရန်၊
၂။ ရှင်း၊ ကရင်၊ ကချင်၊ ချင်း၊ ဗမာစသော တိုင်းရင်းသားအားလုံးပါဝင်သည့် ဗမာပြည်ထောင်စုနိုင်ငံ တည်ထောင်နိုင်ရန်အတွက် မည်ကဲ့သို့တည်ထောင်မည်ကို လွတ်လပ်သော ဗမာပြည်မ၏ ခေါင်းဆောင်များနှင့် လွတ်လပ်သောတောင်တန်းနယ်မှ ခေါင်းဆောင်များတို့ ဆွေးနွေးစေ့စပ်မည်၊ ဖဆပလအဖွဲ့ချုပ်ကြီး၏ သဘောမှာ လူမျိုးဦးရေသန်းပေါင်းလေးရာကျော်စီရှိသည့် တရုတ်ပြည်ကြီးနှင့်ကုလားပြည်ကြီးကြားတွင်ညပ်နေသော လူဦးရေ (၁၇)သန်းသာရှိသည့် ဗမာပြည်သည် အစိတ်စိတ်အမွှာမွှာမဖြစ်ပဲ အင်အားတောင့်တင်းသော တိုင်းရင်းသားစုံပါသည့် ပြည်ထောင်စုနိုင်ငံ၊ ဗမာပြည်ဖြစ်သည်ကို လိုလားသည်။ သို့မှသာလျှင် နွားကွဲကျားကိုက်မဖြစ်ပဲ ရှမ်း၊ ကရင်၊ ချင်း၊ ကချင်၊ ဗမာ အစရှိသည့် တိုင်းရင်းသားလူမျိုးတိုင်း၊ အညီအညွတ် ကြီးပွားတိုးတက်မည်။ ကမ္ဘာတွင် အခြားလွတ်လပ်သော နိုင်ငံများနှင့် ဂုဏ်ရည်တူဆက်သွယ်ယှဉ်ပြိုင်နိုင်မည်။

ဤလွတ်လပ်သော ဗမာပြည်ထောင်စုတွင် တောင်တန်းနယ်များကပါမည်ဆိုလျှင် အောက်ပါအခွင့်အရေးများကို တောင်တန်းများကိုပေးရမည်။
(၁) ကရင်နီပြည်၊ ရှမ်း၊ ချင်း၊ ကချင်၊ နာဂနယ်များကို မိမိတို့၏ ပြည်နယ်အတိုင်း မိမိတို့လူမျိုးအချင်းချင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိရမည်။ ကာကွယ်ရေး၊ နိုင်ငံခြားရေး လမ်းပမ်းဆက်သွယ်ရေးအစရှိသော ဗဟိုအစိုးရမှ ကိုင်ထားသောဌာနများမှလွဲ၍ ကျန်ဌာနများတွင် အသီးသီးက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိရမည်။ ဗဟိုအစိုးရဆိုသည်မှာ အခြားမဟုတ်၊ ဗမာပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားအားလုံးက ရွေးကောက်တင်မြှောက်ထားသော အစိုးရအဖွဲ့ပင်ဖြစ်သည်။ အုပ်ချုပ်ရေးအကြီးအကဲသည်လည်းကောင်း၊ အမှုထမ်း အရာထမ်းများသည်လည်းကောင်း၊ မိမိတို့တိုင်းရင်းသားလူမျိုးချည့်ဖြစ်ရမည်။
(၂) တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုကို အားပေးရမည်။ စာပေကိုမြှင့်တင်ရမည်။ ရှမ်း၊ ကရင်၊ ချင်း၊ ကချင်၊ နာဂနယ်များကို စာသင်ကျောင်းများဖွင့်ပေးရမည်။
(၃) မိမိတို့ ကိုးကွယ်လိုသော ဘာသာကို လွတ်လပ်စွာ ကိုးကွယ်နိုင်ရမည်၊ သို့သော် တောင်တန်းနယ်များသည် ဗမာပြည်မနှင့်ပေါင်း၍ ပြည်ထောင်စုအစိုးရ တည်ထောင်သင့်မသင့်ဟူသော ပြဿနာကို တောင်တန်းနယ်သူ

တောင်တန်းနယ်သားများကသာ ဆုံးဖြတ်ကြရန်ဖြစ်သည်။ မိမိတို့သဘော ဆန္ဒအလျောက် ဗမာပြည်မနှင့် မပေါင်းလို မတွဲလိုပဲ သီးသန့်ခွဲထွက်လိုလျှင်လည်း ဗမာပြည်မက မည်ကဲ့သို့မျှ တားမည်မဟုတ်၊

ယခုလက်ငင်း ဖဆပလက ပြုလုပ်ပေးမည့်အချက်များ–

၁။ ဗမာပြည်မကြီးသည်လည်းကောင်း၊ တောင်တန်းနယ်များသည်လည်းကောင်း၊ လွတ်လပ်သောပြည် တည်ထောင်ရန်အတွက် တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ဆိုနိုင်သောအချိန် မရောက်မှီအတွင်း တောင်တန်းနယ်ရှိတိုင်းရင်းသားတို့သည် အင်္ဂလိပ်မျက်နှာဖြူအစိုးရ အရာရှိများအောက်တွင် မကျရောက်ပဲ မိမိတို့နယ်ကို အုပ်ချုပ်နိုင်ရန်အတွက်လည်းကောင်း၊ ဗမာလူမျိုးများနှင့် တောင်တန်းနယ်ရှိ တိုင်းရင်းသားတို့ တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးနိုင်စေရန်အတွက်လည်းကောင်း၊ တောင်တန်းနယ်မှ ပုဂ္ဂိုလ်တစ်ဦးကို ဘုရင်ခံအတိုင်ပင်ခံ ဝန်ကြီးတစ်ဦးအဖြစ်လည်းကောင်း၊ ခန့်ထား၍ တောင်တန်းနယ်များကို အုပ်ချုပ်စေရန်၊ အခြားသင့်တော်သော ပုဂ္ဂိုလ်သုံးဦးလေးဦးကိုလည်း ဒုတိယဝန်ကြီးအဖြစ် ခန့်ထားရန်၊ အင်္ဂလိပ်အစိုးရအား တောင်းဆိုနေသည်။ ဘိလပ်တွင်လည်း ဗမာကိုယ်စားလှယ်များက အပြင်းအထန်ဆက်လက်တောင်းဆိုနေသည်။

၂။ တနှစ်လျှင် ရှမ်းနယ်၊ ကရင်နီ၊ ချင်း၊ ဂျိန်းဖေါ၊ နာဂနယ်များမှ ကျောင်းသားများ (၁၀၀၀)ထက်မနည်း အစိုးရစားရိတ်နှင့် ရန်ကုန်၊ မန္တလေးမြို့များရှိ ကျောင်းကြီးများသို့ ပညာသင်လွှတ်ပေးရန်၊ သင့်တော်သော ကျောင်းသားများကို အင်္ဂလိပ်၊ အမေရိကန်၊ ဥရောပတိုက်သို့ ပညာသင်လွှတ်ပေးရန်၊ အစိုးရအားတောင်းဆိုမည်၊ ထိုနယ်များတွင် အစိုးရစာသင်ကျောင်းများ အမြန်ဖွင့်ပေးရန် အစိုးရအားတောင်းဆိုမည်။

၃။ လမ်းများဖေါက်ပေးရန်နှင့် ဆေးရုံများအနှံ့အပြားဖွင့်လှစ်ပေးရန်အစိုးရအား တောင်းဆိုမည်။

၄။ ယခုလက်ရှိနယ်ခြားအရာရှိများနေရာတွင် တောင်တန်းသား၊ ပညာတတ်များအပြားခန့်ပေးထားရန် တောင်းဆိုမည်။

**(ဖဆပလကြေညာချက်ကို ဦးဝမ္ဘသူးမောင်း၏ မှတ်တမ်းစာသားအတိုင်းဖေါ်ပြပါသည်။ အထက်ပါစာမူမှာ ဖဆပလပုံနှိပ်တိုက်တွင် မောင်စောမောင်က ရိုက်နှိပ်၍ ဦးတင်မောင်က ထုတ်ဝေသည်ဟု ဦးဝမ္ဘသူးမောင်းမှ မှတ်ချက် ဖေါ်ပြထားပါသည်။)**

## ဒုတိယပင်လုံနှင့်ပင်လုံစာချုပ်

အဆိုပါကာလအထိ အခြေအနေမှာ တောင်တန်းပြည်မအားလုံး အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်ရေးရရှိရန်အတွက် လုံးဝဥဿုံပြီးပြည့်စုံ၍ လိုလောက်စိတ်ချရသောအဆင့်သို့ ရာနှုန်းပြည့်ရောက်ရှိခြင်းကား မရှိသေးချေ။ အကြောင်းမူကား တောင်တန်းသားများ၏ သဘောတူညီချက် စာချုပ်တစ်ရပ်ရှိမှသာလျှင် တောင်တန်းပြည်မအားလုံးပါဝင်သော အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်ရေးကို ရရှိမည်ဖြစ်သည်။ သို့ဖြစ်၍ ၁၉၄၇ခုနှစ် ဖေဖေါ်ဝါရီလ(၇)ရက်နေ့တွင်စတင်၍ အင်္ဂလိပ်ကိုယ်စားလှယ်များ ချင်း၊ ကချင်၊ ရှမ်းကိုယ်စားလှယ်များနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ပင်လုံတွင်ဒုတိယအကြိမ် ပြန်လည်တွေ့ဆုံဆွေးနွေးခဲ့ကြပြန်သည်။ ယင်း၁၉၄၇ခုနှစ် ဖေဖေါ် ဝါရီလ (၇)ရက်နေ့အစည်းအဝေး ဆုံးဖြတ်ချက်များမှာ–

၁။ ဗမာများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ရှမ်း၊ ချင်း၊ ကချင်အမျိုးသားတို့၏ လွတ်လပ်ရေးသည် ပိုမို၍ လျှင်မြန်စွာ ရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း၊

၂။ ဒီမိုကရေစီစနစ်အရ ဗမာလူမျိုးတို့ရရှိနေသည့် အဆင့်အတန်း၊ အခွင့်အရေးနှင့် အကျိုးစီးပွားများကဲ့သို့ ရှမ်း၊ ချင်း၊ ကချင်တို့လည်း ရရှိခံစားရန်လိုလားကြောင်း၊

၃။ ရှမ်း၊ ချင်း၊ ကချင် အမှုဆောင်ဝန်ကြီးများသည် မိမိတို့နှင့်သက်ဆိုင်ရာပြည်တွင်းရေးကိစ္စအဝဝတို့တွင် မိမိတို့သာလျှင် တာဝန်ခံ၍ အများနှင့်သက်ဆိုင်ရာကိစ္စများ (ကာကွယ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေး၊ မီးရထား၊ ဆိပ်ကမ်းခွန်) စသည်တို့ကို ဗမာများနှင့်ပူးပေါင်းတာဝန်ခံလိုကြောင်း ဟူ၍ဖြစ်သည်။

အစည်းအဝေးကို ၁၉၄၇ခုနှစ် ဖေဖေါ်ဝါရီလ(၁၂)ရက်နေ့အထိ ကျင်းပသည်။ ယင်းနေ့တွင် စာချုပ်တစ်ရပ်ကိုလည်း ချုပ်ဆိုဖြစ်ကြသည်။ ပင်လုံစာချုပ်ဟုခေါ်သည်။ အထိမ်းအမှတ်ကျောက်တိုင်ကိုလည်း စိုက်ထူကြသည်။

ပင်လုံကျောက်တိုင်ဟုခေါ်တွင်သည်။ ယင်း၁၉၄၇ခုနှစ်ဖေဖေါ်ဝါရီလ (၁၂)ရက်နေ့အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားသော မိန့်ခွန်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ပင်လုံအစည်းအဝေးသို့အကြောင်းနှစ်မျိုးကြောင့်လာရောက်ရကြောင်း၊ ပထမမှာ မြန်မာပြည်လူမျိုးများ ညီညွတ်ရေးအတွက်ဖြစ်၍ အခြားအကြောင်းမှာ လန်ဒန်ဆွေးနွေးပွဲ၌ တောင်တန်းဒေသနှင့်ပါတ်သက်၍ မည်သို့ဆောင်ရွက်လုပ်ကိုင်ခဲ့သည်ကို ပြောဆိုရှင်းလင်းပြရန်ဖြစ်ကြောင်း၊

ဗမာ့လွတ်လပ်ရေးရပြီ – ကမ္ဘာ့နိုင်ငံရေးအရ မြန်မာပြည်ရှိလူမျိုးအားလုံးမှာ ညီညွတ်ရန်လိုအပ်ကြောင်း၊ တနည်းအားဖြင့်ဆိုလျှင် ဗမာပြည်လွတ်လပ်ရေးမှာ ရပြီဟု ဆိုနိုင်ကြောင်း၊ ယခုကျန်ရှိနေသော ပြဿနာမှာ တောင်တန်းနယ် ကိစ္စပင်ဖြစ်ကြောင်း၊

ကိုယ့်နယ်ကိုယ်အုပ်ချုပ် – ဘိလပ်ဆွေးနွေးပွဲ၌ မြန်မာကိုယ်စားလှယ်များက တောင်တန်းနယ်လွတ်လပ်ရေးကို တချိန်တည်းမပေးခဲ့လျှင် မြန်မာပြည်လွတ်လပ်ရေးမှာလည်း တကယ့်လွတ်လပ်ရေး မဖြစ်နိုင်ဟုပြောဆိုခဲ့ကြောင်း၊ တောင်တန်းနယ်ကို ဗြိတိသျှတို့က တိုက်ရိုက်အုပ်ချုပ်ခြင်းကို မြန်မာလူမျိုးများက မကြိုက်ကြောင်း၊ တောင်တန်းနယ်ကို တောင်တန်းလူမျိုးများသာ အုပ်ချုပ်စိုးမိုးခြင်းကို မြန်မာများက ကြိုက်ကြောင်း၊

တန်းတူစေလို၍ – ဗြိတိသျှတို့က တောင်တန်းလူမျိုးများသည် အောက်ကျနောက်ကျနေသေးသဖြင့် လွတ်လပ်ရေးနှင့် မတန်ဟု ထင်ကြောင်း၊ ထိုသို့ထင်မြင်ချက်ကို မြန်မာများ သဘောမတူကြောင်း၊ မြန်မာပြည် လွတ်လပ်ရေးရသည်နှင့်တပြိုင်နက် တောင်တန်းနယ် လွတ်လပ်ရေးရရမည်ဟု မြန်မာများက ထင်မြင်ကြောင်း၊ မြန်မာများသည် တောင်တန်းဒေသအတွက်ပြောဆိုခြင်းမှာ အုပ်ချုပ်စိုးမိုးလို၍မဟုတ်၊ သို့ရာတွင် တောင်တန်းနယ်များသည် မြန်မာပြည်နှင့် တန်းတူအခွင့်အရေး အဆင့်အတန်းရစေလိုကြောင်းသာဖြစ်ကြောင်း၊ မြန်မာများသည် ဗြိတိသျှကျွန် မဖြစ်လိုကြောင်း၊ ထိုနည်းတူစွာ တောင်တန်းလူမျိုးများလည်း ဗြိတိသျှကျွန်များအဖြစ် မရောက်စေလိုကြောင်း၊ ထို့ပြင် တောင်တန်းလူမျိုးများသည် မြန်မာကျွန် မဖြစ်စေလိုကြောင်း၊

တောင်တန်းစီမံအုပ်ချုပ်ရေး – တောင်တန်းနယ်စီမံအုပ်ချုပ်ရေးမှာ ကောင်စီ၏လက်ထဲတွင် ရှိလိမ့်မည်ဖြစ်ကြောင်း၊ ထိုကောင်စီအဖွဲ့ထဲ၌ တောင်တန်းနယ်မှ ကိုယ်စားလှယ်တစ်ယောက်ရှိလိမ့်မည်ဖြစ်ရာ ၄င်း၏လက်ထဲမှာသာ ထိုအုပ်ချုပ်ရေးရှိမည်ဖြစ်ကြောင်း၊

ဗမာပြည်ကိုစွန့်ခွာရတော့မည် – ဗြိတိန်မှာ ဗမာပြည်၌ ကြာရှည်စွာအုပ်စိုးရန် အခွင့်အခါမရှိတော့ကြောင်း၊ စောစော(သို့မဟုတ်) အနည်းငယ်ကြာလျှင် ၄င်းတို့သည် မြန်မာပြည်ကိုစွန့်လွှတ်ရတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျွန်ုပ်တို့သည် အဆင်သင့်ရှိရမည့်အပြင် ကျွန်ုပ်တို့ကိုယ်ကို အားကိုးအားထားလုပ်ရမည်ဖြစ်ကြောင်း ထိုနေရာ၌ ညီညွတ်ရေးမှာ လွန်စွာပင်လိုအပ်ကြောင်း၊ လွတ်လပ်ရေးရပြီးသောအခါမှပင်၊ အဆင့်အတန်းမြင့်နိုင်ကြောင်း လွတ်လပ်ရေးမရလျှင် လက်ရှိအောက်ကျနောက်ကျဖြစ်နေသော အဆင့်အတန်းကို မြှင့်တင်ရန် မဖြစ်နိုင်ကြောင်း၊

ချောက်လျှင်မကြောက်ပါနှင့် – လူဖြူဖြစ်စေ၊လူမဲဖြစ်စေ မည်သူ့ကိုမဆိုမကြောက်နှင့် ၄င်းတို့က တောင်တန်းလူမျိုးများကိုမေးခဲ့လျှင် တောင်တန်းလူမျိုးများက လွတ်လပ်ရေးကိုလိုချင်တယ်ဟု ပြောရမည်ဖြစ်ကြောင်း၊ ချောက်လျှင်မကြောက်ကြနှင့်၊ ချော့လျှင်လည်းမပျော့ကြနှင့်၊ တောင်တန်းလူမျိုးများသည် မြန်မာပြည်ကဲ့သို့ တူညီသောအဆင့်အတန်းကို လိုချင်သည်ဟုပြောရမည်ဖြစ်ကြောင်း၊ ဒါကိုယနေ့ပြောလိုက်လျှင် နက်ဖြန်အဆွေတို့ လွတ်လပ်ရေးရမည်ဖြစ်ကြောင်း၊

ဤကား ဗမာလူထုကိုယ်စား ဗိုလ်ချုပ်အောင်ဆန်းက တောင်တန်းသားတို့အား ကတိပြုပေးခြင်းပင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံရေးအရဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းမှာ ဒုတိယကမ္ဘာစစ်ကြီးတွင် ကမ္ဘာ့ကုလသမဂ္ဂအကောင်အထည်ပြန်ထုတ်ဖေါ်ရာ အတ္တလန္တိတ်ချာတာ၊ ဆန်ဖရန်စစ္စကို၊ တန်ပါတန်အုပ်၊ ရော်တာကွန်ဖရင့်များ၌ လူမျိုး တစ်မျိုးသည် အခြားလူမျိုးကိုလည်းကောင်း၊ တိုင်းပြည်တစ်ခုသည် အခြားတိုင်းပြည်တစ်ခုအားလည်းကောင်း၊ လွှမ်းမိုးချုပ်ချယ်အုပ်ချုပ်ခြင်းကြောင့် ကမ္ဘာစစ်မီးဖြစ်ရသည်။ လူများသေကြေပျက်စီးဆုံးရှုံးရသည်၊ သို့ဖြစ်သောကြောင့် ဤဒုတိယကမ္ဘာစစ်ကြီးပြီးသည်နှင့်အမျှ လူမျိုးတိုင်းစေ့ လူတိုင်းစေ့၏ လွတ်လပ်ခွင့်ရှိစေရပါမည်။ သို့ဖြစ်

သောကြောင့် ဤ ဒုတိယကမ္ဘာစစ်ကြီးသည် တိုင်းပြည်တိုင်း၊လူမျိုးတိုင်းတို့က မိမိတို့အသက အသက၊ လွတ်လပ်ရေးအတွက်တိုက်သော တိုက်ပွဲဖြစ်စေရမည်ဟူသော ကြေညာချက်ကိုမှီး၍ ဟောပြောပုံရသည်ဟု ယူဆဘွယ်ဖြစ်သည်ဟု ဦးဝမ္မသူးမောင်းမှ ၄င်းကိုယ်တိုင်ရေးမှတ်တမ်းတွင် မှတ်ချက်ပြုထားသည်။

၁၉၄၇ခုနှစ် ဖေဖေါ်ဝါရီလ(၁၂)ရက်နေ့ ချုပ်ဆိုသော ပင်လုံစာချုပ်၏ ဖေါ်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

မြန်မာဘုရင်ခံ၏ အမှုဆောင်ကောင်စီမှ အဖွဲ့ဝင်အချို့နှင့် စဝ်ဖများအားလုံးတို့အပြင် ရှမ်းပြည်နယ်၊ ကချင်နှင့် ချင်းတောင်တန်းဒေသတို့မှ ကိုယ်စားလှယ်များတက်ရောက်သော၊ ပင်လုံမြို့တွင်ကျင်းပသည့် အစည်းအဝေးကြီးတရပ်တွင် ကြားဖြတ်အစိုးရနှင့် ချက်ခြင်းပူးပေါင်းခြင်းအားဖြင့် ရှမ်းပြည်၊ ကချင်နှင့်ချင်းတို့သည် လွတ်လပ်ရေးကို ပိုမိုလျှင်မြန်စွာရရှိလိမ့်မည်ဟု အစည်းအဝေးတက်ရောက်သူအဖွဲ့ဝင်တို့က ယုံကြည်ကြသည့်အတိုင်း အစည်းအဝေးတက်ရောက်သူအဖွဲ့ဝင်တို့သည် ကန့်ကွက်သူမရှိပဲ အောက်ပါအတိုင်းသဘောတူကြသည်။

၁။ တောင်တန်းသားများစည်းလုံးညီညွတ်ရေးအဖွဲ့ (တစညဖ)ကြီးကိုင်အဖွဲ့ကိုယ်စားလှယ်များ၏ ထောက်ခံချက်အရ၊ တောင်တန်းသားများ၏ ကိုယ်စားလှယ်တစ်ဦးကို ဘုရင်ခံကရွေးချယ်၍ တောင်တန်းဒေသကိစ္စများ ဆောင်ရွက်ရန်အတွက် ဘုရင်ခံ၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ်ခန့်ထားရမည်။

၂။ ဤအတိုင်ပင်ခံပုဂ္ဂိုလ်ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ဌာနလက်ကိုင်မရှိ ကောင်စီဝင်တစ်ဦးအဖြစ်ခန့်ထား၍ တောင်တန်းဒေသကာကွယ်ရေး၊ ပြည်ပဆက်ဆံရေးကိစ္စရပ်များကို၊ ဘုရင်ခံအစိုးရတွင်ထားရမည်။ အတိုင်ပင်ခံပုဂ္ဂိုလ်အား အုပ်ချုပ်ရေးအာဏာကိုပေးရမည်။

၃။ တောင်တန်းဒေသအတိုင်ပင်ခံပုဂ္ဂိုလ်ကို ၄င်းနှင့်လူမျိုးချင်းမတူသော ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးက ကူညီစေရမည်။ ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးသည် ၄င်းတို့အသီးသီးသက်ဆိုင်သည့်နယ်များ၏ ကိစ္စရပ်များကို ဆောင်ရွက်ရန်ဖြစ်၍ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နယ်စပ်ဒေသအားလုံး၏ကိစ္စရပ်များကို ဆောင်ရွက်ရန်ဖြစ်သည်။ သို့သော်သုံးဦးသားသည် ပူးတွဲတာဝန်ယူရမည်။

၄။ အစိုးရအဖွဲ့တွင် ကောင်စီလူကြီးတစ်ဦးတည်းသာ တောင်တန်းဒေသကိုယ်စားလှယ်အဖြစ် ပါဝင်သော်လည်း တောင်တန်းဒေသအရေးကို ဆွေးနွေးသည့်အစည်းအဝေးတွင် ဒုတိယကောင်စီလူကြီးနှစ်ဦးအား တက်ရောက်ခွင့်ရှိစေရမည်။

၅။ ယင်းသို့သဘောတူကြသော်လည်း ဒေသဆိုင်ရာနယ်ပယ်ရှင်တို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို မည်သည့်နည်းနှင့်မဆို တစုံတရာလက်လွှတ်စေရန် အဆိုပါကောင်စီက ပြုလုပ်ခြင်းမရှိစေရ၊ တောင်တန်းဒေသများ အုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးရာနှုန်းအပြည့်ရှိရမည်ဟူသော မူကိုသဘောတူကြသည်။

၆။ သီးသန့်ကချင်ပြည်နယ်ထူထောင်ရေးမှာ တိုင်းပြည်ပြုလွှတ်တော်ကသာ ဆုံးဖြတ်ခွင့်ရှိသော ပြဿနာဖြစ်သော်လည်း ယင်းသို့သော ပြည်နယ်တစ်ခုရှိသင့်သည်ဟု အညီအညွတ်သဘောတူကြသည်။

၇။ ဒီမိုကရေစီနည်းစနစ်အရ ခံစားထိုက်သောအဆင့်အတန်း၊ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို တောင်တန်းသားတို့အားခံစားခွင့်ရှိစေရမည်။

၈။ မြန်မာနိုင်ငံတော်လုံးဝလွတ်လပ်ရေးရရှိရေးအတွက် ဗမာပြည်မနှင့် တောင်တန်းဒေသအားလုံး ပူးပေါင်းဆောင်ရွက်ရန်နှင့်အချုပ်အခြာအာဏာပိုင်လွတ်လပ်သောနိုင်ငံတော်မဖြစ်မခြင်း ကြိုးစားဆောင်ရွက်ကြရမည်။

၉။ မြန်မာနိုင်ငံတော်သည် အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်သော နိုင်ငံတော်အဖြစ်သို့ ရောက်ရှိလာသောအခါ မြန်မာနိုင်ငံတော်သား အားလုံးတို့သည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း တည်းဟူသော လောကပါလတရားများကို အခြေပြုသော အခွင့်အရေးဟူသမျှတို့ကို ညီတူညီမျှခံစား၊ စံစား ကြရမည်။

၁၀။ ပြည်နယ်သားများသည် မိမိတို့၏ ပြည်နယ်ဒေသများကို ကိုယ်ပိုင်အုပ်ချုပ်ရေးများရရှိစေရမည်။ ပြည်နယ်အချင်းချင်းတို့သည် ဒေသဆိုင်ရာ၊ တပြည်နယ်နှင့်တပြည်နယ် ဖက်စွက်ပါဝင်ခြင်းမရှိစေရ၊ သို့ရာတွင် ပြည်နယ်အသီးသီးစုပေါင်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ဖွဲ့စည်းတည်ထောင်ကြရမည်။

၁၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံနည်းဥပဒေ ရေးဆွဲရာတွင် နိုင်ငံတော်သားအလားလုံးပါဝင်လာသည်နှင့်အညီ နိုင်ငံတော်သားဟူသမျှတို့သည် မည်သည့်အခွင့်အရေးတွင်မဆို ညီတူညီမျှရှိစေရမည်။

၁၂။ မည်သည့်အချိန်အခါမျိုးတွင်မဆို မြန်မာနိုင်ငံတော်၏ တိုင်းရင်းသူ တိုင်းရင်းသားအားလုံးတို့၏ ချစ်ကြည်ရေးနှင့် စည်းလုံးညီညွတ်ရေးများကို အစွမ်းကုန်ဦးစားပေး၍ ဆောင်ရွက်ကြရမည်။
၁၃။ ဤစာချုပ်ပါအချက်များကို ဖေါက်ဖျက်သူတို့အား သစ္စာတည်ရှိကြသော လူမျိုးပြည်နယ်များမှ ကောင်းမွန်ပြေလည်အောင် ဝိုင်းဝန်းဖြေရှင်းကြရမည်။
၁၄။ မိမိလူမျိုး၊ ပြည်နယ်အဖွဲ့အစည်းနှင့်သာ ပြည်ထောင်စုအတွင်းသို့ ဝင်ရောက်ပါဝင်၍ ပြည်ထောင်စုကြီးအား ထိမ်းသိမ်းကာကွယ်ကြရမည်ဟူသော စာချုပ်များကို ၁၉၄၇ခုနှစ် ဖေဖေါ်ဝါရီလ(၁၂)ရက်နံနက်(၁၀)နာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းဦးစီးခေါင်းဆောင်၍ ပြည်မနှင့်တောင်တန်းနယ်ကိုယ်စားလှယ် ပုဂ္ဂိုလ်(၂၃)ဦးတို့သည် မြန်မာပြည်တခုလုံး၊ လုံးဝလွတ်လပ်ရေးရရှိကြရေးအတွက် ဗမာပြည်နှင့်တောင်တန်းနယ် ပူးပေါင်းဆောင်ရွက်ရေး၊ ပင်လုံစာချုပ်ကြီးကို အောက်ဖေါ်ပြပါ လူထုကိုယ်စားလှယ်များမှ အသီးသီး စိတ်ပါကိုယ်ပါ သဘောတူလက်မှတ်ရေးထိုးကြပါသည်။

| | | |
|---|---|---|
| ၁။ ဗိုလ်ချုပ်အောင်ဆန်း | – | မြန်မာကိုယ်စားလှယ် |
| ၂။ စဝ်ခွန်ပန်းဆိုင် | – | လူထုကိုယ်စားလှယ်၊ တောင်ပိုင်းစော်ဘွား၊ ရှမ်း |
| ၃။ စဝ်ရွှေသိုက် | – | ညောင်ရွှေစော်ဘွား |
| ၄။ စဝ်ဟုန်ဖ | – | သိန္နီစော်ဘွား |
| ၅။ စဝ်နန်း | – | လဲခြားစော်ဘွား |
| ၆။ စဝ်ထွန်းအေး | – | သာမခမ်းစော်ဘွား |
| ၇။ ဦးခွန်ပန်း | – | လူထုကိုယ်စားလှယ် |
| ၈။ ဦးတင်အေး | – | လူထုကိုယ်စားလှယ်၊တောင်ကြီး |
| ၉။ ဦးထွန်းမြင့် | – | ပြည်သူ့ကိုယ်စားလှယ်၊ မောက်မယ် |
| ၁၀။ ဦးကြာပု | – | ပြည်သူ့ကိုယ်စားလှယ်၊ သီပေါ |
| ၁၁။ စဝ်ယဇ်ဖ | – | ပြည်သူ့ကိုယ်စားလှယ်၊ သီပေါ |
| ၁၂။ ဆမားဒူးဝါးဆင်ဝါနောင် | – | ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား |
| ၁၃။ ဦးတိန်ရတန် | – | ကချင်ကိုယ်စားလှယ်၊ ဗန်းမော် |
| ၁၄။ ဦးဇော်လ | – | ကချင်ကိုယ်စားလှယ်၊ ဗန်းမော် |
| ၁၅။ ဒူးဝါးဇော်ရစ် | – | ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား |
| ၁၆။ ဒူးဝါးဇော်လွန်း | – | ကချင်ကိုယ်စားလှယ်၊ ဗန်းမော် |
| ၁၇။ ဦးလဗန်ဂရောင်း | – | ကချင်ကိုယ်စားလှယ်၊ ဗန်းမော် |
| ၁၈။ ဦးလှာမုန်း | – | ချင်းကိုယ်စားလှယ်၊ ဖလမ်း |
| ၁၉။ ဦးထောင်ဇခုပ် | – | ချင်းကိုယ်စားလှယ်၊ တီးတိန် |
| ၂၀။ ဦးကီးယိုမန်း | – | ချင်းကိုယ်စားလှယ်၊ ဟားခါး |
| ၂၁။ ဦးခွန်ထီး | – | ပြည်သူ့ကိုယ်စားလှယ်၊ ပင်လုံ |
| ၂၂။ ဦးခွန်စော | – | ပြည်သူ့ကိုယ်စားလှယ်၊ ပင်း'ယ |
| ၂၃။ ဦးဖြူ | – | ကျိုင်းတုံစော်ဘွား၊ ပြည်သူ့ကိုယ်စားလှယ် |
| ၂၄။ စဝ်စံထွန်း | – | မိုးပွန်စော်ဘွား၊ ပြည်သူ့ကိုယ်စားလှယ် |

**ချင်းမြန်မာချစ်ကြည်ရေး ညီလာခံ**

အဆိုပါပင်လုံကွန်ဖရင့်တွင် ဦးဝမ္မသူးမောင်း မပါဝင်ပါ။ ချင်းမြန်မာ ချစ်ကြည်ရေးညီလာခံကျင်းပရေးအတွက် လုံးပန်းနေရသော အချိန်ဖြစ်ပါသည်။ **BLACK LIST** ကြောင့် အင်္ဂလိပ်၏ ကန့်ကွက်ချက်သည်လည်း စည်းရုံး

ဟောပြောရေးခရီးစတင်မည့်အချိန်တွင်ပင် အနှောက်အယှက်ဖြစ်ခဲ့သေးသည်။ သို့ဖြစ်သော်လည်း ချင်းမြန်မာ ချစ်ကြည်ရေးလုပ်ငန်းကို ပြီးစီးအောင်မြင်အောင် ဆောင်ရွက်ခဲ့သည်။

၁၉၄၇ခုနှစ် မတ်လ ၄၊ ၅၊ ၆ ရက်နေ့များတွင် ချင်းမြန်မာချစ်ကြည်ရေးညီလာခံကို ဦးဝမ္မသူးမောင်းနှင့် ဒီဒုတ်ဦးဘချိုတို့ ဦးစီး၍ ထီးလင်းမြို့၌ ကျင်းပခဲ့ကြသည်။ ချင်းမြန်မာချစ်ကြည်ရေး ညီလာခံ၌ စာချုပ်ချုပ်ဆိုခြင်း မရှိသော်လည်း ဒီးဒုတ်ဦးဘချိုမှ အောက်ပါအချက်များပါဝင်သော မိန့်ခွန်းကို မြွက်ကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၊ ဖဆပလအဖွဲ့ချုပ်နှင့် ဗမာများကိုယ်စား ညီလာခံသို့တက်ရောက်ကြောင်း၊ လူထုပရိသာတ်ထောင်ကျော်၍၊ ဤမျှများပြားသောလူထုတက်ရောက်သဖြင့် သွေးခွဲစနစ် အခြေပျက်နေပြီ ဖြစ်ကြောင်းကို တွေ့ရှိရကြောင်း၊ ဗမာပြည်နှင့်အတူ လွတ်လပ်ရေးရစေလိုကြောင်း၊ ဦးဝမ္မသူးမောင်း၏ ခေါင်းဆောင်မှု၊ ကြိုးပမ်းမှုဖြင့် မကြာမီရကြမည်ဟု ယုံကြည်ကြောင်း၊ လွတ်လပ်လာသည်နှင့်အမျှ ချင်းလွတ်လပ်ရေးကို ဗမာက မည်သို့မျှ ထိခိုက်မည်မဟုတ်ကြောင်း၊ ဘဏ္ဍာရေးမှအစ လိုအပ်သည့်အကူအညီမှန်သမျှ ပြည်မမှ လိုလေသေးမရှိ ကူညီမည်ဖြစ်ကြောင်း၊

**(ဗိုလ်ချုပ်အောင်ဆန်းနှင့်ဦးဝမ္မသူးမောင်းတို့ ရန်ကုန်မှအတူထွက်လာကြပြီး ဗိုလ်ချုပ်က ပင်လုံသို့တက်သွား၍ ပင်လုံညီလာခံကို အောင်မြင်အောင်ကျင်းပခဲ့ပြီး ဦးဝမ္မသူးမောင်းက ချင်းတောင်သို့ပြန်တက်သွားပြီး ချင်းမြန်မာချစ်ကြည်ရေးညီလာခံကို အောင်မြင်အောင် ကျင်းပခဲ့သည်)**

**တောင်တန်းသားများ ဒုတိယအကြိမ်ညီလာခံ**

၁၉၄၇ ခုနှစ် မတ်လ ၁၈၊ ၁၉၊ ၂၀ ရက်များတွင်တောင်တန်းသားများသာပါဝင်သည့် ညီလာခံတစ်ရပ်ကို တောင်တန်းသားများစည်းလုံးညီညွတ်ရေးအဖွဲ့ ကြိုးကိုင်ကော်မီတီ **SUPREME COUNCIL OF THE UNITED HILLS PEOPLE (SCOUHP)**မှ ကြီးမှူး၍ ညောင်ရွှေမြို့၊ ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၏ ဟော်နန်းခမ်းမအတွင်း ဒုတိယအကြိမ် ပြန်လည်ကျင်းပခဲ့သည်။

ယင်းညီလာခံသို့ ဦးဝမ္မသူးမောင်းနှင့်မြောက်ပိုင်းချင်းတောင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ယင်းညီလာခံ၌ ပင်လုံသဘောတူစာချုပ်အတိုင်း မြန်မာနိုင်ငံတော်သည် အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်သော နိုင်ငံတော်အဖြစ် ရောက်ရှိလာသည့်အခါ ပြည်ထောင်စုအဖြစ်ပူးပေါင်းရန် အောက်ပါအချက်များပါရှိသော ပြည်ထောင်စုမူကို ချမှတ်ခဲ့ကြသည်။
ယင်းတို့မှာ

၁။ တန်းတူရေး
၂။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရေး
၃။ ခွဲထွက်လိုက ခွဲထွက်နိုင်ရေး စသည်တို့ဖြစ်သည်။

(အထက်ပါမူသုံးရပ်တွင် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရေးတို့သည် ပြည်ထောင်စုအဖြစ်ပူးပေါင်းပါက ဖက်ဒရယ်ပြည်နယ်တွင် အချုပ်အခြာအာဏာသုံးရပ်ပိုင်ဆိုင်မည်ဖြစ်သဖြင့်၊ အလိုအလျောက်ရရှိပြီးဖြစ်မည် ဖြစ်သော်လည်း၊ ထာဝစဉ် တည်တံ့ခိုင်မြဲရေးအတွက် ခွဲထွက်လိုက ခွဲထွက်နိုင်ရေးကိုလည်း အနာဂါတ်မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲရန်လိုကြောင်း၊ လူမျိုးတစ်မျိုး၊ ပြည်နယ်တစ်ပြည်နယ်၏ ခွဲထွက်ရေး၊ မခွဲထွက်ရေးမှာ ကျန်လူမျိုး၊ ပြည်နယ်များ၏ ကောင်းခြင်း၊ မကောင်းခြင်းအပေါ် မူတည်ကြောင်း၊ အမျှော်အမြင်ကြီးမားစွာ ထည့်သွင်းချမှတ်ခဲ့ကြသည်။)

**တောင်တန်းဒေသ စုံစမ်းရေးကော်မရှင်**

၁၉၄၇ခုနှစ် ဧပြီလတွင် အင်္ဂလိပ်မြန်မာသဘောတူညီချက်အရ တောင်တန်းသားများ၊ ဗမာများနှင့်အတူ လွတ်လပ်ရေးအမြန်ရယူလိုခြင်းဟုတ်မဟုတ် တောင်တန်းဒေသစုံစမ်းရေးကော်မရှင်ဖွဲ့ပြီး၊ မေမြို့တွင် တိုင်းရင်းသား ကိုယ်စားလှယ်အသီးသီးအား စစ်ဆေး၍ လူထုဆန္ဒကို ထုတ်ဖော်စေခဲ့သည်။ ရီးစ်ဝီလျံကော်မရှင်ဟုခေါ်သည်။ စစ်ဆေးမှုများ ဧပြီလဆန်းမှစ၍ (၂၇)ရက်နေ့တွင်ပြီးဆုံးသည်။ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်အားလုံးက ဗမာနှင့်အတူ လွတ်လပ်ရေးအရယူပြီး ပြည်ထောင်စုအဖြစ် ပူးပေါင်းမည်ဖြစ်ကြောင်း တညီတညွတ်တည်း ထွက်ဆိုကြသည်။

## လွတ်လပ်ရေးနှင့် ၄၇ ဥပဒေ

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်သေခြာနေပြီဖြစ်ရာ ၁၉၄၇ခုနှစ် ဧပြီလ(၇)ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်အမတ်များကို ၁၉၃၅ခုနှစ် မြန်မာနိုင်ငံစီရင်အုပ်ချုပ်ရေး အက်ဥပဒေအရ ရွေးကောက်ခဲ့သည်။ ယင်းတိုင်းပြုပြည်ပြုလွှတ်တော်သို့ တောင်တန်းနယ်ကိုယ်စားလှယ် (၄၅)ဦးစေလွှတ်ခွင့်ရ၍ ယင်းတွင် ချင်းကိုယ်စားလှယ် (၆)ဦး ပါရှိခဲ့သည်။

၁၉၄၇ခုနှစ် မေလ(၂၃)ရက်နေ့တွင် ဂျူဗလီခန်းမ၌ ဖဆပလ ပမာဏပြင်ဆင်မှု ညီလာခံကျင်းပ၍ အောက်ပါအချက်(၁၄)ချက်ပါအဆိုတင်သွင်းဆုံးဖြတ်မှုပြုလုပ်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံမူကြမ်းရေးဆွဲရန် စတင် ရုပ်လုံးဖော်ခဲ့ကြသည်။

၁။ မြန်မာနိုင်ငံတော်ကို လွတ်လပ်သောအချုပ်အခြာအာဏာပိုင်သမ္မတနိုင်ငံအဖြစ်ဖြင့်ကြေငြာရန် ဤပဏာမပြင်ဆင်မှုညီလာခံသဘင်က လေးနက်ခိုင်မာစွာပြဌာန်းလိုက်သည်။

၂။ တိုင်းပြုပြည်ပြုလွှတ်တော်ကရေးဆွဲအပ်သော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အဆိုပါ လွတ်လပ်သောအချုပ်အခြာအာဏာပိုင်–သမ္မတနိုင်ငံတော်သည်

(က) ယခုအထိဗြိတိသျှမြန်မာပြည်အတွင်းတွင်ပါဝင်နေသော

၁။ မြန်မာပြည်ဝန်ကြီးအဖွဲ့ကအုပ်ချုပ်နေသော မြန်မာပြည်မ

၂။ ဟုမ္မလင်းခရိုင်ခွဲ

၃။ ဆင်ကလိုင်ခမ်းတီး

၄။ သောင်ဒွတ်

၅။ ဆောမရနယ်ပယ်

၆။ နာဂတောင်တန်းများ

၇။ သံလွင်ခရိုင်

၈။ ကန်ပက်လက်ခရိုင်ခွဲ

၉။ ရခိုင်တောင်တန်းနယ်ပယ်များဟူ၍ ခေါ်ဝေါ်သောဒေသများ

(ခ) ကိုးခမ်းနှင့်မောင်းပိုင်တို့အပါအဝင်ဖြစ်သော ရှမ်းပြည်ထောင်စု

(ဂ) ကရင်နီပြည်နယ်များ

(ဃ) ကချင်တောင်တန်းများ

(င) ကန်ပက်လက်ခရိုင်ခွဲမပါသော ချင်းတောင်တန်းခရိုင်သို့ပါဝင်သော ပြည်ထောင်စုနိုင်ငံတော် ဖြစ်ရမည်။

၃။ (၁) အောက်ပါဂဏ်အင်္ဂါအားလုံးနှင့်သော်လည်းကောင်း၊ အချို့နှင့်သော်လည်းကောင်း၊ ပြည့်စုံ၍ (ခ) (ဂ) (ဃ) (င)တို့၌ဖော်ပြထားသောဒေသများသည် ဤတိုင်းပြည်ပြုလွှတ်တော်ကပြဌာန်း၍ နောင်အခါ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် 'ပြည်ထောင်စုပြည်နယ်'အဆင့်အတန်းကိုဖြစ်စေ၊ 'ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်' အဆင့်အတန်းကိုဖြစ်စေ၊ 'လူမျိုးစုပြည်နယ်' အဆင့်အတန်းကိုဖြစ်စေ ရရှိရမည်။ ထိုဒေသများသည် မိမိတို့အားအပ်နှင်း၍သော်လည်းကောင်း၊ လွှဲပြောင်း၍သော်လည်းကောင်း၊ ရရှိသောအာဏာနှင့် တာဝန်များကို သုံးစွဲဆောင်ရွက်ရမည်။

ဂုဏ်အင်္ဂါများကား

၁။ ပထဝီအနေအထားအရ နယ်နိမိတ်အထင်အရှားရှိခြင်း

၂။ မြန်မာစကားနှင့်မတူသော ဘာသာစကားတမျိုးတည်းရှိခြင်း

၃။ ယဉ်ကျေးမှုတမျိုးတည်းရှိခြင်း

၄။ ရာဇဝင်အစဉ်အလာတမျိုးတည်းရှိသော လူစုရှိခြင်း

၅။ စီးပွါးရေးဆိုင်ရာအကျိုးကျေးဇူးနှင့် စီးပွါးရေးလုံလောက်မှုတို့ရှိသော လူစုရှိခြင်း

၆။ လူဦးရေအတော်အတန်ရှိခြင်း

၇။ ပြည်ထောင်စုအဖွဲ့ဝင်သီးခြားဒေသတခုအဖြစ်ဖြင့် မိမိ၏ကိုယ်ပိုင်ထင်ရှားချက်အတိုင်း နေထိုင်သောဆန္ဒရှိခြင်းတို့ ဖြစ်လေသည်။

၃။ (၂) ထိုအာဏာများနှင့်တာဝန်များသည် ပဏာမပြင်ဆင်မှုညီလာခံသဘင်က ခန့်သောကော်မိတီအဖွဲ့ ၏ စေ့စပ်ချက်ဖြင့် နှစ်ဦးနှစ်ဘက်သဘောတူညီချက်ကိုရပြီးမှ စဉ်းစားဆုံးဖြတ်ရမည့် အာဏာနှင့်တာဝန်များ ဖြစ်သည်။ ဆိုခဲ့ပြီးသောကော်မိတီအဖွဲ့၏ စေ့စပ်ချက်ဖြင့်ရရှိသော တူညီချက်သည် ဖဆပလအမှုဆောင်အဖွဲ့၏ အတည်ပြုချက်ကိုရရှိရမည်။

၄။ (ဤနေရာမှစ၍လာမည့်အပိုဒ်များတွင် 'ပြည်ထောင်စုဥပဒေပြုအဖွဲ့'ဟုခေါ်ဆိုအပ်သော) ဗဟိုဥပဒေပြုအဖွဲ့၏ အာဏာပိုင်နက်သည် ပြည်ထောင်စုနိုင်ငံတဝှမ်းလုံးဖြစ်ရမည်။'ပြည်ထောင်စုပြည်နယ်'သို့မဟုတ် 'ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်' သို့မဟုတ် 'လူမျိုးစုပြည်နယ်'တို့၏ဥပဒေပြုအဖွဲ့များသို့ သီးခြားလွှဲပြောင်းပေးသည့် ကိစ္စအမျိုးအစားထဲတွင်မပါဝင်သောကိစ္စခပ်သိမ်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ မည်သို့ပင်ဆိုထားသည် ဖြစ်စေ ပြည်ထောင်စုဥပဒေပြုအဖွဲ့သည် အောက်၌စီစဉ်ဖော်ပြထားသော ကိစ္စအမျိုးအစားတွင်ပါဝင်သည့် ကိစ္စအားလုံးတို့အပေါ်၌ ဥပဒေပြုအာဏာရှိရမည်။

၁။ ပြည်ထောင်စုအစိုးရဌာနများ

၂။ ပြည်နယ်ချင်းချင်းကိစ္စများ

၃။ (ထိုလုပ်ငန်း–၂–မျိုးမှအပ) ကျန်ကိစ္စများ

၄။ ပြည်ထောင်စုတခုလုံးနှင့်သက်ဆိုင်သော စီးပွါးရေးတိုးတက်မှုကိစ္စများ

၅။ 'ပြည်ထောင်စုပြည်နယ်' 'ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်' 'လူမျိုးစုပြည်နယ်'တို့မှလွဲ၍ ကျန်ဒေသများနှင့်စပ်လျဉ်းသောကိစ္စများ

မှတ်ချက်။ ။ (အထက်ပါအပိုဒ်ကြီး–၄။ ဤပိုဒ်ခွဲ(၅)တွင်ဆိုထားသော ကျန်ဒေသများအတွက် ဥပဒေပြုအဖွဲ့များ သပ်သပ်ထားရှိမည်မဟုတ်ချေ)။

၅။ ဤလွတ်လပ်သောအချုပ်အခြာအာဏာပိုင်သမ္မတမြန်မာနိုင်ငံသည်၄င်း၊ ထိုနိုင်ငံအဖွဲ့ဝင်ပြည်နယ်ဒေသ များသည် ၄င်း၊ ထိုနိုင်ငံ၏အစိုးရဌာနများသည်၄င်း၊ အသီးသီးတို့သည် မိမိတို့၏တန်ခိုးတေဇာနှင့် အာဏာအားလုံးတို့ကို တိုင်းသူပြည်သားတို့ထံမှ ထုတ်ယူသုံးစွဲရမည်။

၆။ လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွါးရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ အဆင့်အတန်းတူညီမှု၊ အခွင့်အလမ်းတူညီမှု၊ တရားဥပဒေအရတူညီမှုတို့အပြင် တရားဥပဒေနှင့်လည်းကောင်း၊ လောကဝတ္တရား တို့နှင့်လည်းကောင်း၊ သင့်မြတ်လျော်ကန်စေရမည်ဖြစ်သော လွတ်လပ်စွာတွေးကြံနိုင်မှု၊ လွတ်လပ်စွာဖွင့်ဟ ရေးသားဖော်ပြနိုင်မှု၊ လွတ်လပ်စွာယုံကြည်နိုင်မှု၊ လွတ်လပ်စွာကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ဘုရားကျောင်းကန် သွားခွင့် ပြုနိုင်မှု၊ လွတ်လပ်စွာ ပရိယေသနရှာမှီးနိုင်မှု၊ လွတ်လပ်စွာစည်းရုံးနိုင်မှု၊ လွတ်လပ်စွာဆောင်ရွက်နိုင်မှုတို့ကို ပြည်သူပြည်သားအားလုံးတို့ ရရှိခံစားနိုင်အောင် ဝန်ခံချက်ရှိရမည်။

၇။ (၁) 'တိုင်းရင်းသားလူနည်းစုများ'၏အခွင့်အရေးများဖြစ်သော

၁။ လူတို့၏အခွင့်အရေး

၂။ လူမျိုးနှင့်ယဉ်ကျေးမှုအခွင့်အရေး

၃။ ယဉ်ကျေးမှုတွင် မိမိတို့စရိုက်အရ ပြဌာန်းနိုင်ခွင့်နှင့်တကွ လွတ်လပ်စွာပေါင်းသင်းဆက်ဆံနိုင်သော အခွင့်အရေး

၄။ ဥပဒေပြုအဖွဲ့တွင် ထိုက်သင့်သောကိုယ်စားလှယ်ဦးရေ ပါဝင်နိုင်ရေး

ထိုအခွင့်အရေးတို့ကို လူများစုနှင့် လူမျိုးအားဖြင့်လည်းကောင်း၊ ဘာသာစကားအားဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုအားဖြင့်လည်းကောင်း၊ ရာဇဝင်စဉ်လာအားဖြင့်လည်းကောင်း၊ ကွဲပြားသောသူများလည်းဖြစ်၍ သက်ဆိုင်ရာအဖွဲ့ဝင်ဒေသတွင် လူဦးရေ (၁၀)ပုံ(၁)ပုံထက်မနည်းရှိသည့်သူများလည်းဖြစ်သော ပြည်သူတစုသည် ခံစားနိုင်ပါသည်ဟု ခံဝန်ချက်ရှိရမည်။

၇။ (၂) ကရင်အမျိုးသားတို့နှင့်သက်ဆိုင်သောကိစ္စများတွင် ပြည်ထောင်စုအစိုးရအားကူညီအကြံပေးရန် 'ကရင်ရေးရာအဖွဲ့'တစုကိုဖွဲ့စည်းရမည်။

၈။ 'ပြည်ထောင်စုပြည်နယ်' 'ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်' 'လူမျိုးစုပြည်နယ်'တို့အား ပိုင်းခြားသတ်မှတ် အပ်နှင်းလွှဲပြောင်းထားသော အာဏာများမှတပါး လွတ်လပသောအချုပ်အခြာအာဏာပိုင် သမ္မတမြန်မာ နိုင်ငံတော်၏ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ၌ရှိ၍ ထိုအာဏာတို့ကို နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကတည်ထောင်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဌာနများကသော်၎င်း၊ ထိုဌာနများ၏အမိန့်အရသော်လည်းကောင်း၊ သုံးစွဲနိုင်ရမည်။

၉။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူအားလုံးတို့၏အထွတ်အမြတ်ဖြစ်ထိုက်သော နိုင်ငံတော်၏အကြီးအမှူးဖြစ်သည့် သမ္မတနှင့်တကွ ပြည်သူ့လွှတ်တော် လူမျိုးစုလွှတ်တော်နှစ်ရပ်ပါဝင်သော ပြည်ထောင်စုမဟာလွှတ်တော်တို့တွင် ပြည်ထောင်စုဥပဒေပြုအာဏာကို အပ်နှင်းထားရှိစေရမည်။ သမ္မတအား ပြည်ထောင်စုမဟာလွှတ်တော်က ရွေးကောက်တင်မြှောက်ရမည်။ ပြည်သူ့လွှတ်တော်အမတ်များကို လျှို့ဝှက်သောမဲဆန္ဒပေးစနစ်အရ အရွယ်ရောက်သူတိုင်းက ရွေးကောက်တင်မြှောက်ရမည်။ လူမျိုးစုလွှတ်တော်တွင် 'ပြည်ထောင်စုပြည်နယ်'မှလည်းကောင်း၊ 'ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်'မှလည်းကောင်း၊ 'လူမျိုးစုပြည်နယ်'မှ လည်းကောင်း၊ 'တိုင်းရင်းသားလူနည်းစု'မှလည်းကောင်း၊ အဖွဲ့ဒေသတခုအဖြစ်ဖြင့် စုရုံးဖွဲ့စည်းအပ်သော ကျန်ဒေသများမှလည်းကောင်း ကိုယ်စားလှယ်အမတ်များပါဝင်စေရမည်။

၁၀။ တရားဥပဒေနှင့် ဤနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတို့ကပြဋ္ဌာန်းမည့် စည်းကမ်းချက်များကိုထောက်၍ ပြည်သူတို့တွင် မိမိတို့ရွေးချယ်တင်မြှောက်လိုက်သော ကိုယ်စားလှယ်အမတ်ကို နုတ်ပယ်ခေါ်ယူနိုင်သော အခွင့်အရေးရှိစေရမည်။

၁၁။ ပြည်ထောင်စုအစိုးရဟုခေါ်ဆိုအပ်သည့် ပြည်ထောင်စုနိုင်ငံတော်၏ အချုပ်အခြာအုပ်ချုပ်မှုအာဏာ တည်ရှိရာဖြစ်သော အစိုးရအဖွဲ့သည် ပြည်သူ့လွှတ်တော်အားတာဝန်ခံရမည်။

၁၂။ နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကသော်လည်းကောင်း၊ တရားဥပဒေကသော်လည်းကောင်း၊ တည်ထောင်ထားသောတရားရုံးတော်များသည် တရားစီရင်ခြင်းကိုပြုရမည်။ ထိုတရားရုံးများက မဟာတရားရုံးတော်နှင့် တကွထိုတရားရုံးတော်၏ လက်အောက်ခံတရားရုံးများဖြစ်သည်။ တရားသူကြီးများသည် နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်တရားဥပဒေတို့ကိုသာထောက်၍ လွတ်လပ်စွာတရားစီရင်ရမည်။ မဟာတရားရုံးတော်၏ တရားဝန်ကြီးများကို 'ပြည်ထောင်စုမဟာလွှတ်တော်'က ရွေးကောက်တင်မြှောက်ရမည်။

၁၃။ လွတ်လပ်သောအချုပ်အခြာအာဏာပိုင် သမ္မတမြန်မာနိုင်ငံ၏ နယ်မြေတို့တပေါင်းတစည်းတည်း တည်ရှိနေသည်ဟူသော ဂုဏ်သိက္ခာသည်လည်းကောင်း၊ နိုင်ငံတော်၏ကြည်း၊ ရေ၊ လေတို့ကို အချုပ်အခြာ စိုးမိုး အုပ်ချုပ်နိုင်သောအခွင့်အရေးများသည်လည်းကောင်း၊ ထိုဂုဏ်သိက္ခာများသည်တရားမျှတမှုနှင့်လည်းကောင်း၊ တိုင်းကြီးပြည်ကြီးတို့၏ဥပဒေနှင့်လည်းကောင်း၊ လျော်ညီစွာတည်တံ့ခိုင်မြဲနေရမည်။

၁၄။ ကျွန်ုပ်တို့ချစ်မြတ်နိုးသောနိုင်ငံတော်သည် ကမ္ဘာပေါ်တွင် တရားသဖြင့်ရသင့်ရထိုက်သည်လည်းဖြစ်၍ ဂုဏ်ကျက်သရေနှင့်လည်းပြည့်စုံသောအဆင့်အတန်းကိုရရှိ၍ လူသတ္တဝါခပ်သိမ်းတို့၏အကျိုးစီးပွါးကို တိုးတက်စေရန်မိမိ၌တာဝန်ရှိသည့်အလျောက် အစွမ်းကုန်အားထုတ်ဆောင်ရွက်ပြီးလျှင် ပြည်ထောင်စုအချင်းချင်း၊ တရားမျှတမှုနှင့်လောကဝတ္တရားတို့ကိုထောက်ခံ၊ အနိုင်နိုင်ငံတို့နှင့်ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မည်ဟု ခိုင်မြဲသောအဓိဋ္ဌာန်ကို ပြုထားလေသည်။

**(အထက်ဖော်ပြပါဖဆပလလပဏာမပြင်ဆင်မှုညီလာခံသဘင်၌တင်သွင်းရန် အဆို(၁၄)ချက်သည် ဖဆပလလပဏာမပြင်ဆင်မှုညီလာခံသဘင်၌တင်သွင်းနိုင်ရန်ပြင်ဆင်ထားသောအဆိုမျှသာဖြစ်သည်ဟု ခွန်မာကိုဘန်းက ၎င်း၏'ပင်လုံစိတ်ဓါတ် ရှင်သန်**

ဖော်ဆောင်ရေးမှ စစ်မှန်သောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သစ်တည်ဆောက်ရေးသို့’စာအုပ်တွင် ရေးသားထားသည်)။

ပြည်ထောင်စုမြန်မာနိုင်ငံတိုင်းပြည်ပြုလွှတ်တော်၏ ပထမညီလာခံကို ၁၉၄၇ခုနှစ် ဇွန်လ(၄)ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။ ညီလာခံကိုယ်စားလှယ်များတွင် ချင်းအမျိုးသားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ် ဦးလီဟာလော(ခ) သခင်ဘအောင်ပါဝင်ခဲ့သည်။ ယင်းညီလာခံမှ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးမူကြမ်း ရေးဆွဲရေး ကော်မီတီတခုခန့်ထားခဲ့သည်။ ၁၉၄၇ခုနှစ် ဇူလိုင်လ (၁၉)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည်။ ၁၉၄၇ခုနှစ် ဇူလိုင်လ (၂၉)ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော် ဒုတိယအကြိမ် ညီလာခံ ပြန်လည်ကျင်းပပြီး ၁၉၄၇ခုနှစ် ဇူလိုင်လ(၃၁)ရက်နေ့တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရေး အချောကိုင်ကော်မီတီကို ခန့်အပ်၍ အပြီးအပိုင် တာဝန်လွှဲအပ်ခဲ့ကြသည်။ ယင်းကော်မီတီမှ ရေးဆွဲသော ဥပဒေကို ၁၉၄၇ခုနှစ် စက်တင်ဘာလ(၁၅)ရက်နေ့တွင် စတင်ကျင်းပသော တိုင်းပြည်ပြုလွှတ်တော် တတိယအကြိမ် ညီလာခံမှ ၁၉၄၇ခုနှစ်စက်တင်ဘာလ(၂၄)ရက်နေ့တွင် အတည်ပြုခဲ့သည်။

ယင်းဥပဒေအရ ဥပဒေအပိုင်း (၅) ချင်းဝိသေသတိုင်း အခဏ်း၊ ပုဒ်မ(၁၉၆၊ ၁၉၇၊ ၁၉၈)တို့အရ ချင်းဝိသေသတိုင်း ချင်းရေးရာကောင်စီ၊ ချင်းရေးရာဌာန၊ ချင်းရေးရာဝန်ကြီး စသည်တို့ပေါ်ပေါက်ခဲ့သည်။

အထက်ပါ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်ပါတ်သက်၍ ဗိုလ်ချုပ်နှင့်တကွ ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီး ရေးဆွဲသောဥပဒေသည် တောင်တန်းသား တိုင်းရင်းသားလူမျိုး ခေါင်းဆောင်များ နှင့် ဗမာ ခေါင်းဆောင်များ မူလသဘောတူထားသော ပြည်ထောင်စုမူကို အခြေမခံပဲ ပြည်ထောင်စုစု အတုအယောင် တပြည်ထောင်ဖွဲ့စည်းပုံစနစ်ဖြင့် ရေးဆွဲထားသော ဥပဒေဖြစ်နေသဖြင့် တိုင်းရင်းသားခေါင်းဆောင်များ များစွာ ကသိကအောက်ဖြစ်ခဲ့ရသည်။ ပူးပေါင်းဆောင်ရွက်၊ ပူးပေါင်းခံစားရန် MUTUAL CO.OPERATION AND MUTUAL BENEFIT မိသားစုကဲ့သို့ FRATERNAL BOND ပေါင်းစည်းထားသည်ဟု လိမ်ညာ၍ တန်းတူရည်တူ အခွင့်အရေး PRINCIPLE OF EQUALITY မရှိသည့် လူမျိုးကြီးအခြေခံဝါဒ NATIONAL CHAUVINISM ဖြင့်ရေးဆွဲထားသော တစ်ပြည်ထောင် UNITARY ဥပဒေဖြစ်သည်။

နှစ်ပေါင်းများစွာ တောင့်တလာခဲ့သော လွတ်လပ်ရေးကို ဖွဲ့စည်းပုံအရေးနှင့် အတိုက်အခံဖြစ်နေခဲ့လျှင် ဆင်ပြောင်ကြီးအမြီးကျမှတစ်နေမည်ကိုလည်းကောင်း၊ လွတ်လပ်ရေးနှင့် ဖွဲ့စည်းပုံအရေးတို့မှာ “စားရမှာလည်း သဲနှင့်တရှပ်ရှပ်၊ ပစ်ရမှာလည်း အဆီနှင့်တဝင်းဝင်း” ဖြစ်နေခဲ့ရသည်။ လွတ်လပ်ရေးကို မည်သူမျှ လက်လွှတ်ခံမည် မဟုတ်ဟု အခွင့်ကောင်းယူ၍ ဥပဒေရေးဆွဲရေးကော်မီတီမှ ရေးဆွဲသော ယင်း၁၉၄၇ခုနှစ် ဥပဒေအရ ချင်း၊ ကချင်၊ ရှမ်း၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်တိုင်းရင်းသားများသည် အင်္ဂလိပ်လက်အောက်ခံဘဝမှ ဗမာကိုလိုနီဘဝသို့ အလိုအလျောက် သက်ဆင်းခဲ့ရပြန်သည်။ တိုင်းရင်းသားလူမျိုးခေါင်းဆောင်များအား ပြည်ထောင်စုအဖြစ် ပူးပေါင်းပါမည်ဟု အာမခံထားသော ဗိုလ်ချုပ်နှင့်တကွ ခေါင်းဆောင်ကြီးများ လုပ်ကြံခံရအပြီး ၎င်းတို့အလိုကျ ဥပဒေပြဌာန်းကာ တိုင်းရင်းသား လူမျိုး(၇)မျိုးတို့အား ဗမာလူမျိုးတစ်စုက ကျွန်ပြုအုပ်ချုပ်နိုင်ခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ လွတ်လပ်ရေးသည်ပထမ၊ လွတ်လပ်ရေးသည်ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ ဟု လွတ်လပ်ရေးရရှိရန် အသက်သွေး ချွေးမြောက်များစွာကို အစတေးခံ၍ လွတ်လပ်ရေးကြိုးပမ်းခဲ့သော ကျွန်ုပ်တို့၏ မျိုးချစ်ခေါင်းဆောင်အပေါင်း အပြည့်အဝတာဝန်ကျေပွန်ကြပါသည်။ ပြည်ထောင်စုအရေး၊ ဖွဲ့စည်းပုံအရေးသည် သက်ရှိထင်ရှားရှိသော နောင်လာနောင်သားများ၏ တာဝန်ဖြစ်ပေသည်။

ဤသို့ဖြင့် ပြည်ထောင်စုအမည်ခံ မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့တွင် လွတ်လပ်ရေးကို ကျေညာ၍ ဗမာအချုပ်အခြာအာဏာပိုင် သဖန်းသီးနိုင်ငံအဖြစ် ကမ္ဘာအလယ်တွင် ပေါ်ထွန်းလာခဲ့သည်။

## ချင်းတောင်အုပ်ချုပ်ရေးစနစ်ချမှတ်ရေး

မြန်မာနိုင်ငံလွတ်လပ်ရေးရသည်အထိ မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် တစည်းတလုံးတည်း ကြိုးပမ်းအားထုတ်ခဲ့ကြသော ချင်းအမျိုးသားထုကို ဦးစီးနာယကပြုလာခဲ့သည့်၊ ချင်းအမျိုးသားခေါင်းဆောင်ကြီး ဦးဝမ္မသူးမောင်းသည် ပထမဦးဆုံး ချင်းရေးရာဝန်ကြီးဖြစ်လာခဲ့သည်။ အမြော်အမြင်ကြီးမားခဲ့သော ဦးဝမ္မသူးမောင်း သည် ဗြိတိသျှတို့ဖန်တီးခဲ့သည့် ဖြူရိုကရေစီ အုပ်ချုပ်ရေး ယန္တရားကို အစားထိုးရန်၊ ဗြိတိသျှဘုရင်ခံမင်းကြီးမှစ၍ တိုက်သူကြီးများအထိ အဆင့်ဆင့် အာဏာဆင်းသက်လာသော အုပ်ချုပ်ရေးစနစ်ကို ပြောင်းပြန်လှန်၍ လူထုမှ မြန်မာနိုင်ငံအစိုးရတိုင်အောင်၊ အာဏာအဆင့်ဆင့်တက်လာသည့် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ထည့်သွင်းအစားထိုးရန်အတွက်၊ လူထုဆန္ဒယူရန်၊ ချင်းရေးရာဌာန၏ ပထမဦးဆုံး လုပ်ငန်းအဖြစ်ချမှတ်လျှက် အပြင်းအထန် ကြိုးစားဆောင်ရွက်ခဲ့သည်။

ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နှင့်ပါတ်သက်၍ ချင်းအမျိုးသားထု၏ ဆန္ဒကို စုံစမ်းဖေါ်ထုတ်ရန်၊ ချင်းတောင်စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးပါမည့်အကြောင်း ၁၉၄၈ခုနှစ် ဇန်နဝါရီလ(၂၀)ရက်နေ့တွင် ချင်းရေးရာဌာနမှ ပြည်ထောင်စုမြန်မာနိုင်ငံ ဝန်ကြီးများအဖွဲ့သို့ တင်သွင်းခဲ့သည်။ ၁၉၄၈ခုနှစ် ဇန်နဝါရီလ(၂၈)ရက်နေ့ သတ္တမအကြိမ်မြောက် ကျင်းပသည့် ဝန်ကြီးများအဖွဲ့ အစည်းအဝေးမှ အစီအစဉ်(၅) တွင် ထည့်သွင်းဆွေးနွေးပြီး "ချင်းတောင်စုံစမ်းရေးကော်မရှင်အဖွဲ့" ဖွဲ့စည်းရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။ တဖန် ချင်းရေးရာဌာနမှ ချင်းတောင်စုံစမ်းရေးကော်မရှင်အဖွဲ့ ဖွဲ့စည်းရန် ပြဋ္ဌာန်းချက်ကို ၁၉၄၈ခုနှစ် ဖေဖေါ်ဝါရီလ(၅)ရက်နေ့စွဲဖြင့် ထုတ်ပြန်ကျေညာခဲ့သည်။ ယင်းအဖွဲ့တွင် –သဘာပတိ ဦးဝမ္မသူးမောင်း၊ အတွင်းရေးမှူး– တိုင်းမင်းကြီး စည်သူ ဦးသိမ်းမောင်(အေတီအမ်)၊ အဖွဲ့ဝင်အမျိုးသား ပညာဝန်ထောက် ဦးစိုးဝင်းတို့ ပါဝင်သည်။

ကော်မရှင်မှ နယ်အသီးသီးရှိ လူထုကိုယ်စားလှယ်များ၊ တိုက်အုပ်၊ ချောင်းအုပ်၊ သူကြီးများတို့၏ ဆန္ဒကို စစ်ဆေးနိုင်ရန်နှင့် ချင်းအမျိုးသားအားလုံး မဟုတ်စေကာမူယခုချင်းဝိသေသတိုင်းအဖြစ် ပိုင်းခြားပေးထား နယ်မြေအတွင်းရှိ ချင်းအမျိုးသားကိုယ်စားလှယ်များအားလုံး လွတ်လွတ်လပ်လပ် တက်ရောက်တွေ့ဆုံနိုင်မည့် ချင်းဝိသေသတိုင်းလုံးဆိုင်ရာ ညီလာခံသဘင်ကို ကျင်းပရန်တို့ကို ဦးဝမ္မသူးမောင်းမှ တပြိုင်နက်ထဲ စီစဉ်ခဲ့သည်။

ကော်မရှင်မှ နယ်အသီးသီး၏ လူထုကိုယ်စားလှယ်၊ တိုက်အုပ်၊ ချောင်းအုပ်၊သူကြီးတို့၏ လူထုဆန္ဒကို ၁၉၄၈ခုနှစ် ဖေဖေါ်ဝါရီလ(၁၂)မှ (၂၆)ရက်ထိ စစ်ဆေးခဲ့ပြီး ချင်းဝိသေသတိုင်းလုံးဆိုင်ရာ ညီလာခံသဘင်ကိုလည်း ၁၉၄၈ခုနှစ် ဖေဖေါ်ဝါရီလ(၁၉)ရက်မှ (၂၂)ရက်နေ့အထိ ဖလမ်းမြို့တွင် ကျင်းပခဲ့သည်။ ယင်းညီလာခံသဘင်သို့ နိုင်ငံတော် သမတကြီး စဝ်ရွှေသိုက် ကိုယ်တိုင်တက်ရောက်ခဲ့သည်။ ညီလာခံသို့ အနယ်နယ်အရပ်ရပ်မှ လူထုကိုယ်စားလှယ်များ၊ တိုက်အုပ်၊ ချောင်းအုပ်၊ သူကြီးများနှင့် လူထုပရိသတ် (၅၀၀၀)ကျော် တက်ရောက်ခဲ့ကြသည်။ ယင်းအချိန် ချင်းတောင်၌ ဖြစ်ပေါ်နေသော ပြဿနာမှာ အချို့တိုက်သူကြီးနှင့် ရွာသူကြီးများ၏ –

၁။ အာဏာနှင့် အခွင့်အရေးကို အလွဲသုံးစားပြု၍ ပြည်သူလူထုအပေါ်၌ ညှဉ်းပမ်းနှိပ်စက်မှုများ ပြုလုပ်ကြခြင်း၊

၂။ လက်အောက်ခံ ပြည်သူလူထု၏ အကျိုးကိုသယ်ပိုးဆောင်ရွက်ရန် စိတ်ဆန္ဒနည်းပါးပြီး ဆက်ဆံရေး မပြေပြစ်ကြခြင်း၊

၃။ တိုးတက်သော ခေတ်၌ ရင်ဘောင်တန်းလိုက်နိုင်သော လူမှုဆက်ဆံရေး အကြားအမြင်ဗဟုသုတမရှိကြခြင်း၊

၄။ ဝန်ထောက်များကပေးထားသော အာဏာကို အရမ်းမဲ့ သုံးစွဲကြခြင်း၊

၅။ အစိုးရချမှတ်သော မူဝါဒနှင့် မညီညွတ် မဆီလျော်ကြခြင်းစသော နယ်ချဲ့တို့ဖန်တီးခဲ့သော အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံ လူတန်းစားတို့ ပြဿနာပင်ဖြစ်သည်။

ကော်မရှင်သည် ၁၉၄၈ခုနှစ် ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် တီးတိန်မြို့၌ ကမ်တော၊ စုတ္တတဲ၊ စီယင် နယ်မြေမှ လူထုကိုယ်စားလှယ်၊ တိုက်အုပ်၊ ချောင်းအုပ်၊ သူကြီးများနှင့်တွေ့ဆုံဆွေးနွေးပြီး ၄င်းတို့ဆန္ဒကို စုံစမ်းခဲ့သည်။

၁၉၄၈ခုနှစ် ဖေဖော်ဝါရီလ(၁၆)ရက်နေ့တွင် ဖလမ်းမြို့၌ ဟားခါးနယ်လူထုကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပြီး ၄င်းတို့၏ ဆန္ဒကို စုံစမ်းစစ်ဆေးခဲ့သည်။

၁၉၄၈ခုနှစ် ဖေဖော်ဝါရီလ(၁၇)ရက်နေ့တွင် ဖလမ်းမြို့၌ ရာတောက်၊ ဘော်လကွာ၊ လွန်ဘန်၊ ငါးမွတ်၊ ကန်ပက်လက်၊ ဟားခါးနယ်များမှ လူထုကိုယ်စားလှယ်များ၊ တိုက်အုပ်၊ ချောင်းအုပ်၊သူကြီးများကို တွေ့ဆုံဆွေးနွေးပြီး ၄င်းတို့၏ ဆန္ဒများကို စစ်ဆေးခဲ့သည်။

၁၉၄၈ခုနှစ်ဖေဖော်ဝါရီလ(၁၈)ရက်နေ့တွင် ဖလမ်းမြို့၌ ထုတ်လှိုင်နှင့် ကွာဇပ်နယ်များမှ လူထုကိုယ်စားလှယ်များ၊ တိုက်အုပ်၊ချောင်းအုပ်သူကြီးများနှင့်တွေ့ဆုံဆွေးနွေးပြီး ၄င်းတို့၏ ဆန္ဒများကို စုံစမ်းစစ်ဆေးခဲ့သည်။

၁၉၄၈ခုနှစ် ဖေဖော်ဝါရီလ(၁၉)ရက်နေ့မှ (၂၂)ရက်နေ့အထိ ဖလမ်းမြို့၌ ချင်းဝိသေသတိုင်းလုံးဆိုင်ရာ ညီလာခံ ကျင်းပခဲ့သည်။ ယင်းညီလာခံ၏ အဆိုနှင့် ဆုံးဖြတ်ချက်မြောက်များစွာအနက် ၁၉၄၈ခုနှစ် ဖေဖော်ဝါရီလ(၂၀)ရက်နေ့ တွင် တင်သွင်းသော အဆိုအမှတ်(၄)ကိုတင်သွင်းဆုံးဖြတ်ကြခြင်းသည် ချင်းအမျိုးသားနေ့ ပေါ်ပေါက်ရသော အဓိက ပင်မမဏ္ဍိုင်အကြောင်းရင်း ဖြစ်လာခဲ့သည်။ အဆိုတင်သွင်းသူမှာ ထောင်ဇကိုင်း(တီးတိန်)ဖြစ်ပြီး၊ ထောက်ခံသူများမှာ စွန်မန်း(ဖလမ်း)၊ ထန်းမောင်း (ကန်ပက်လက်)တို့ဖြစ်သည်။ ယင်းအဆိုမှာ “လူထုဆန္ဒအရ ဒီမိုကရေစီစနစ်နှင့် အုပ်ချုပ်သည့် စနစ်ဖွဲ့စည်းရန်” ဟူသော အဆိုဖြစ်သည်။ ဖော်ပြချက်မှာ– နယ်ချဲ့အင်္ဂလိပ်အလိုကျ ခန့်ထားသော တိုက်သူကြီးများအား ဖြုတ်ချရန် လိုကြောင်း၊ ယင်းတိုက်သူကြီးများသည် ကောက်ပဲသီးနှံ၊ လူခွန်၊ အမဲခွန်စသည့် မြောက်များလှစွာသောအခွန်များကို မိမိတို့ အလိုဆန္ဒဖြင့် မျှတမှုမရှိစွာ အာဏာသုံး၍ မတရားကောက်ခံနေကြ ကြောင်း၊ ယင်းတို့ကိုဖြုတ်ချ၍ လူထုဆန္ဒဖြင့် ရွေးကောက်တင်မြှောက်သော လူထုကိုယ်စားလှယ်များပါဝင်သည့် ကောင်စီဖြင့် အုပ်ချုပ်သင့်ကြောင်း၊ အာဏာရှင် စနစ်ဖျက်သိမ်းပြီး ဒီမိုကရေစီစနစ်ထူထောင်ရန် တင်သွင်းသည့် အဆိုဖြစ်ပါသည်။ ယင်းအဆိုကို သဘာပတိ ဦးဝမ္မသူးမောင်းမှ မဲခွဲဆုံးဖြတ်စေရာ ထောက်ခံသူငါးထောင်ကျော်ရှိပြီး၊ ကန့်ကွက်မဲ(၁၇)မဲရှိသည့်အတွက် အတည်ပြုခဲ့သည်။

ညီလာခံပြီးဆုံးသည့်နေ့ ၁၉၄၈ခုနှစ် ဖေဖော်ဝါရီလ(၂၂)ရက်နေ့တွင် ဖလမ်းမြို့၌ ပလက်ဝနယ်မှ လူထုကိုယ်စား လှယ်တို့နှင့် တွေ့ဆုံဆွေးနွေးပြီး ၄င်းတို့၏ ဆန္ဒကို စုံစမ်းစစ်ဆေးခဲ့သည်။

၁၉၄၈ခုနှစ် ဖေဖော်ဝါရီလ(၂၃)ရက်နေ့တွင် ဖလမ်းမြို့၌ တီးတိန်မှ လွှတ်တော်ကိုယ်စားလှယ် မဟာသရေစည်သူ ကပ္ပတိန် မန်တုံးနုံးအား တွေ့ဆုံဆွေးနွေး၍ ၄င်း၏ ဆန္ဒကို စုံစမ်းစစ်ဆေးခဲ့သည်။

၁၉၄၈ခုနှစ် ဖေဖော်ဝါရီလ(၂၆)ရက်နေ့တွင် ဖလမ်းမြို့၌ ချင်းဝိသေသတိုင်းအတွင်းရှိ နယ်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးပြီး ၄င်းတို့၏ ဆန္ဒကိုစုံစမ်းစစ်ဆေးခဲ့သည်။

၁၉၄၈ခုနှစ် မတ်လ(၁၀)ရက်နေ့တွင် ရန်ကုန်မြို့တွင် ကော်မရှင် အဖွဲ့ဝင်များ အစည်းအဝေးပြုလုပ်၍ တိုက်သူကြီး များအား ဖြုတ်ပြီး ၄င်းတို့အား အလုပ်သက်တန်းအမှုထမ်းရရှိခဲ့သော အခွန်အခစသည်တို့ကို တွက်ချက်၍ အချိုးလိုက်ဝေပုံကျငွေအားဖြင့် လျော်ကြေးပေးရန် မူကြမ်းဆွေးနွေးကြသည်။

၁၉၄၈ခုနှစ် စက်တင်ဘာလ(၁၈)ရက်နေ့တွင် ရန်ကုန်မြို့၌ ကော်မရှင်အဖွဲ့ဝင်များ အစည်းအဝေးထပ်မံပြုလုပ်ကြ၍ တိုက်သူကြီးများအား ပေးရန်ဖြစ်သော လျော်ကြေးငွေကိစ္စကို ပြင်ဆင်တွက်ချက်ပြီး စုံစမ်းရေးကော်မရှင် အတွင်းရေးမှူးက တင်သွင်းသည့် အစီရင်ခံစာကို အသေးစိတ်ဆွေးနွေးကြသည်။

၁၉၄၈ခုနှစ် စက်တင်ဘာလ(၂၂)ရက်နေ့တွင် ရန်ကုန်မြို့၌ ကော်မရှင်အဖွဲ့ဝင်များ၏ နောက်ဆုံးအစည်းအဝေး ကျင်းပသည်၊ ယင်းအစည်းအဝေး၌ အစီရင်ခံစာကို အပြီးသတ်ဆွေးနွေး၍ အချောကိုင်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဝန်ကြီးများအဖွဲ့အစည်းအဝေးသို့ ဆွေးနွေးဆုံးဖြတ်ရန် တင်သွင်းခဲ့ သည်။

စစ်ဆေးရေးကော်မရှင်၏စုံစမ်းစစ်ဆေးချက်များမှ ထွက်ရှိသည့် အနှစ်ချုပ်အဖြေမှာ–
၁။ တိုက်သူကြီးများအား ဖြုတ်ချရန်ဆန္ဒရှိကြောင်း၊ တညီတညွတ်တည်း ထွက်ဆိုကြသည်။
၂။ တိုက်သူကြီးများက အုပ်ချုပ်ခဲ့သည့် စနစ်ဟောင်းအစား၊ လူထုဆန္ဒအရရွေးချယ်တင်မြှောက်သော လူထုကိုယ်စားလှယ်များက ဒီမိုကရေစီအုပ်ချုပ်ရေး စနစ်သစ် တီထွင်အစားထိုးအုပ်ချုပ်ရန် တညီတညွတ်တည်း ထွက်ဆိုကြသည်။

သို့ဖြစ်၍ ချင်းရေးရာဌာနသည် တိုက်သူကြီးများအားဖြုတ်ချရန်ဖြစ်သော်လည်း၊ ဒီမိုကရေစီဝါဒအရ ၄င်းတို့ မနစ်နာစေရန် ထိုက်သင့်သည့်အားလျော်စွာ ပင်စင်ထောက်ပံ့ကြေးငွေကို တချိုးလိုက်ဝေပုံကျပေးရန်နှင့် ခေတ်ဟောင်းပြုရိုကရေစီ အုပ်ချုပ်ရေးယန္တရားကို ခေတ်မှီဒီမိုကရေစီအုပ်ချုပ်ရေး ယန္တရားအစားထိုး တပ်ဆင်နိုင်မည့် အုပ်ချုပ်ရေးစနစ်သစ်ရေးဆွဲ ဖန်တီးခွင့်ပြုရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးများအဖွဲ့သို့ ဆွေးနွေးဆုံးဖြတ်ရန် ၁၉၄၈ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့သည်။

ယင်းတွင် ဒီမိုကရေစီဝါဒအရ တည်ဆောက်သော အုပ်ချုပ်ရေးစနစ်သစ်ကိုတည်ထွင်ရန် ကိစ္စတွင် ဝန်ကြီးများအဖွဲ့မှ မလိုက်လျောနိုင်သဖြင့် အခက်အခဲများနှင့်ရင်ဆိုင်ခဲ့ရသည်။ သို့သော်လည်း သံဃာအား ဘုရားသော်မှ မလွန်ဆန်နိုင်ဆိုသောပမာ ကံကောင်းထောက်မ၍ အောင်မြင်ခဲ့ပါသည်ဟု ဦးဝမ္မသူးမောင်းမှ ၄င်း၏ မှတ်တမ်းတွင် ဖေါ်ပြထားပါသည်။

အထက်ဖေါ်ပြပါအခက်အခဲများအကြား ချင်းဝိသေသတိုင်းအတွင်း လူထုဆန္ဒအရ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သစ်ဖြင့် အုပ်ချုပ်ရန်အတွက် ချင်းရေးရာကောင်စီသည် ၁၉၄၈ခုနှစ် တစ်နှစ်ပါတ်လုံး လိုလို အုပ်ချုပ်ရေးစည်းမျဉ်းများကို မနားမနေရေးဆွဲခဲ့သဖြင့် အင်္ဂလိပ်လက်ထက် **1896 CHIN HILLS REGULATION ACT** ချင်းတောင် အက်ဥပဒေပျက်ပျယ်ပြီး၊ ၁၉၄၈ခုနှစ် ချင်းဝိသေသတိုင်း အက်ဥပဒေနှင့် ၁၉၄၈ခုနှစ် ချင်းဝိသေသတိုင်း (ဥပဒေများသက်ဆိုင်စေခြင်း) အက်ဥပဒေကို ၁၉၄၈ခုနှစ် အောက်တိုဘာလ(၁၂)ရက်နေ့တွင် ကျင်းပသော တိုင်းပြည်ပြုလွှတ်တော်(ပါလီမန်) ဆဌမညီလာခံမှ ကန့်ကွက်သူမရှိ အတည်ပြု၍ အက်ဥပဒေအဖြစ် ပြဌာန်းနိုင်ခဲ့သည်။

ယင်းဥပဒေအရ ချင်းဝိသေသတိုင်းတွင် ကျေးရွာ၊ တိုက်နယ်ကောင်စီများဖွဲ့စည်းရေး၊ လူထုဆန္ဒအရ ကိုယ်စားလှယ်များရွေးကောက်တင်မြှောက်ရေး၊ ကောင်စီလာများလိုက်နာရန် အထွေထွေနည်းဥပဒေများကို တဆက်တည်း ပြဌာန်းသတ်မှတ်ခဲ့သည်။

ယင်းဥပဒေအရ၊ လူထုဆန္ဒဖြင့်ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များက၊ ဒေသတ္တရ အုပ်ချုပ်ရေးကို ဒီမိုကရေစီစနစ်အရ အုပ်ချုပ်လျက်ရှိကြပြီး ချင်းရေးရာဌာန၏ မူဝါဒကိုလည်း
၁။ ဒီမိုကရေစီထွန်းကားရေး
၂။ တိုးတက်ဖွံ့ဖြိုးရေး
၃။ တည်တံ့ခိုင်မြဲငြိမ်းချမ်းရေး ဟူ၍ ချမှတ်ခဲ့ကြသည်။

ကျွန်ုပ်တို့ချင်းအမျိုးသားများသည် ထိုစဉ်အချိန်က ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားလူမျိုး အားလုံးထဲတွင် လူမှုရေး၊ စီးပွားရေးကဏ္ဍများ၌ အစစအရာရာ အောက်အကျဆုံးဖြစ်သော်လည်း၊ နိုင်ငံရေးကဏ္ဍ တွင် ဒီမိုကရေစီစနစ်ဖြင့် ဒေသန္တရအုပ်ချုပ်ရေးစနစ် စတင်ဖွဲ့စည်းရာ၌ ရှေးဦးအကျဆုံးဖြစ်ခဲ့သည်။

## ချင်းအမျိုးသားနေ့သတ်မှတ်ခြင်း

ဤဒီမိုကရေစီစနစ်အရ လူထုမှ ရွေးချယ်သော ကိုယ်စားလှယ်များပါဝင်သည့် ချင်းရေးရာ ကောင်စီသည်၊ ၁၉၅၀ပြည့်နှစ် အောက်တိုဘာလ(၉)ရက်နေ့တွင် “ချင်းအမျိုးသားနေ့”သတ်မှတ်ရေး အစည်းအဝေးကို ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးမှ နယ်ချဲ့တော်လှန်ရေးသမိုင်းစဉ်တလျှောက် ထူးခြားတိုက်ဆိုင်မှု အကြိမ်ကြိမ်ရှိခဲ့သော ဖေဖော်ဝါရီလ(၂၀)ရက်နေ့ကို ရွေးချယ်ရန်နှင့် ပထမဦးဆုံး အကြိမ်ချင်းအမျိုးသားညီအစ်ကိုများ လွတ်လွတ်လပ်လပ် တွေ့ဆုံရသည့်ညီလာခံကိုကျင်းပပြီး ဒီမိုကရေစီအုပ်ချုပ်ရေးအုတ်မြစ် ပြန်လည်ချမှတ်နိုင်ခဲ့သော အဆိုအမှတ်(၄) တင်သွင်းဆုံးဖြတ်ကြသည့်နေ့ ၁၉၄၈ခုနှစ် ဖေဖော်ဝါရီလ(၂၀) ရက်နေ့ကို “ချင်းအမျိုးသားနေ့” သတ်မှတ်ရန် တညီ တညွတ်တည်း ဆုံးဖြတ်ကြသည်။

ယင်းဆုံးဖြတ်ချက်အတိုင်း၊ သတ်မှတ်၍ ချင်းအမျိုးသားနေ့ အောင်ပွဲ သဘင်အခမ်းအနားကို ၁၉၅၁ ခုနှစ် ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင် တောင်ပိုင်းချင်းတောင်ခရိုင်၊ မင်းတပ်မြို့တွင် ပထမဦးဆုံးအကြိမ်ကျင်းပခဲ့သည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုတက်ရောက်ခဲ့သည်။

ဤနေ့သည် အင်္ဂလိပ်နယ်ချဲ့တော်လှန်ရေး၊ လွတ်လပ်ရေးတိုက်ပွဲအား အပြီးသတ်အောင်မြင်သည့်နေ့၊ နယ်ချဲ့ဖြူရိုကရေစီ အာဏာရှင်စနစ်ဖျက်သိမ်းပြီး မူလရှိရင်းစွဲ ဒီမိုကရေစီစနစ် ပြန်လည်ချမှတ်နိုင်သည့်နေ့၊ လွတ်လပ်ရေးနှင့် ဒီမိုကရေစီပြန်လည်ရရှိသည့်အောင်ပွဲနေ့ တနေ့အဖြစ် သတ်မှတ်ကြပါသည်။

စင်စစ်– ချင်းအမျိုးသားနေ့သည် ချင်းအမျိုးသားများ၏ ဒီမိုကရေစီနေ့ပင်ဖြစ်ပေသည်တကား။ ။

## နိဂုံး

ချင်းအမျိုးသားနေ့သည် မတော်တဆပေါ်ပေါက်လာခြင်း မဟုတ်ကြောင်း၊ အကြောင်းမဲ့သတ်မှတ်ခြင်း မဟုတ်ကြောင်း၊ ယခုရေးသားဖော်ပြချက်များသည်ပင်လျှင် ချင်းအမျိုးသာနေ့ ပေါ်ပေါက်လာပုံသမိုင်း အကျဉ်းမျှသာ ဖြစ်ကြောင်း၊ ချင်းအမျိုးသားနေ့ ပေါ်ပေါက်လာရခြင်းအကြောင်းရင်းနှင့် ပတ်သက်ဆက်နွယ်သည့် အကြောင်းရပ် များစွာတို့အနက် လက်လှမ်းမီရာ အနည်းအကျဉ်းမျှကိုသာ စုစည်းသောမှတ်တမ်း ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

သူ့ကျွန်ဘဝတွင် ဤမျှရှည်လျားလှသည့် နှစ်ပရိစ္ဆေဒအတွင်း မိမိတို့လိုလားတောင့်တ၊ နှစ်သက်အပ်သော ပန်းတိုင်သို့ အခက်အခဲ၊ အနှောက်အယှက်၊ အတားအဆီးမျိုးစုံကို ကျော်လွှန်နိုင်အောင် မဆုတ်မနစ်၊ ဇွဲလုံ့လဖြင့် မနားမနေလုံးပန်းကြပြီး၊ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သောကြောင့် ကောင်းစွာအောင်မြင်ခြင်း၏ သာဓကအဖြစ်၊ နောင်ကမ္ဘာတည်သရွေ့ ချင်းအမျိုးသားထုတစ်ရပ်လုံး တစည်းတလုံးတည်း စည်းလုံးညီညွတ်စွာ တည်ရှိ စေခြင်းငှာ ချင်းအမျိုးသားနေ့ပေါ်ပေါက်လာခဲ့သည်။

ချင်းအမျိုးသားနေ့၏ လေးနက်သောအဓိပ္ပါယ်ရှိမှု၊ ပြည့်ဝသောအနှစ်သာရ၊ ကျယ် ဝန်းနက်ရှိုင်းသော သမိုင်းနောက်ခံ၊ ခိုင်လုံသောသမိုင်းမော်ကွန်းအထောက်အထား၊ နောင်အစဉ်ထာဝရဂုဏ်ဒါန်းတွင်ရစ်မည့် ချင်းအမျိုးသားနေ့၊ နေ့ထူးနေ့မြတ်ကို မြတ်နိုးထိန်းသိမ်းမည့် ချင်းအမျိုးသားများ၏ စည်းလုံးညီညွတ်မှုအစဉ်အလာကို မရှုစိမ့်လိုသူများ၏ ဖျက်ဆီးနှောက်ယှက် တိုက်ခိုက်မှုအမျိုးမျိုးကို ချင်းအမျိုးသားတိုင်း အစဉ်ထာဝရ သတိချပ်နေသင့်သည်။

ချင်းအမျိုးသားနေ့ထိန်းသိမ်းရေးနှင့်ပတ်သက်၍အမျိုးသားခေါင်းဆောင်ကြီး ဦးဝမ္မသူမောင်းမှ ၁၉၅၂ ခုနှစ် ဖေဖေါ်ဝါရီလ(၂၀)ရက်နေ့တီးတိန်မြို့၌ကျင်းပသော ဒုတိယအကြိမ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားမိန့်ခွန်း၌ အောက်ဖော်ပြပါအတိုင်းထည့်သွင်း မိန့်မှာခဲ့သည်။

"ချင်းဝိသေသတိုင်းရဲ့အုပ်ချုပ်ရေးစနစ်ဟာအားလုံးသိရှိကြပြီးတဲ့အတိုင်း ဒီမိုကရေစီစနစ်(ဝါ) လူထုဆန္ဒအရ ကောင်စီများဖွဲ့ပြီး လူထုကိုယ်စားလှယ်များက အစိုးရနှင့်ပူးပေါင်းကာအုပ်ချုပ်လျှက်ရှိပါတယ်။ ယခုလို အုပ်ချုပ်ရေး စနစ် ပြောင်းလဲအောင် ၁၉၄၈ ခုနှစ်ဖေဖေါ်ဝါရီလ(၂၀)ရက်နေ့က ဖလမ်းမြို့မှာကျင်းပတဲ့ ချင်းဝိသေသတိုင်းလုံးဆိုင်ရာ လူထုညီလာခံကြီးက တခဲနက်ဆုံးဖြတ်ချက်ချပြီး အတည်ပြုလိုက်တဲ့အတွက် အဲဒီလ အဲဒီနေ့ကို ချင်းအမျိုးသား နေ့အဖြစ် သတ်မှတ်ရန် ၁၉၅၀ပြည့်နှစ်အောက်တိုဘာလ(၉)ရက်နေ့က ကျင်းပတဲ့ ချင်းရေးရာကောင်စီ အစည်းအ ဝေးတွင် အများသဘောတူဆုံးဖြတ်ကြပါတယ်။

ဒါကြောင့်ချင်းအမျိုးသားကြီးငယ်မှန်သမျှ ဤမျှအရေးကြီးပြီး မော်ကွန်းတင်လောက်တဲ့ ဖေဖေါ်ဝါရီ(၂၀)ရက် ချင်းအမျိုးသားနေ့ကို သားစဉ်မြေးဆက်တိုင်အောင် မမေ့ကြဘို့အပြင်၊ ရပြီးဖြစ်တဲ့အခွင့်အရေးတွေကို မဆုံးရှုံးရ အောင် အသက်ပေး၍ ထိန်းသိမ်းသွားကြရန် လေးနက်စွာသတိပေး၍နှိုးဆော်ပါသည်"။

၁၉၅၆–၅၇–၅၈ ခုနှစ်များတွင်ပါလီမန်မှ ချင်းအမျိုးသားနေ့ကျင်းပရေးကို ပိတ်ပင်တားမြစ်၍ ပယ်ဖျက်ရန် ကြိုးပမ်းခဲ့ဘူးသည်။ ၁၉၆၆ ခုနှစ်မင်းတပ်မြို့တွင်ကျင်းပသည့် (၁၈)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ချင်းဝိသေသ တိုင်းနေ့အဖြစ်ကျင်းပရန် တိုင်းခွဲ(၃)ဥက္ကဋ္ဌ ဗိုလ်မှူးမြင့်သိန်းမှ စီစဉ်ခဲ့သည်။ ၁၉၇၆ ခုနှစ် ဖလမ်းမြို့တွင်ကျင်းပသော (၂၈)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားမှအစပြု၍ ၁၉၈၀ ခုနှစ်အထိ ချင်းပြည်နယ်နေ့နှင့် တစ်ထပ်တည်း ကျင်းပရန်ဗဟိုဦးစီး စနစ်အရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မိတီ၏ညွှန်ကြားချက်ဖြင့် ဒေသပါတီ ကော်မိတီမှ စီစဉ်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင်စတင်၍ မဆလပါတီ ဖျက်သိမ်းသည့်၁၉၈၈အထိ ချင်းအမျိုးသားနေ့ ဟူသော စာတမ်းပင် လုံးဝကွယ်ပျောက်၍ ပြက္ခဒိန်၊ ပို့စကဒ်နှင့် အခမ်းအနားနဖူးစည်းစာတမ်းများတွင် ချင်းပြည်နယ် နေ့ဟူ၍ ထွက်ပေါ်လာခဲ့သည်။

ကမ္ဘာ့လူမျိုးအားလုံးတွင် မိမိတို့အမျိုးသားနေ့(သို့) အမျိုးသားနေ့နှင့်ထပ်တူပြုအပ်သော အမျိုးသားရေးနှင့် ဆက်စပ်သက်ဆိုင်သည့် နေ့ထူးနေ့မြတ်အသီးသီး ရှိကြပါသည်။ မည်သည့်လူမျိုးမဆို မိမိတို့၏အမျိုးသားနေ့ကို မြတ်နိုးထိန်းသိမ်းကြမြဲဖြစ်သည်။ မိမိအမျိုးသားနေ့အတွက် ဂုဏ်ယူကြစမြဲဖြစ်သည်။ ကျွန်ုပ်တို့ ချင်းအမျိုးသားတို့၏ ရိုးသားခြင်း၊ ရဲရင့်ခြင်း၊ ညီညွတ်ခြင်းဟူသောကောင်းမြတ်သည့်အစဉ်အလာများဖြင့် ချင်းအမျိုးသားနေ့ကို ထိန်းသိမ်း အပ်သည့်နည်းတူ ကျွန်ုပ်တို့ခေါင်းဆောင်ကြီးများ ပခုံးပြောင်းတာဝန်လွှဲအပ်ခဲ့သော ရည်မှန်းချက်များကို မျက်ခြည် မပြတ် ဆက်လက်အကောင်အထည်ဖော်ရေးမှာ ကျွန်ုပ်တို့၏ သမိုင်းပေးလက်ငင်းတာဝန်ဖြစ်ကြောင်း ခံယူသင့်ကြ ပေသည်။ ယင်းလက်ငင်း တာဝန်များကား–လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ပြည်ထောင်စုရေးတို့ပင် ဖြစ်ပေသည်။

**လွတ်လပ်ရေး**

လွတ်လပ်ရေးဟူသည်မွေးကတည်းကပါလာသောလူ၏မူလအခွင့်အရေးဖြစ်သည်၊ လူတစ်ဦးချင်း၊ လူမျိုး တစ်မျိုးချင်း၊ လွတ်လပ်စွာရပ်တည်ခွင့်၊ မိမိကြမ္မာကို မိမိဖာသာ လွတ်လပ်စွာဖန်တီးပိုင်ခွင့်ရှိသည်။ နိုင်ငံရေးလွတ်

လပ်ခွင့်၊ စီးပွားရေး လွတ်လပ်ခွင့်၊ လူမှုရေးလွတ်လပ်ခွင့်များ အပြည့်အဝရှိမှသာလျှင် လွတ်လပ်ရေး အမှန်ရရှိခြင်း ဖြစ်သည်။

လူမျိုးခြားတိုင်းတပါးကအုပ်ချုပ်မှသာ လွတ်လပ်ရေးဆုံးရှုံးခြင်းရှိသည် မဟုတ်ပါ။ မိမိလူမျိုး၊ မိမိတိုင်းပြည် ဖြစ်စေကာမူ အချုပ်အခြာအာဏာသည် ပြည်သူလထုအတွင်း၌မရှိဘဲ လူတစ်ဦးတစ်ယောက်၊ လူတစ်စုတစ်ဖွဲ့၏ လက်တွင်း၌သာရှိနေ၍ အာဏာရှင်စနစ် ကျင့်သုံးနေပါက လွတ်လပ်ရေးဆုံးရှုံးသည်။ ။ သို့ဖြစ်၍ အစိုးရဟူသည် ပြည်သူလူထုမှရွေးချယ်တင်မြောက်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော အစိုးရမဟုတ်ပါက အသိအမှတ် မပြုသင့်။ လက်နက်အားကိုးဖြင့် တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့မှ အာဏာသိမ်းခြင်းမျိုး မရှိစေရန်ကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်သင့်သည်။ ယခုမြန်မာနိုင်ငံ၏ ပြည်မဒေသဟုခေါ်တွင်သည့် ဗမာပြည်ကို လွတ်လပ်ရေးနှင့် ယှဉ်တွဲသုံးသပ်ပါက ရှေးပဒေသရာဇ်ခေတ်မှစ၍ ယနေ့တိုင်လွတ်လပ်ရေး အမှန်မရရှိသေးကြောင်း တွေ့ရှိရပေသည်။ ပဒေသရာဇ်ခေတ်တလျှောက် တိုင်းသူပြည်သားအားလုံး၏အသက်၊ အိုးအိမ်၊ စည်းစိမ်ချမ်းသာ ဟူသမျှကို သက်ဦးဆံပိုင်ဖြစ်သော ဘုရင်ကသာ ပိုင်ဆိုင်သည်။ အင်္ဂလိပ်လက် အောက်ကျွန်ဘဝ၌ နယ်ချဲ့ဗျူရို ကရေစီအုပ်ချုပ်ရေးအောက် လွတ်လပ်ခွင့်ကိုစွန့်လွှတ်ကြရသည်။ ပါလီမန်ခေတ်၊ မဆလခေတ်၊ နဝတခေတ်များ တလျှောက် စစ်အာဏာရှင်စနစ်အောက်တွင် လွတ်လပ်ခွင့်ပိတ်ပင်ခံကြရသည်။ သို့ဖြစ်၍ မလွတ်လပ်သေးသည့် ဗမာပြည်အဖြစ်သာ ယနေ့တိုင်ရှိနေပါသေးသည်။

ချင်း၊ ကချင်၊ ရှမ်း၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်စသော တိုင်းရင်းသားလူမျိုးများမှာမူ အင်္ဂလိပ်နယ်ချဲ့လက် အောက် မကျရောက်မီကာလအထိ လွတ်လပ်စွာနေထိုင်ခဲ့ကြသူများ ဖြစ်သည်။ နယ်ချဲ့လက်အောက် ကျွန်ဘဝ ကျရောက်သည်မှအစပြု၍ ယနေ့တိုင်အောင် လွတ်လပ်ခွင့်ပိတ်ပင်ခံရသူများ ဖြစ်သည်။ လူမျိုးတစ်မျိုး၏ လွတ်လပ် ခွင့် အခွင့်အရေးကို မဆိုထားဘိ၊ လူနည်းစုအခွင့်အရေးမျှလောက်ကိုပင် မရရှိသော ကိုလိုနီနယ်သားဘဝ အဆင့်၌ သာ ရှိနေကြသည်။ သို့ဖြစ်၍ တိုင်းရင်းသားလူမျိုးများနှင့် ယင်းတို့နယ်မြေများ၏အနေအထားမှာ လွတ်လပ်ရေး ဆုံးရှုံးသော နိုင်ငံများသာဖြစ်နေပေသည်။

### ဒီမိုကရေစီရေး

ပြည်သူလူထု၏ဆန္ဒဖြင့်ရွေးချယ်တင်မြောက်သော ပြည်သူ့ကိုယ်စားလှယ်များမှ ပြည်သူလူထုပြဋ္ဌာန်းသော ဥပဒေအရ အုပ်ချုပ်သောစနစ်သည် ဒီမိုကရေစီအုပ်ချုပ်ရေး စနစ်ဖြစ်ကြောင်း ပြည်သူအများသဘောပေါက် နားလည်ကြပါသည်။ လိုလားတောင့်တကြပါသည်။ ဒီမိုကရေစီ၏ အခြေခံမှာလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေး ဖြစ် သည်။ လွတ်လပ်ခွင့်နှင့်လူ့အခွင့်အရေးဆုံးရှုံးခြင်းသည် ဒီမိုကရေးစီဆိတ်သုဉ်းခြင်းပင်ဖြစ်သည်။ လောကပါဠတရား မရှိက ဖြဟ္မစိုရ်တရားထွန်းကားမည်မဟုတ်ပေ။ ဒီမိုကရေစီဆိတ်သုဉ်းသောအရပ်၌လူဖြစ်ရခြင်းသည် တိရိစ္ဆာန်ဘဝ ထက် သာလွန်ဆိုးဝါးသည်။ လွတ်လပ်ရေး၊ ညီမျှရေး၊ တန်းတူရေး၊ ချစ်ကြည်ရေး၊ ညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ တည်မြဲရေးတို့သည် တစ်ခုနှင့်တစ်ခုဆက်နွှယ်နေသော ဒီမိုကရေစီ၏အနှစ်သာရများဖြစ်သည်။

၁၉၄၇ ခုနှစ်ဖေဖေါ်ဝါရီလ(၁၂)ရက်နေ့တွင် ပြန်လည်အုတ်မြစ်ချခဲ့သော ချင်းတောင်၏ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးစနစ်သည်ပင် ၁၉၅၈ ခုနှစ်အိမ်စောင့်အစိုးရလက်ထက်မှစ၍ ပြန်လည်ကွယ်ပျောက်ခဲ့ရသည်။

### ပြည်ထောင်စုရေး

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးအားလုံး၏ အဓိကရည်မှန်းချက်ပန်းတိုင်သည် ပြည်ထောင်စုအစစ်အမှန် ပေါ်ထွန်းရေး ပင်ဖြစ်သည်။ လူတစ်ဦးချင်း၊ လူမျိုးတစ်မျိုးချင်း၊ လွတ်လပ်စွာရပ်တည်၍ ငြိမ်းချမ်းစွာပူးပေါင်းသည့် ပြည်ထောင်စုကို အလိုရှိကြသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သော တိုင်းပြည်၌ ဖက်ဒရယ်ပြည်ထောင်စု စနစ်ဖြင့် ပြည်ထောင်စုအစစ်အမှန်ကို တည်ဆောက်မှသာလျှ၍ လူတစ်ဦးချင်း၊ လူမျိုးတစ်မျိုးချင်း၊ လွတ်လပ်စွာ ရပ်တည်နိုင်၍ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်နှင့်အတူ ဒီမိုကရေစီထွန်းကားရေး၊ တိုးတက်ဖွံ့ဖြိုးရေး၊ တည်တံ့ခိုင်မြဲ၊ ငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိမည်ဖြစ်သည်။ လူမျိုးကြီးဝါဒ၊ အာဏာရှင်စနစ်တို့ကို ကာကွယ်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်နိုင်ငံတော်အာဏာကို လက်ဝါးကြီးအုပ်ဆုပ်ကိုင်နေသူတစ်စုသည် ပြည်ထောင်စု FEDERAL မူကိုခွဲ ထွက်ရေးမူဟုသမုတ်ကြသည်။ ခွဲထွက်ရေးဟူသော အင်္ဂလိပ်စကားလုံးမှာ SECESSION သာဖြစ်သည်။ Federal နှင့် Secession ဟူသောစကားနှစ်လုံးကို ပြည်သူလူထုမှခွဲခြားနားလည်မည်မဟုတ်ဟူသော အထင်ဖြင့် လွဲမှားစွာ ဝါဒဖြန့်၍ ပြည်သူ လူထုအား လှည့်ဖြားကြသည်။

Federal နှင့်ပတ်သက်၍ When a number of states previously Independent အစကတည်းက အစဉ်အလာအရ လွတ်လပ်သည့်နယ်မြေ (ပြည်နယ် သို့မဟုတ် နိုင်ငံ) များဖြစ်ခဲ့သည်၊ ဖြစ်သည်။ United together and they form a central government for political administration of something common affairs, while retaining independent of action in other metters they are said to form a faderation ယင်းပြည်နယ်များ စုပေါင်းပြီး ဗဟိုအစိုးရဖွဲ့၊ ဘုံအလုပ်နှင့်ဘုံလုပ်ပိုင်ခွင့်ဗဟိုအစိုးရသို့အပ်၊ ကျန်သည့်အာဏာများကို ပြည်နယ်များက လွတ်လွတ်လပ်လပ်ဆောင်ရွက်၊ ယင်းကို ပြည်ထောင်စု ဖွဲ့စည်းသည်ဟုခေါ်သည်။ The state is to have of Federal type of government, when it territory is con form of a number of administrative units its of way is giving definite stirring activity binding of constitution. Federal အစိုးရပုံစံဆိုသည်မှာ အခြားမဟုတ်မဟုတ်ပါ။ Administrative unit ပြည်နယ်များကိုစုပေါင်း၊ ယင်းသို့ပေါင်းစုထားသည့် ပြည်နယ်တိုင်းပြည်နယ်တိုင်းမှ သီးခြားသတ်မှတ်ထားသည့်အခွင့်အာဏာများကို ပေးရမည်။ ယင်းသို့ပေးထားသည်မှာ binding constitution အခြေခံဥပဒေအရ သီးခြားအပ်နှင်းထားသည့်အတိုင်း၊ နောက်တဖန် the local governments are independent of central control and can freely excercise their function, so long as constitutional rule are bound naked. မူလဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ခြင်းမဟုတ်သမျှကာလပါတ်လုံး ယင်းတွင်ပါသည့် ပြည်နယ်သည်လွတ်လပ်စွာ ဆောင်ရွက်နိုင်သည်။

Federal ကိုထပ်မံရှင်းပြရလျှင် Federation နှင့် Confederation ဟူ၍ရှိပါသည်။ Fedaration is a Union State( United state) ပြည်နယ်များစုပေါင်းထားသည့် ပြည်ထောင်စုဖြစ်သည်။ while confederation action is union of state. သို့ဖြစ်၍ Federation သည် Union state, Confederation သည် Union of state ဖြစ်သည် A federation of there one is Union of State, while confederartion is Union of International Character ဆိုလိုရင်းမှာ Federation မှာ National character ကိုအခြေခံ၍ Confederation မှာ Intetnational character ဖြင့်ဖွဲ့စည်းသဖြင့် Confederation သည်တထီးတနန်းဆံသောနိုင်ငံငယ်များကိုစုပေါင်းထားသောကြောင့် International character ကိုဆောင်သည်။

မြန်မာနိုင်ငံတွင် Fedearation ဖြင့်စုပေါင်းသည်ဖြစ်စေ Confederation အဖြစ်စုပေါင်းသည် ဖြစ်စေ၊ အခြေခံအကြောင်း အချက်များပြည့်စုံ အကျိုးဝင်ပြီးသားဖြစ်ကြောင်း တွေ့ရပါမည်။ အဓိကလိုအပ်သည်မှာThe question of National Sovereignty အမျိုးသားအချုပ်အခြာအာဏာအသီးသီးကို မည်သို့ပိုင်ဆိုင်၍ မည်သို့ပူးပေါင်းကြမည်နည်း ဟူသော ပြဿနာပင်ဖြစ်သည်။

သို့ဖြစ်၍ ပြည်နယ်တစ်ခုစီတစ်ခုစီ၌ Sovereigntyအပ်နှင်းပြီး ပြည်ထောင်စုတစ်ခုလုံးနှင့် ဆိုင်သောလုပ်ပိုင်ခွင့်ကို ပြည်ထောင် စုအစိုးရ(ဗဟိုအစိုးရ)အား အပ်နှံသောမူကို Fedaral မူ စစ်စစ်ဟု ကျွန်ုပ်တို့ခေါ်ဝါသမုတ်ရွေးချယ်ကြခြင်းဖြစ်သည်။ Secession ဆိုသည် မှာ ပြည်ထောင်စုတစ်ခုလုံး၏အဖွဲ့ဝင်ပြည်နယ်များ၏ Agreement သို့မဟုတ် Constitution တွင်မူတည်သည်။ မြန်မာနိုင်ငံတွင် Unitary အပြည်ထောင်စုစနစ်ကိုဆက်လက် ကျင်းသုံး၍ မဖြစ်တော့ကြောင်း၊ မသင့်တော်တော့ကြောင်း အတွေ့အကြုံရင့်ကျက်လာနေကြပြီးဖြစ်သည်။

The indispenable quality of the **federal state** being a distribution of the power of the government between the **federal authority** and the **federal units**. Federal is a device for bringing together and satisfying deferent peoples and races of a country. When a number of states previously indepentent unit together and form a central government for political administration of certain common affairs while retaining independent

of action in other matters they are said to form a federation. A federation is a union state while a conderation, therefore, is a national union while a confederation is a union of an international character. Conferation is an assembly of ambassadors of the various states of league. International sovereignty of each remains quite unimpaired and its external sovereignty is limited only to a very small extent.

ထို့အပြင် ဒုတိယကမ္ဘာစစ်အပြီး ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့်ပါတ်သက်၍ ကုလသမဂ္ဂ၏အစီရင်ခံချက်တွင် ဖော်ပြထားသည်မှာ

**Principle VI**

A non-self governing territory can be said to have reach a measure of self government by

(a) Emergence as a sovereign independent states or
(b) Free association with an independent state or
(c) Integration with an independent state

**Principle VII**

(a) Free association should be the result of a free and voluntary choice by the people of the territory concerned express through informed and **democratic** precess it should be one which respect the individuality and the cultural characteristics of the territory and its peoples and retions for the peoples of territory which is associated with an **independent** states of that territorty through the expression of their will by democratic means and through constitutional processes.
(b) The associated territory should have the reight to determine its internal constitution without interference, in accordance with due constitutional processes and freely expressed wishes of the people. This does not preclude constitutions as approprite or necessary under the the terms of the free association agreed upon.

**Principle VIII**

Integration with an independent state should be on the basic of complete equality between the peoples of the state while non-self governing territory and those of the dependent country with wich it integrated. The people of both territories should have equal status and rights of citizenship and effective participation at all levels in the excutive legislative and judical organs of government ဟူ၍ဖြစ်သည်။

သို့ဖြစ်၍ ကျွန်ုပ်တို့၏ခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးမရမီကတည်းက ပြည်ထောင်စုအဖြစ် ပူးပေါင်းရန် အကြောင်းမဲ့လိုလားကြခြင်းမဟုတ်ဘဲ ပြည်ထောင်စုအဖြစ်ပူးပေါင်းရန်မှတပါး တန်းတူညီမျှနိုင်သည့် အခြားနည်းလမ်းမရှိကြောင်း သိရှိသဘောတူညီကြခြင်းဖြစ်သည်။ ယင်းသို့မဟုတ်ပါက မူလအင်္ဂလိပ်မအုပ်စိုးမီ ကာလအတိုင်း မိမိအမျိုးသား မိမိနိုင်ငံအသီးသီးအဖြစ် ပြန်လည်ရပ်တည်ကြရန်သာဖြစ်သည်။

ကျွန်ုပ်တို့ ပြည်ထောင်စု၊ ပြည်ထောင်စုဟု ပြောပြောနေရသော ပြည်ထောင်စုသည် အမည်ခံအတု အယောင်မဟုတ်ဘဲ ပြည်ထောင်စုအစစ်အမှန်ဖြစ်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အဓိကပင်မ အရေးအကြီးဆုံးဖြစ်သည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟူ၍ နှစ်ကြိမ်ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။ နှစ်ခုစလုံးသည် ပြည်ထောင်စုအမည်ခံ တပြည်ထောင်ဖွဲ့စည်းပုံစနစ်ဖြင့် ရေးဆွဲထားသော ဥပဒေများဖြစ်ရာ ဗမာမဟုတ်သောတိုင်းရင်းသားလူမျိုး(၇)မျိုးအား ဗမာတိုင်းရင်းသားလူတစ်မျိုးတည်းက ကိုလိုနီပြု လွှမ်းမိုးအုပ်စိုးနိုင်ခဲ့သည်။

၁၉၄၇ ဥပဒေတွင် နယ်မြေအပိုင်းအခြားမှအစ ဗမာမဟုတ်သောတိုင်းရင်းသားနယ်မြေများအား ဗမာတိုင်းရင်းသားနယ်မြေအဖြစ် သွတ်သွင်းထားသည်။ ချင်းပြည်အား ဗဟိုအစိုးရအထောက်အပံ့ အထူးဦးစားပေးပါမည် ဟုလိမ်ညာ၍ ပြည်နယ်အဆင့်ပင်မပေးဘဲ ‘ဝိသေသ’ဟူသောစကားလုံးဖြင့်ချွေးသိပ်ပြီး‘တိုင်း’အဆင့်၌ ထားခဲ့သည်။ ဤအကြောင်းအရာများနှင့်ပါတ်သက်၍ ဦးဝမ္မသူးမောင်းမှ ၄င်း၏‘ဝန်ကြီးဖြစ်စဉ်အခက်အခဲအချို့’ မှတ်တမ်းတွင် –

(၁) ဆူမရာ၊ နာဂတောင်တန်းနယ်ကို ချင်းဝိသေသတိုင်းအတွင်း ထည့်သွင်းပေးသင့်ကြောင်း ၄င်းနယ်အမျိုး သားခေါင်းဆောင်များနှင့် ပူးပေါင်းတောင်းဆိုခြင်း၊

(၂) ချင်းဝိသေသတိုင်းအတွက် ဘဏ္ဍာတော်ခွဲဝေပေးရန် လက်တွေ့လုပ်ငန်းစဉ်များ၊ အခက်အခဲများ တင်ပြတောင်းဆိုခဲ့ခြင်း၊

(၃) ချင်းပြည်နယ်သတ်မှတ်ပေးရေးကို အပြင်းအထန်တောင်းဆိုခဲ့ခြင်း – စသည်တို့တွင် ဝန်ကြီးချုပ်နှင့်အခြားဝန်ကြီးများသဘောတူပါလျက် ဘဏ္ဍာရေးဌာနဝန်ကြီး မြန်မာ့အလင်းဦးတင်၊ ဝန်ကြီးဦးကျော်ငြိမ်းတို့ကန့်ကွက်မှုကြောင့် အခက်အခဲနှင့်ရင်ဆိုင်ခဲ့ရသည်၊ ဤကိစ္စ၊ ဤအရေးကြောင့် ဝန်ကြီးရာထူးမှနုတ်ထွက်လိုကြောင်း မူလလွတ်လပ်ရေးမရမီ ဖိုလ်ချုပ်အောင်ဆန်း၏မူ၊ ဖိုလ်ချုပ်အောင်ဆန်းနှင့်ချင်းကိုယ်စားလှယ်များဆွေးနွေးခဏ်း ရေစုံမျောကြောင်းများပါ ပြောဆိုရသည်အထိ ဖြစ်ခဲ့ရသည် – ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရသည်။

အလားတူစွာပင် ၁၉၇၄ ဥပဒေသည်လည်း ထူမခြားနားခဲ့။ ချင်းဝိသေသတိုင်းမှ ချင်းပြည်နယ်အမည်သို့ ပြောင်းလဲခြင်းတခုသာလျှင်ရှိသည်။ ဗမာမဟုတ်သော ချင်း၊ ကချင်၊ ရှမ်း၊ ကရင်၊ ကယား၊ မွန်၊ ရခိုင် တိုင်းရင်းသားလူမျိုး(၇)မျိုးတို့၏ 'ပြည်နယ်(၇)ပြည်နယ်'နှင့် ဗမာတိုင်းရင်းသားပိုင် 'တိုင်း(၇)တိုင်း' ထားရှိ ကာ ပြည်နယ်နှင့်တိုင်းကို အဆင့်အတန်း အတူထားရှိသည်။

ကျွနုပ်တို့အမျိုးသားခေါင်းဆောင်ကြီးများမျှော်မှန်းခဲ့သည့် ပြည်ထောင်စုပုံစံမှာ –

(၁) တပြည်ထောင်စနစ်မှာ ပထဝီအရနယ်မြေစိတ်ပိုင်း၍ အချုပ်အခြာအာဏာကို ဗဟိုမှချုပ်ကိုင်အုပ်ချုပ်ရသောစနစ်ဖြစ်သဖြင့် လူမျိုးတမျိုးတည်း၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ အစစအရာရာတခုတည်းဖြစ်သောတိုင်းပြည်တွင်သာ သင့်တော်သည်။ မြန်မာနိုင်ငံနှင့် လုံးဝမအပ်စပ်။ ပြည်ထောင်စုဆိုသည့်အတိုင်း ပြည်ထောင်များစုပေါင်းသော ပြည်ထောင်စုကိုသာ အလိုရှိသည်။ စစ်မှန် သော ပြည်ထောင်စုသည် အောက်ပါအင်္ဂါရပ်များနှင့်ပြည့်စုံရမည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံတွင် ချင်း၊ ကချင်၊ ရှမ်း၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်၊ ဗမာဟူ၍ လူမျိုး(၈)မျိုးရှိသည်နှင့်အညီ အမျိုးသားပြည်နယ်(၈)ပြည်နယ်ကို ဖွဲ့စည်းရမည်။

(၃) ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုအမျိုးသားလွှတ်တော်(အထက်လွှတ်တော်)နှင့် ပြည်သူ့လွှတ်တော်(အောက်လွှတ်တော်) နှစ်ရပ်ထားရှိရမည်။

(၄) လူမျိုးစုအမျိုးသားလွှတ်တော်(အထက်လွှတ်တော်)ကို ပြည်နယ်များမှ ဦးရေအညီအမျှစီစေလွှတ်ထားသော လွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်း၍ ပြည်သူ့လွှတ်တော်(အထက်လွှတ်တော်)ကို ပြည်နယ်များမှ လူဦးရေအချိုးအစားအလိုက်စေလွှတ်ထားသော လွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းရမည်။

(၅) ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များက တနိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်ရန် ပြည်ထောင်စုကြီးကိုပေးထားသော နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေး၊ ငွေစက္ကူ၊ ငွေဒင်္ဂါးထုတ်ဝေရေးနှင့် ယာယီလွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများကို အပ်နှင်းထားသည့် ပြည်ထောင်စုအစိုးရကိုဖွဲ့စည်းရမည်။

(၆) ပြည်ထောင်စုစစ်စစ်မှုအရ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတည်းဟူသော အချုပ်အခြာအာဏာသုံးရပ်စလုံးပိုင်ဆိုင်သည့် နိုင်ငံရေးအာဏာအပြည့်အဝရှိသော ပြည်ထောင်(ပြည်နယ်)အစိုးရများကို ဖွဲ့စည်းရမည်။ တနိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ပေးအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများမှအပကျန်လုပ်ပိုင်ခွင့်အာဏာ Residurary Power များကို ပြည်ထောင်(ပြည်နယ်)အစိုးရသို့ အပြည့်အဝပေးအပ်ထားရမည်။

ဤသည်မှာ စစ်မှန်သောပြည်ထောင်စုစနစ်၏ အခေါင်အချုပ်ဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးအားလုံး တန်းတူရည်တူပူးပေါင်းနိုင်သော ပြည်ထောင်စုစစ်စစ်မှု၏ အနှစ်သာရဖြစ်သည်။

ဤစာတမ်းသည် –

(၁) ၁၉၉၈–ခုနှစ် ဖေဖော်ဝါရီလ (၂၀)ရက်နေ့ကျရောက်သော အနှစ်ငါးဆယ်ပြည့် ချင်းအမျိုးသားနေ့ ရွှေရတုသဘင်အထိမ်းအမှတ် ဂုဏ်ပြုစာစောင်အဖြစ် ရေးသားထားသော စာတမ်းဖြစ်သည်။
(၂) ဦးဝမ္မသူးမောင်း၏ လက်ရေးမူမှတ်တမ်းနှင့် ၁၉၅၁–ခုနှစ် ပထမဦးဆုံးအကြိမ် ကျင်းပသော ''ချင်းအမျိုး သားနေ့ အောင်ပွဲသဘင်အခမ်းအနားနှင့် ချင်းဝိသေသတိုင်းလုံးဆိုင်ရာ ညီလာခံသဘင်''မှတ်တမ်းမှ ဦးဝမ္မသူးမောင်း၏မိန့်ခွန်းကို အဓိကပြန်လည်ဖော်ပြသော မှတ်တမ်းဖြစ်ပါသည်။ ၎င်းအပြင်

(၁) ၁၉၈၂ – တက္ကသိုလ်များ၊ ရန်ကုန်၊ ခစယနှစ်လည်မဂ္ဂဇင်း၊ ဆလိုင်းလျန်မှုန်း၏ဆောင်းပါး
(၂) ၁၉၇၂ – ပြည်တွင်းညီညွတ်ရေးအဖွဲ့၊ (၃၃)ဦးကော်မိတီသို့ ချင်းလူငယ်များအကြံပြုချက်
(၃) မင်းတပ်ဘုနိန် –ချင်းတောင်သမိုင်း
(၄) ကျင်ဒွေးဘမောင်၏ ဆောင်းပါးများ
(၅) တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ
(၆) ၁၉၉၀ – ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် ထုတ်ပြန်ကြေငြာချက်များ စသည် တို့မှ အချက်အလက်များလည်း ပါဝင်သည်။ ၎င်းအပြင်
(၇) ခွန်မာကိုဘန်း – ပင်လုံစိတ်ဓါတ် ရှင်သန်ဖော်ဆောင်ရေးမှ စစ်မှန်သောဒီမိုကရေစီ ဖက်ဒရယ်ပြည် ထောင်စု နိုင်ငံတော်သစ်တည်ဆောက်ရေးသို့ စာအုပ်မှ အချက်အလက်များဖြင့် ပြန်လည် ဖြည့်စွက် ထားပါသည်။

ဆလိုင်းကီးလဲအောမ်း

နောက်ဆက်တွဲ

## သက္ကရာဇ် ၂၀၀၃–ခုနှစ် ဖေဖော်ဝါရီလ (၁၈) ရက်နေ့ နယူးဒေလီမြို့တွင် **Chin Forum** ဦးစီးကျင်းပသည့် ချင်းအမျိုးသားနေ့အကြိုဟောပြောပွဲ၌ ဆလိုင်းကီးလဲအောမ်း၏ ချင်းအမျိုးသားနေ့ပေါ်ပေါက်လာပုံသမိုင်း ဟောပြောချက်

ချင်းအမျိုးသားညီနောင်အပေါင်းတို့ခင်ဗျာ



ချင်းအမျိုးသားနေ့ဟာ လွတ်လပ်ရေးနဲ့ ဒီမိုကရေစီကို အခြေခံပြီး ပေါ်ပေါက်လာတဲ့အတွက် ပြောမကုန်အောင် ရှည်လျားနက်နဲတဲ့ သမိုင်း ကြောင်းဖြစ်ပါတယ်။ ဒါကြောင့် သည်ကနေ့အဘို့ရာတော့ သည် ချင်း အမျိုးသားနေ့ကို ဘာဖြစ်လို့ ဖေဖော်ဝါရီလ (၂၀)ရက်နေ့ သတ်မှတ် ရသလဲဆိုတဲ့ ထူးခြားတဲ့အကြောင်းအရာ အချက်တွေ လောက်ကိုဘဲ အတိုချုံးတင်ပြ ဆွေးနွေးမှာဖြစ်ပါတယ်။

ပထမဦးဆုံးမှတ်တိုင်ကတော့ ၁၉၁၈ ခုနှစ်ဖေဖော်ဝါရီလ(၂၀)ရက် ဖြစ်ပါတယ်။ မေမြို့ အင်္ဂလိပ်စစ်တပ်အတွင်းမှာ ရှိတဲ့ချင်းအမျိုးသားများဖွဲ့စည်းတဲ့ ချင်းအမျိုးသားများရဲ့ ပထမဦးဆုံး သော လူမှုရေးအဖွဲ့အစည်းဖြစ်တဲ့ "ချင်းအမျိုးသားပညာရေးမြှင့်တင်ရေးအဖွဲ့"ပေါ်ပေါက်တဲ့နေ့ ဖြစ်ပါတယ်။

ဒုတိယမှတ်တိုင်ကတော့ ၁၉၂၈ ခုနှစ် ဖေဖော်ဝါရီလ(၂၀)ရက်ဖြစ်ပါတယ်။ မင်းတပ်နယ်၊လိုယုံးရွာမှာ ချင်းအမျိုးသားများရဲ့ ပထမဦးဆုံးသောနိုင်ငံရေးအဖွဲ့အစည်းဖြစ်တဲ့ "ချင်းတောင်ညီညွတ်ရေးအဖွဲ့"ပေါ်ပေါက်တဲ့နေ့ ဖြစ်ပါတယ်။ ၁၉၃၃ခုနှစ် မတ်လ(၂၄–၂၅)ရက်၊ မသုံနူးရွာ(မင်းတပ်နယ်) ညီလာခံကနေ "ချင်းအမျိုးသားညီညွတ်ရေး အဖွဲ့"လို့ အမည်ပြင်ဆင် ခဲ့ပါတယ်။ အဲဒီ ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့(ခမညဖ)ရဲ့ ၁၉၃၄ခုနှစ်စက်တင်ဘာလ (၂၉)ရက်၊ ဝရဲရွာ(မင်းတပ်နယ်) ညီလာခံကနေ အင်္ဂလိပ်အစိုးရကို ရာဇသံ (၉) ချက်ပေးထား ပါတယ်။

တတိယမှတ်တိုင်ကတော့ ၁၉၃၈ ခုနှစ် ဖေဖော်ဝါရီလ(၂၀)ရက်ဖြစ်ပါတယ်။ အဲဒီ ခမညဖရဲ့ တောင်းဆိုချက်(၉)ရပ်နဲ့ ပါတ်သက်ပြီး အင်္ဂလိပ်အစိုးရကိုယ်စားလှယ်များနဲ့ ခမညဖဦးစီးတဲ့ ချင်းလူထုသုံးထောင်ကျော်တို့၊ တောင်ပိုင်းချင်းပြည်၊ ကန်ပက်လက်မြို့မှာ တွေ့ဆုံပွဲကျင်းပတဲ့နေ့၊ တောင်းဆိုချက်(၉)ရပ်ကို အင်္ဂလိပ်အစိုးရက တခုမျှ မလိုက်လျောနိုင်ကြောင်း ကြေငြာတာနဲ့ ချင်းလူထုက ချက်ခြင်း သပိတ်မှောက်မောင်းထုတ်တဲ့နေ့ ဖြစ်ပါတယ်။ အင်္ဂလိပ်ကိုယ်စားလှယ်များ ညတွင်းချင်း ဆောမြို့(မကွေးတိုင်း)ကို ထွက်ပြေးကြရတယ်။

စတုတ္ထမှတ်တိုင်ကတော့ ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ(၂၀)ရက် ဖြစ်ပါတယ်။ အင်္ဂလိပ်အစိုးရက ခမညဖအဖွဲ့ကို မတရားအသင်းကြေငြာပြီး ဦးဝမ္မသူးမောင်းအပါအဝင် ခမညဖခေါင်းဆောင်(၉)ဦး စတင်ဖမ်းဆီးတဲ့နေ့ဖြစ်တယ်။ ကန်ပက်လက်မှာ အင်္ဂလိပ်အစိုးရကိုယ်စားလှယ်များကို သပိတ်မှောက်မောင်းထုတ်တဲ့ကိစ္စနဲ့ပါတ်သက်ပြီး အင်္ဂလိပ်အစိုးရက 'တနှစ်'အချိန်ယူပြင်ဆင်ပြီး ဖမ်းဆီးထောင်ချတာဖြစ်တယ်။ အသုတ်(၅)သုတ်၊ လူပေါင်း(၇၉)ဦး နိုင်ငံရေးအကျဉ်းသား အဖြစ် ဖမ်းဆီးထောင်ချခံရပါတယ်။

ပဉ္စမနဲ့နောက်ဆုံးမှတ်တိုင်ကတော့ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ(၂၀)ရက်ဖြစ်ပါတယ်။ မြောက်ပိုင်းချင်းတောင်၊ ဖလမ်းမြို့မှာ ၁၉၄၈ ဖေဖော်ဝါရီ (၁၉–၂၂)ကျင်းပတဲ့ ချင်းဝိသေသတိုင်းလုံးဆိုင်ရာညီလာခံမှာ "တိုက်သူကြီးများ ဖြုတ်ချပြီး လူထုရွေးချယ်သည့်ကိုယ်စားလှယ်များဖြင့်အုပ်ချုပ်ရန်"ဆိုတဲ့ အဆိုအမှတ်(၄)တင်သွင်း၊ ထောက်ခံတဲ့နေ့ ဖြစ်ပါတယ်။ ထောင်ဇကိုင်း(တီးတိန်)က တင်သွင်းပြီး ဆွန်မန်း(ဖလမ်း)နဲ့ထန်းမောင်း(ကန်ပက်လက်)တို့က ထောက်ခံကြပါတယ်။ မဲခွဲဆုံးဖြတ်ရာမှာ ထောက်ခံမဲ ငါးထောင်ကျော်နဲ့ ကန့်ကွက်မဲ(၁၇)မဲ ရှိပါတယ်။

ချင်းဝိသေသတိုင်းလုံးဆိုင်ရာညီလာလာခံကျင်းပရခြင်းအကြောင်းနဲ့ ၁၉၄၈ ဖေဖော်ဝါရီလ(၂၀)ရက်နေ့ကို ချင်းအမျိုးသားနေ့သတ်မှတ်ရတဲ့အကြောင်း ဆက်လက်တင်ပြလိုပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၄၈ခုနှစ် ဇန်နဝါရီလ(၄)ရက်မှာ လွတ်လပ်ရေးကိုကြေငြာတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအပိုင်း(၅) ချင်းဝိသေသတိုင်းအခဏ်း၊ ပုဒ်မ (၁၉၆၊ ၁၉၇၊ ၁၉၈ )တို့အရ ချင်းဝိသေသတိုင်း၊ ချင်းရေးရာကောင်စီ၊ ချင်းရေးရာဌာန၊ ချင်းရေးရာဝန်ကြီး ဆိုတာတွေ ပေါ်ပေါက်လာပါတယ်။ ဦးဝမ္မသူးမောင်းက ပထမဦးဆုံး ချင်းရေးရာဝန်ကြီး ဖြစ်လာပြီး ချင်းတောင်အုပ်ချုပ်ရေးစနစ်အတွက် လူထုကိုဆန္ဒခံယူဘို့ကို ပထမဦးဆုံးသောလုပ်ငန်းအဖြစ် ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ချင်းအမျိုးသားထုရဲ့ဆန္ဒကို စုံစမ်းဖေါ် ထုတ်နိုင်ဘို့ "ချင်းတောင်စုံစမ်းစစ်ဆေးရေးကော်မရှင်"တရပ်ဖွဲ့စည်းပေးပါမည့်အကြောင်း ၁၉၄၈ ဇန်နဝါရီ(၂၂)မှာ ပြည်ထောင်စုမြန်မာနိုင်ငံ ဝန်ကြီးများအဖွဲ့ကိုတင်သွင်းပါတယ်။ ၁၉၄၈ ဇန်နဝါရီ(၂၈) ရက်နေ့ ဝန်ကြီးများအဖွဲ့ သတ္တမအစည်းအဝေး၊ အစီအစဉ် (၅) သဘောတူဆုံးဖြတ်ချက်အရ ချင်းတောင်စုံစမ်းစစ်ဆေးရေးကော်မရှင်ဟာ ၁၉၄၈ ဖေဖော်ဝါရီ (၅)ရက်မှာ ပေါ်ပေါက်လာပါတယ်။ သဘာပတိက ဦးဝမ္မသူးမောင်း၊ အတွင်းရေးမှူးက တိုင်းမင်းကြီးစည်သူဦးသိမ်းမောင် (အေ တီအမ်)၊ အဖွဲ့ဝင်က ဦးစိုးဝင်း(အမျိုးသားပညာဝန်ဟောင်း)တို့ဖြစ်တယ်။

ကော်မရှင်က နယ်အသီးသီးကလူလုကိုယ်စားလှယ်၊ တိုက်အုပ်၊ ချောင်းအုပ်၊ သူကြီးများရဲ့ လူထုဆန္ဒကို ၁၉၄၈ခုနှစ် ဖေဖေါ်ဝါရီ(၁၂)ရက်ကနေ(၂၆)ရက်အထိ စစ်ဆေးခဲ့ပါတယ်။ အဲဒီစစ်ဆေးနေရင်းမှာဘဲ ချင်းဝိသေသတိုင်းလုံးဆိုင်ရာ ညီလာခံကိုလဲ ဖလမ်းမြို့မှာ ၁၉၄၈ ဖေဖေါ် (၁၉)ကနေ(၂၂)ရက်အထိ တပြိုင်ထဲကျင်းပခဲ့ပါ တယ်။

ကော်မရှင်ရဲ့စစ်ဆေးချက်ကတော့ (၁၂၊ ၀၂၊ ၄၈) တီးတိန်မြို့မှာ ကမ်တောါစုတ္တဲါစီးယင်းနယ်၊ (၁၆၊ ၀၂၊ ၄၈) ဖလမ်းမြို့မှာ ဟားခါးနယ်၊ (၁၇၊ ၀၂၊ ၄၈) ဖလမ်းမြို့မှာရာတောက်၊ ဘော်လကွာ၊ လွန်ဘန်၊ ငါးမွတ်၊ကန်ပက်လက်၊ဟားခါးနယ်၊ (၁၈၊ ၀၂၊ ၄၈) ဖလမ်းမြို့မှာ ထုတ်လှိုင်၊ ကွာဇပ်နယ် စစ်ဆေးပါတယ်။ (၁၉၊ ၀၂၊ ၄၈) ကနေ (၂၂၊ ၀၂၊ ၄၈) အထိ ဖလမ်းမြို့မှာ ချင်းဝိသေသတိုင်းလုံးဆိုင်ရာညီလာခံကျင်းပပြီး လူထုဆန္ဒကို ကြားနာတယ်။ ညီလာခံပြီးဆုံးတဲ့ နောက်ဆုံးနေ့ (၂၂၊ ၀၂၊ ၄၈) မှာ ဖလမ်းမြို့မှာပလက်ဝနယ်၊ (၂၃၊ ၀၂၊ ၄၈) ဖလမ်းမှာ တီးတိန်ကလွတ်တော် ကိုယ်စားလှယ် မန်တုံးနုန်း၊ ၂၆၊ ၀၂၊ ၄၈ ဖလမ်းမြို့မှာ ချင်းဝိသေသတိုင်းအတွင်းရှိ နယ်အရာရှိများဆန္ဒကို စစ်ဆေး ပါတယ်။
လူထုတင်ပြတဲ့ စနစ်ဟောင်းတိုက်သူကြီးအုပ်ချုပ်ရေးချို့ယွင်းအားနည်းချက်များကတော့

(၁) အာဏာနှင့်အခွင့်အရေးအလွဲသုံးစားပြု၍ လူထုအပေါ်ညှဉ်းပမ်းနှိပ်စက်ကြခြင်း၊
(၂) ပြည်သူလူထုအကျိုးသယ်ပိုးရန်စိတ်ဆန္ဒနည်းပါးကြပြီး ဆက်ဆံရေးမပြေပြစ်ကြခြင်း၊
(၃) တိုးတက်သောခေတ်ကိုရင်ဘောင်တန်းလိုက်နိုင်သော လူမှုဆက်ဆံရေးအကြားအမြင်၊ ဗဟုသုတမရှိကြခြင်း၊
(၄) ဝန်ထောက်များပေးသောအာဏာကို အရမ်းမဲ့သုံးစွဲကြခြင်း၊
(၅) နိုင်ငံတော်အစိုးရချမှတ်သောမူဝါဒနှင့် မညီညွတ်မဆီလျော်ကြခြင်း

ကော်မရှင်က လူထုဆန္ဒစစ်ဆေးချက်ကို အနှစ်ချုပ်လိုက်တော့

(၁) တိုက်သူကြီးများဖြုတ်ချရန်ဆန္ဒရှိကြောင်း တညီတညွတ်တည်းထွက်ဆိုကြကြောင်း၊
(၂) တိုက်သူကြီးအုပ်ချုပ်ရေးစနစ်ဟောင်းအစား လူထုဆန္ဒနဲ့ရွေးချယ်တင်မြှောက်တဲ့ ကိုယ်စားလှယ်များ အုပ်ချုပ်တဲ့ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သစ် တီထွင်အစားထိုးအုပ်ချုပ်ရန် တညီတညွတ်တည်း ထွက်ဆိုကြကြောင်း တွေ့ရှိပါ တယ်။

ကော်မရှင်က ရန်ကုန်မြို့မှာ (၁၀၊ ၀၃၊ ၄၈) အစည်းအဝေးကျင်းပပြီး တိုက်သူကြီးများကို ၄င်းတို့ အမှုထမ်းသက်တန်းအလျောက် ထိုက်သင့်တဲ့ပင်စင်၊လျော်ကြေးပေးဘို့ ဆွေးနွေးပါတယ်။ ကော်မရှင်ရဲ့ (၁၈၊ ၀၉၊ ၄၈)နေ့ ရန်ကုန်မြို့ အစည်းအဝေးမှာ ကော်မရှင်အတွင်းရေးမှူးရဲ့ လျော်ကြေးအသေးစိတ်တွက်ချက်မှု အစီရင်ခံစာကို ဆွေးနွေးကြပါတယ်။ ကော်မရှင်က (၂၂၊ ၀၉၊ ၄၈)အစည်းအဝေးမှာ အပြီးသတ်ဆွေးနွေးမှု၊ အချောကိုင်မှုတွေပြုလုပ်ပြီး နိုင်ငံတော်အစိုး ရဝန်ကြီးများအဖွဲ့အစည်းအဝေးကိုတင်ပြဘို့ ဆုံးဖြတ်ပါတယ်။ ပြီးတော့ ဝန်ကြီးများအစည်းအဝေးကို (၃၀၊ ၀၉၊ ၄၈ )မှာ တင်သွင်းပါတယ်။ အတိုချုပ်ပြောရရင် ဝန်ကြီးများအစည်းအဝေးက သဘောတူညီချက်ရရှိသွားပြီးတဲ့နောက် ဥပဒေရေးဆွဲတဲ့ဟာကို တနှစ်လုံးလိုလို လုံးပမ်းကြပြန်တယ်။ အဲဒါကြောင့် **'1896 Chin Hills Regulation Act'** ပျက်ပြယ်ပြီး '၁၉၄၈ ချင်းဝိသေသတိုင်းအက်ဥပဒေ'နဲ့ 'ချင်းဝိသေသတိုင်းအက်ဥဒေ (ဥပဒေများနှင့်သက်ဆိုင်စေခြင်း)' ဥပဒေများကို ပြဌာန်းနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်နဲ့ ဒေသန္တရ အုပ်ချုပ်ရေးကို အဦးဆုံး ဖော်ဆောင်နိုင် ခဲ့တာဟာ ဂုဏ်ယူစရာဖြစ်ပါတယ်။

ချင်းအမျိုးသားနေ့သတ်မှတ်ရေးအစည်းအဝေးကို ၁၉၅၀ပြည့်နှစ် အောက်တိုဘာလ (၉)ရက်နေ့၊ ရန်ကုန်မြို့မှာ ချင်းရေးရာကောင်စီက ကျင်းပပါတယ်။ အထက်ကတင်ပြခဲ့တဲ့သမိုင်းနောက်ခံတွေရှိတဲ့ ဖေဖော်ဝရီလ (၂၀)ရက်နေ့ကို ရွေးချယ်ကြပြီး ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ချမှတ်ရန်ဆိုတဲ့ အဆိုအမှတ်(၄)တင်သွင်း၊ ထောက်ခံ၊ ဆုံးဖြတ်တဲ့နေ့ ၁၉၄၈ခုနှစ် ဖေဖော်ဝါရီလ(၂၀)ရက်နေ့ကိုသတ်မှတ်ဘို့ တညီတညွတ်တည်း ဆုံးဖြတ်ကြပါတယ်။ ချင်းအမျိုးသားနေ့ အခမ်းအနားကို ၁၉၅၁ခုနှစ်ဖေဖော်ဝါရီလ(၂၀)ရက်နေ့၊ တောင်ပိုင်းချင်းတောင်ခရိုင်၊ မင်းတပ်မြို့မှာ ပထမဦးဆုံး အကြိမ် ကျင်းပပါတယ်။ ဖလမ်းမှာကျင်းပတဲ့ ချင်းဝိသေသတိုင်းလုံးဆိုင်ရာညီလာခံကို နိုင်ငံတော်သမတစဝ်ရွှေသိုက် တက်ရောက်ပြီး မင်းတပ်မှာကျင်းပတဲ့ ပထမဦးဆုံးသော ချင်းအမျိုးသားနေ့အခမ်းအနားကို နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု တက်ရောက်ခဲ့ ပါတယ်။ ပထမဦးဆုံးသောချင်းရေးရာဝန်ကြီး ဦးဝမ္မသူးမောင်းလက်ထက်မှာတော့ 'ချင်းအမျိုးသားနေ့

အောင်ပွဲသဘင် အခမ်းအနားနှင့် ချင်းဝိသေသတိုင်းလုံးဆိုင်ရာညီလာခံသဘင်’ဆိုပြီး တွဲဘက်ကျင်းပတာကို တွေ့ရပါတယ်ဆိုတဲ့ အကြောင်း ပြောပြရင်းနဲ့ဘဲနိဂုံးချုပ်အပ်ပါတယ်။

## သက္ကရာဇ် ၂၀၀၄–ခုနှစ် ဖေဖေါ်ဝါရီလ (၁၈) ရက်နေ့ နယူးဒေလီမြို့တွင် **Chin Forum** ဦးစီးကျင်းပသည့် ချင်းအမျိုးသားနေ့အကြိုဟောပြောပွဲ၌ ဆလိုင်းကီးလဲအောမ်း၏ ချင်းအမျိုးသားနေ့ပေါ်ပေါက်လာပုံသမိုင်း ဟောပြောချက်

သဘာပတိကြီးနဲ့တကွကြွရောက်လာကြတဲ့ ချင်းအမျိုးသားညီနောင်အပေါင်းတို့ခင်ဗျာ

ချင်းအမျိုးသားနေ့ဟာ လွတ်လပ်ရေးနဲ့ ဒီမိုကရေစီကိုအခြေခံပြီးပေါ်ပေါက်လာတဲ့အတွက် ပြောမကုန်အောင် ရှည်လျားနက်နဲ တဲ့ သမိုင်းကြောင်းဖြစ်ပါတယ်။ အတိုဆုံးပြောရရင်တော့ ချင်းရေးရာကောင်စီက ၁၉၅၀ပြည့်နှစ် အောက်တိုဘာလ (၉)ရက်နေ့ ရန်ကုန်မြို့မှာ ချင်းအမျိုးသားနေ့ သတ်မှတ်ရေးအစည်းအဝေး ကျင်းပပြုလုပ်ပြီး အောက်ဖော်ပြပါ ထူးခြားချက်သမိုင်းမှတ်တိုင်များကို အခြေပြုပြီး ချင်းအမျိုးသားနေ့ကို ဖေဖေါ်ဝါရီလ (၂၀)ရက် နေ့ သတ်မှတ်ပါတယ်။

ထူးခြားချက်များကတော့ –

- ပထမမှတ်တိုင် ၁၉၁၈ ဖေဖေါ် (၂၀)ရက် ချင်းအမျိုးသားပညာရေးမြှင့်တင်ရေးအဖွဲ့ဖွဲ့စည်းသည့်နေ့
- ဒုတိယမှတ်တိုင် ၁၉၂၈ ဖေဖေါ် (၂၀)ရက် ချင်းတောင်ညီညွတ်ရေးအဖွဲ့ ဖွဲ့စည်းသည့်နေ့
- တတိယမှတ်တိုင် ၁၉၃၈ ဖေဖေါ် (၂၀)ရက် ကန်ပက်လက်တွင် အင်္ဂလိပ်ကိုသပိတ်မှောက် မောင်းထုတ်သည့်နေ့
- စတုတ္တမှတ်တိုင် ၁၉၃၉ ဖေဖေါ် (၂၀)ရက် ချင်းခေါင်းဆောင်များ နိုင်ငံရေးအကျဉ်းသားအဖြစ် စတင်ဖမ်းဆီးသည့်နေ့
- ပဥ္စမမှတ်တိုင် ၁၉၄၈ ဖေဖေါ် (၂၀)ရက် ဖလမ်းညီလာခံတွင် ဒီမိုကရေစီအုတ်မြစ်ချအဆိုတင်သွင်း ထောက်ခံသည့်နေ့တို့ ဖြစ်ပါတယ်။

ဆက်လက်ပြီး သမိုင်းမှတ်တိုင်တခုချင်းရဲ့အကြောင်းအရာတွေကို အတိုချုံးရှင်းပြရမယ် ဆိုရင် –

ပထမဦးဆုံးမှတ်တိုင် ၁၉၁၈ ခုနှစ်ဖေဖေါ်ဝါရီလ(၂၀)ရက်ကတော့ မေမြို့၊ အင်္ဂလိပ်စစ်တပ်အတွင်းမှာရှိတဲ့ ချင်းအမျိုးသားများ ဖွဲ့စည်းတဲ့ ချင်းအမျိုးသားများရဲ့ ပထမဦးဆုံးသောလူမှုရေးအဖွဲ့အစည်းဖြစ်တဲ့ "ချင်းအမျိုးသားပညာရေးမြှင့်တင်ရေးအဖွဲ့" ပေါ်ပေါက်တဲ့နေ့ဖြစ်ပါတယ်။ ဥက္ကဌ ဦးအွမ်ပိုင်း ဒုဥက္ကဌ ဦးဝမ္မသူးမောင်း အတွင်းရေးမှူး ရက်လောင်းလိန်း လူရှေ၊ အရှို တောင်ပိုင်းမြောက်ပိုင်းချင်းအမျိုးသား အဖွဲ့ဝင်များနဲ့ ဖွဲ့စည်းကြပါတယ်။ အဲဒီအချိန်တုံးကအခြေအနေမှာ အင်္ဂလိပ်စစ်တပ်ဟာ အနယ်နယ် အရပ်ရပ်က ချင်းအမျိုးသားများရဲ့ စုရပ် သဖွယ်ဖြစ်ပါတယ်။ ချင်းအမျိုးသားများအတွက် ပညာရေးဟာ အဓိကလိုအပ်ချက်ဖြစ်တယ်လို့ စုပေါင်း သုံးသပ်ပြီး ဒီအဖွဲ့ကိုဖွဲ့စည်းကြကြောင်း သိရှိရပါတယ်။ အကျိုးသက်ရောက်မှု တော်တော်များများ ရှိခဲ့ပါတယ်။ ဥပမာ ဦးဝမ္မသူးမောင်းဟာ ၁၉၂၄ အင်္ဂလိပ်စစ်တပ်ကထွက်ပြီး ဇာတိဝမ္မသူးရွာမှာ မူလတန်းကျောင်းဖွင့် ကိုယ်တိုင်ကျောင်းဆရာလုပ်ရင်း နိုင်ငံရေးစည်းရုံးမှုတွေစတင်ပြုလုပ်ခဲ့ပါတယ်။

ဒုတိယမှတ်တိုင် ၁၉၂၈ခုနှစ် ဖေဖေါ်ဝါရီလ (၂၀)ရက်ကတော့ မင်းတပ်နယ်၊လိုယုံးရွာမှာ ချင်းအမျိုးသားများရဲ့ ပထမဦးဆုံးသောနိုင်ငံရေးအဖွဲ့အစည်းဖြစ်တဲ့ "ချင်းတောင်ညီညွတ်ရေးအဖွဲ့" ပေါ်ပေါက်တဲ့နေ့ ဖြစ်ပါတယ်။ ဥက္ကဌ ဦးဟာထန်းအွမ် ဒုဥက္ကဌ ဦးဝမ္မသူးမောင်း အတွင်းရေးမှူး ဝရဲလောဟာ တို့အပါအဝင် (၁၂)ဦး ကော်မိတီနဲ့ စတင်ဖွဲ့

စည်းပါတယ်။ ဒီအဖွဲ့ရဲ့ ၁၉၃၃ခုနှစ် မတ်လ(၂၄–၂၅)ရက်၊ မသုံနူးရွာ(မင်းတပ်နယ်) ညီလာခံက နေ "ချင်းအမျိုးသား ညီညွတ်ရေးအဖွဲ့"လို့ အမည်ပြင်ဆင်ခဲ့ပါတယ်။ ပြင်ဆင်ရတဲ့အကြောင်းကတော့ ချင်းတောင်တန်း၊ လူရှေတောင်တန်း ၊ နာဂတောင်တန်း စသဖြင့် အင်္ဂလိပ်ကကွဲပြားစွာခေါ်ဝေါ်နေတဲ့အတွက် တောင် ပေါ်မြေပြန့် ချင်းအမျိုးသားအားလုံး သွေးစည်းညီညွတ်ရေးကိုဦးတည်ပြီး ပြန်လည်ပြင်ဆင်ကြောင်း သိရှိရပါတယ်။ အဲဒီ ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့ (ခမညဖ)ရဲ့ ၁၉၃၄ခုနှစ်စက်တင်ဘာလ (၂၉)ရက်၊ ဝရဲရွာ (မင်းတပ်နယ်)ညီလာခံကနေ အင်္ဂလိပ် အစိုးရကို ရာဇသံ (၉)ချက်ပေးထား ပါတယ်။ အဲဒါတွေကတော့

(၁) ချင်းတောင်ဒေသအုပ်ချုပ်ရေးကို ပြည်မနှင့်တန်းတူအခွင့်အရေးပေးရန်

(၂) ချင်းတောင်အုပ်ချုပ်ရေးတွင် ချင်းအမျိုးသားကိုယ်စားလှယ်များပါဝင်ရေးဆွဲသော ဥပဒေကိုသာ ကျင့်သုံးရန်

(၃) ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွါးရေး တိုးတက်ဖွံ့ဖြိုးရေးပြုပြင်ဆောင်ရွက်ပေးရန်

(၄) ချင်းတောင်ပညာရေးစနစ် အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန် (အင်္ဂလိပ်စာအပြင် မြန်မာစာကိုပါ သင်ကြား ခွင့် ပြုရန်)

(၅) ဘာသာရေးလွတ်လပ်ခွင့်ပေးရန်

(၆) ချင်းတောင်တန်းလမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင်အမြန်ဆုံးဖောက်လုပ်ပေးရန်

(၇) ပြည်မနှင့်ချင်းတောင်တန်းဒေသ လွတ်လပ်စွာကူးလူးဆက်ဆံခွင့်ပေးရန်

(၈) ချင်းလူမျိုးတို့အား မည်သည့်လူမျိုးနှင့်မဆို တန်းတူရည်တူဆက်ဆံခွင့်ပေးရန်

(၉) မြန်မာနိုင်ငံကိုလွတ်လပ်ရေးပေးသောအခါ ချင်းတောင်ကိုပါတပါတည်းလွတ်လပ်ရေးပေးရန် တို့ ဖြစ်ပါ တယ်။

တတိယမှတ်တိုင် ၁၉၃၈ ခုနှစ် ဖေဖေါ်ဝါရီလ(၂၀)ရက်ကတော့ အဲဒီ ခမညဖရဲ့ တောင်းဆိုချက် (၉)ရပ်နဲ့ပါတ်သက်ပြီး အင်္ဂလိပ်အစိုးရကိုယ်စားလှယ်များနဲ့ ခမညဖဦးစီးတဲ့ ချင်းလူထု သုံးထောင်ကျော်တို့၊ တောင်ပိုင်းချင်းပြည်၊ ကန်ပက် လက်မြို့မှာ တွေ့ဆုံပွဲကျင်းပတဲ့နေ့၊ တောင်းဆိုချက်(၉)ရပ်ကို အင်္ဂလိပ်အစိုးရက တခုမျှ မလိုက်လျောနိုင်ကြောင်း ကြေငြာတာနဲ့ ချင်းလူထုက ချက်ခြင်း သပိတ်မှောက် မောင်းထုတ်တဲ့နေ့ ဖြစ်ပါတယ်။ အင်္ဂလိပ်ကိုယ်စားလှယ်များ ညတွင်းချင်း ဆောမြို့(မကွေးတိုင်း)ကို ထွက်ပြေးကြရပါတယ်။ အင်္ဂလိပ်ခန့်ထားတဲ့တိုက်သူကြီး(၃၆)ဦးကတောင် သူတို့ခန့်စာတွေပြန်အပ်ပြီး သပိတ်မှာပါဝင်ကြတယ်လို့ ဆိုပါတယ်။

စတုတ္ထမှတ်တိုင် ၁၉၃၉ ခုနှစ် ဖေဖေါ်ဝါရီလ(၂၀)ရက်ကတော့ အင်္ဂလိပ်အစိုးရက ခမညဖအဖွဲ့ကို မတရားအသင်း ကြေငြာပြီး ဦးဝမ္မသူးမောင်းအပါအဝင် ခမညဖခေါင်းဆောင်(၉)ဦး စတင်ဖမ်းဆီးတဲ့နေ့ ဖြစ်တယ်။ (အဲဒီနေ့မှာ လိုယုံးရွာက ဒေါ်ခယ်လောထုံ၊ တောင်ကုန်းရွာက ဒေါ်ငိုင်းအွမ်ရိန်၊ ဒေါ်ဟာ ထန်းမံ၊ ဒေါ်ငိုင်းဂေလျူး အမျိုးသမီး (၄)ဦးလဲ ဖမ်းဆီးစစ်ဆေးခံရတယ်လို့ဆိုတယ်။ ဘုန်းကြီးဦးတိသက နိုင်ငံရေးနဲ့မပါတ်သက်ကြောင်းဖြေကြားကြဘို့ ကြိုတင်သင်ပေးထားလို့ အဖြေကောင်းတာနဲ့ ပြန်လွတ်ကြတယ်လို့ ဆိုတယ်)။ ကန်ပက်လက်မှာ အင်္ဂလိပ်အစိုးရ ကိုယ်စားလှယ်များကို သပိတ်မှောက်မောင်းထုတ်တဲ့ကိစ္စနဲ့ပါတ်သက်ပြီး အင်္ဂလိပ်အစိုးရက တနှစ် အချိန်ယူပြင်ဆင် ပြီး ဖမ်းဆီးထောင်ချတာဖြစ်တယ်။ အသုတ်(၅)သုတ်၊ လူပေါင်း(၇၉)ဦး နိုင်ငံရေးအကျဉ်းသားအဖြစ် ဖမ်းဆီးထောင်ချ ခံရပါတယ်။ ဒီအကြောင်းကို ၁၉၄၀ခုနှစ်ဇွန်လ(၂)ရက်နေ့ ဇလွန်ဒေါ်ငွကြီး လူလုအစည်းအဝေးမှာ ဗိုလ်ချုပ်အောင်ဆန်း က ထုတ်ဖော်ပြောကြားတဲ့အတွက် ငါးကျပ်တန်ဝရမ်းထုတ်ခံရပြီး ပြည်ပကိုထွက် သွားရပါတယ်

ပဉ္စမနဲ့နောက်ဆုံးမှတ်တိုင်ကတော့ ၁၉၄၈ ခုနှစ် ဖေဖေါ်ဝါရီလ(၂၀)ရက်ဖြစ်ပါတယ်။ မြောက်ပိုင်းချင်း တောင်၊ ဖလမ်းမြို့မှာ ၁၉၄၈ ဖေဖေါ် (၁၉–၂၂)ကျင်းပတဲ့ ချင်းဝိသေသတိုင်းလုံးဆိုင်ရာညီလာခံမှာ "တိုက်သူကြီးများဖြုတ်ချပြီး လူထုရွေးချယ်သည့် ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်ရန်"ဆိုတဲ့ အဆိုအမှတ် (၄) တင်သွင်း၊ ထောက်ခံတဲ့နေ့

ဖြစ်ပါတယ်။ ထောင်ဇကိုင်း(တီးတိန်)က တင်သွင်းပြီး ဆွန်မန်း(ဖလမ်း)နဲ့ ထန်းမောင်း(ကန်ပက်လက်)တို့က ထောက်ခံကြပါတယ်။ မဲခွဲဆုံးဖြတ်ရာမှာ ထောက်ခံမဲ ငါးထောင်ကျော်နဲ့ ကန့်ကွက်မဲ(၁၇)မဲ ရှိပါတယ်။

ချင်းဝိသေသတိုင်းလုံးဆိုင်ရာညီလာလာခံကျင်းပရခြင်းအကြောင်းနဲ့ ၁၉၄၈ ဖေဖော်ဝါရီလ(၂၀)ရက်နေ့ကို ချင်းအမျိုးသားနေ့ သတ်မှတ်ရတဲ့အကြောင်း ဆက်လက်တင်ပြလိုပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၄၈ခုနှစ် ဇန်နဝါရီလ(၄)ရက်မှာ လွတ်လပ်ရေးကို ကြေငြာပါတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အပိုင်း (၅) ချင်းဝိသေသတိုင်းအခဏ်း၊ ပုဒ်မ (၁၉၆၊ ၁၉၇၊ ၁၉၈ )တို့အရ ချင်းဝိသေသတိုင်း၊ ချင်းရေးရာကောင်စီ၊ ချင်းရေးရာဌာန၊ ချင်းရေးရာဝန်ကြီး ဆိုတာတွေ ပေါ်လာပါတယ်။ ဦးဝမ္မသူးမောင်းက ပထမဦးဆုံး ချင်းရေးရာဝန်ကြီး ဖြစ်လာပြီး ချင်းတောင်အုပ်ချုပ်ရေးစနစ်အတွက် လူထုကိုဆန္ဒခံယူဘို့ ပထမ ဦးဆုံးလုပ်ငန်းအဖြစ် ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ချင်းအမျိုးသားထုရဲ့ဆန္ဒကို စုံစမ်းဖေါ်ထုတ်နိုင်ဘို့ “ချင်းတောင်စုံစမ်းစစ်ဆေးရေးကော်မရှင်”တရပ် ဖွဲ့စည်းစစ်ဆေး ရင်း လူထုညီလာခံကိုလဲ တပြိုင်ထဲကျင်းပ ဘို့စီစဉ်ခဲ့တာဖြစ်ပါတယ်။ ချင်းတောင်စုံစမ်းစစ်ဆေးရေး ကော်မရှင်ဟာ ၁၉၄၈ ဖေဖော်ဝါရီလ (၅)ရက်မှာ ပေါ်ပေါက်ပြီး သဘာပတိကဦးဝမ္မသူးမောင်း၊ အတွင်းရေးမှူးက တိုင်းမင်းကြီး စည်သူ ဦးသိမ်းမောင်(အေတီအမ်)၊ အဖွဲ့ဝင်ကဦးစိုးဝင်း(အမျိုးသားပညာဝန်ဟောင်း)တို့ဖြစ်ပါတယ်။

ကော်မရှင်က နယ်အသီးသီးကလူလုကိုယ်စားလှယ်၊ တိုက်အုပ်၊ ချောင်းအုပ်၊ သူကြီးများရဲ့ လူထုဆန္ဒကို ၁၉၄၈ခုနှစ် ဖေဖော်ဝါရီ(၁၂)ရက်ကနေ(၂၆)ရက်အထိ စစ်ဆေးခဲ့ပါတယ်။ အဲဒီစစ်ဆေးနေရင်းမှာဘဲ ချင်းဝိသေသတိုင်းလုံးဆိုင်ရာ ညီလာခံကိုလဲ ဖလမ်းမြို့မှာ ၁၉၄၈ ဖေဖော် (၁၉)ကနေ(၂၂)ရက်အထိ တပြိုင်ထဲ ကျင်းပခဲ့ပါ တယ်။

ကော်မရှင်က (၁၂၊ ၀၂၊ ၄၈) တီးတိန်မြို့မှာ ကမ်တော၊ စုတ္တဲ၊ စီးယင်းနယ်၊ (၁၆၊ ၀၂၊ ၄၈) ဖလမ်းမြို့မှာ ဟားခါးနယ်၊ (၁၇၊ ၀၂၊ ၄၈) ဖလမ်းမြို့မှာရာတောက်၊ ဘော်လကွာ၊ လွန်ဘန်၊ ငါးမွတ်၊ ကန်ပက်လက်၊ ဟားခါးနယ်၊ (၁၈၊ ၀၂၊ ၄၈) ဖလမ်းမြို့မှာ ထုတ်လှိုင်၊ ကွာဇပ်နယ် စစ်ဆေးပါတယ်။ (၁၉၊ ၀၂၊ ၄၈) ကနေ (၂၂၊ ၀၂၊ ၄၈) အထိ ဖလမ်းမြို့မှာ ချင်းဝိသေသတိုင်းလုံးဆိုင်ရာ ညီလာခံကျင်းပပြီး လူထုဆန္ဒကို ကြားနာတယ်။ ညီလာခံပြီးဆုံးတဲ့ နောက်ဆုံးနေ့ (၂၂၊ ၀၂၊ ၄၈) မှာ ဖလမ်းမြို့မှာ ပလက်ဝနယ်၊ (၂၃၊ ၀၂၊ ၄၈) ဖလမ်းမှာ တီးတိန်ကလွတ်တော် ကိုယ်စားလှယ် မန်တုံးနုန်း၊ ၂၆၊ ၀၂၊ ၄၈ ဖလမ်းမြို့မှာ ချင်းဝိသေသတိုင်းအတွင်းရှိ နယ်အရာရှိများဆန္ဒကို ဆက်လက်စစ်ဆေး ပါတယ်။

လူထုတင်ပြတဲ့ စနစ်ဟောင်းတိုက်သူကြီးအုပ်ချုပ်ရေးချို့ယွင်းအားနည်းချက်များကတော့

(၆) အာဏာနှင့်အခွင့်အရေးအလွဲသုံးစားပြု၍ လူထုအပေါ်ညှဉ်းပမ်းနှိပ်စက်ကြခြင်း၊
(၇) ပြည်သူလူထုအကျိုးသယ်ပိုးရန်စိတ်ဆန္ဒနည်းပါးကြပြီး ဆက်ဆံရေးမပြေပြစ်ကြခြင်း၊
(၈) တိုးတက်သောခေတ်ကို ရင်ဘောင်တန်းလိုက်နိုင်သော လူမှုဆက်ဆံရေးအကြားအမြင်၊ ဗဟုသုတ မရှိကြခြင်း၊
(၉) ဝန်ထောက်များပေးသောအာဏာကို အရမ်းမဲ့သုံးစွဲကြခြင်း၊
(၁၀) နိုင်ငံတော်အစိုးရချမှတ်သောမူဝါဒနှင့် မညီညွတ်မဆီလျော်ကြခြင်း

ကော်မရှင်က လူထုဆန္ဒစစ်ဆေးချက်ကို အနှစ်ချုပ်လိုက်တော့

(၃) တိုက်သူကြီးများဖြုတ်ချရန်ဆန္ဒရှိကြောင်း တညီတညွတ်တည်းထွက်ဆိုကြကြောင်း၊
(၄) တိုက်သူကြီးအုပ်ချုပ်ရေးစနစ်ဟောင်းအစား လူထုဆန္ဒနဲ့ရွေးချယ်တင်မြှောက်တဲ့ ကိုယ်စားလှယ်များ အုပ်ချုပ်တဲ့ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သစ် တီထွင်အစားထိုးအုပ်ချုပ်ရန် တညီတညွတ်တည်း ထွက်ဆိုကြကြောင်း တွေ့ရှိပါတယ်။

ကော်မိရှင်စစ်ဆေးချက်၊ ညီလာခံဆုံးဖြတ်ချက်တထပ်တည်းကိုက်ညီတာကြောင့် ကော်မရှင်က ရန်ကုန်မြို့မှာ (၁၀၊ ၀၃၊ ၄၈) အစည်းအဝေးကျင်းပပြီး တိုက်သူကြီးများကို ၄င်းတို့အမှုထမ်းသက်တန်းအလျောက် ထိုက်သင့်တဲ့ပင်စင်၊

လျော်ကြေးပေးဘို့ ဆွေးနွေးပါတယ်။ ကော်မရှင်ရဲ့ (၁၈၊ ၀၉၊ ၄၈) နေ့ ရန်ကုန်မြို့ အစည်းအဝေးမှာ ကော်မရှင် အတွင်းရေးမှူးရဲ့ လျော်ကြေးအသေးစိတ်တွက်ချက်မှု အစီရင်ခံစာကို ဆွေးနွေးကြတယ်။ ကော်မရှင်က (၂၂၊ ၀၉၊ ၄၈) အစည်းအဝေးမှာ အပြီးသတ်ဆွေးနွေးမှု၊ အချောကိုင်မှုတွေပြုလုပ်ပြီး နိုင်ငံတော်အစိုးရဝန်ကြီးများအဖွဲ့ အစည်းအဝေး ကိုတင်ပြဘို့ ဆုံးဖြတ်ပါတယ်။ ပြီးတော့ ဝန်ကြီးများအစည်းအဝေးကို (၃၀၊ ၀၉၊ ၄၈ )မှာတင်သွင်းပါတယ်။ အတိုချုပ်ပြောရရင် ဝန်ကြီးများအစည်းအဝေးက သဘောတူညီချက်ရရှိသွားပြီးတဲ့နောက် ဥပဒေရေးဆွဲတဲ့ဟာကို တနှစ်လုံးလိုလို လုံးပမ်းကြပြန်တယ်။ အဲဒါကြောင့် **'1896 Chin Hills Regulation Act'** ပျက်ပြယ်ပြီး '၁၉၄၈ ချင်းဝိသေသတိုင်းအက်ဥပဒေ'နဲ့ 'ချင်းဝိသေသတိုင်းအက်ဥဒေ (ဥပဒေများနှင့်သက်ဆိုင်စေခြင်း)' ဥပဒေများ ကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ဒီဥပဒေအရ ချင်းဝိသေသတိုင်းအတွင်း ဒီမိုကရေစီစနစ်နဲ့ ဒေသန္တရအုပ်ချုပ်ရေး ကို မြန်မာနိုင်ငံမှာ အဦးဆုံး ဖော်ဆောင်နိုင်ခဲ့ပါတယ်။

၁၉၅၀ပြည့်နှစ် အောက်တိုဘာလ (၉)ရက်နေ့၊ ရန်ကုန်မြို့မှာ ချင်းရေးရာကောင်စီကျင်းပတဲ့ ချင်းအမျိုးသားနေ့ သတ်မှတ်ရေးအစည်းအဝေးမှာ အထက်ကတင်ပြခဲ့တဲ့သမိုင်းနောက်ခံတွေရှိတဲ့ ဖေဖော်ဝရီလ (၂၀) ရက်နေ့ကို ရွေးချယ်ကြပြီး ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ချမှတ်ရန်ဆိုတဲ့ အဆိုအမှတ်(၄)တင်သွင်း၊ ထောက်ခံ၊ ဆုံးဖြတ်တဲ့နေ့ ၁၉၄၈ခုနှစ် ဖေဖော်ဝါရီလ(၂၀)ရက်နေ့ကို သတ်မှတ်ဘို့ တညီတညွတ်တည်း ဆုံးဖြတ်ကြပြီးတဲ့နောက် ချင်းအမျိုးသား နေ့ အခမ်းအနားကို ၁၉၅၁ခုနှစ်ဖေဖော်ဝါရီလ(၂၀)ရက်နေ့၊ တောင်ပိုင်းချင်းတောင်ခရိုင်၊ မင်းတပ်မြို့မှာ ပထမဦးဆုံး အကြိမ် ကျင်းပပါတယ်။ ဖလမ်းမှာ ကျင်းပတဲ့ ချင်းဝိသေသတိုင်းလုံးဆိုင်ရာညီလာခံကို နိုင်ငံတော်သမတစဝ်ရွှေသိုက် တက်ရောက်ပြီး မင်းတပ်မှာကျင်းပတဲ့ ပထမဦး ဆုံးသော ချင်းအမျိုးသားနေ့ အခမ်းအနားကို နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု တက်ရောက်ခဲ့ပါတယ်။ ပထမဦးဆုံးသောချင်းရေးရာဝန်ကြီး ဦးဝမ္မသူးမောင်းလက်ထက်မှာတော့ 'ချင်းအမျိုး သားနေ့အောင်ပွဲသဘင် အခမ်းအနားနှင့် ချင်းဝိသေသတိုင်းလုံးဆိုင်ရာ ညီလာခံသဘင်'ဆိုပြီး တွဲဘက်ကျင်းပတာ တွေ့ရပါ တယ်။

ချင်းအမျိုးသားနေ့၊ ချင်းဝိသေသတိုင်းနေ့၊ ချင်းပြည်နယ်နေ့ ဆိုတာတွေ မတူကွဲပြားကြောင်းကိုလဲ ဆက်လက်တင်ပြ လိုပါတယ်။ ချင်းအမျိုးသားနေ့ကတော့ အမျိုးသားရေးကြိုးပမ်းမှုနောက်ခံသမိုင်းများနဲ့အတူ ပေါ်ပေါက်လာပြီး ဖေဖေါ်ဝါရီလ (၂၀)ရက် ဖြစ်ပါတယ်။ ၁၉၄၇ခုနှစ် စက်တင်ဘာ(၂၄)ရက်နေ့ အတည်ပြုတဲ့ ဖွဲ့စည်းပုံအရ ချင်းဝိသေ သတိုင်းဖြစ်လာတဲ့အတွက် ချင်းဝိသေသတိုင်းနေ့ကတော့ စက်တင်ဘာလ(၂၄)ရက် ဖြစ်ပါတယ်။ နောက် ၁၉၇၄ခုနှစ် ဇန်နာဝါရီလ(၃)ရက်နေ့ အတည်ပြုတဲ့ ဖွဲ့စည်းပုံအရ ချင်းပြည်နယ်ဖြစ်လာပါတယ်။ ဒါ ကြောင့် ချင်းပြည်နယ်နေ့ ကတော့ ဇန်နာဝါရီလ(၃)ရက်ဖြစ်ပါတယ်။ အမျိုးသားနေ့က အမျိုးသားတရပ်လုံးနဲ့သက်ဆိုင်ပြီး ဝိသေသတိုင်း၊ ပြည်နယ်နေ့တွေဆိုတာကတော့ အဲဒီအတိုင်းအတာဧရိယာအတွင်း နေထိုင်တဲ့လူတွေနဲ့ဆိုင်ပါတယ်။

နောက်တခုဆက်လက်တင်ပြလိုတာက ဗမာအစိုးရအဆက်ဆက်လက်ထက်မှာ အစိုးရကိုယ်တိုင် ချင်းအမျိုးသားနေ့ ကို သေးသိမ်ပပျောက်အောင်၊ ဦးတည်ချက်လမ်းလွဲအောင်၊ အဓိပါယ်အနှစ်သာရပျက်ပြယ်အောင် ကြိုးပမ်းချက်တွေ တွေ့ကြုံရပါတယ်။ ၁၉၅၆၊ ၁၉၅၇၊ ၁၉၅၈ ကာလများမှာ ပါလီမန်က ပယ်ဖျက်ဘို့ ကြိုးပမ်းဘူးပါတယ်။ ၁၉၆၆ တော်လှန်ရေးကောင်စီဆိုတဲ့ အစိုးရလက်ထက်မှာ ချင်းဝိသေသတိုင်းနေ့လို့ အစိုးရကပြောင်းလဲကျင်းပဘို့ စီစဉ်ခဲ့ ပါတယ်။ ဦးဝမ္မသူးမောင်းက သူ့ရွာဝမ္မသူးကနေ မင်းတပ်ပါတီယူနစ်ကို လာရောက်ကန့်ကွက် ကာကွယ်တယ်။ ချင်းအမျိုးသားနေ့အခမ်းအနားအပြီး (၂၃၊ ၀၂၊ ၆၆)နေ့ရွာအပြန် ကားမှောက်သေဆုံးခဲ့ပါတယ်။ ချင်းအမျိုးသားနေ့ရဲ့ ဖခင်ကြီးကိုယ်တိုင် ချင်းအမျိုးသားနေ့ကို အသက်နဲ့လဲပြီး ကာကွယ်ရပါတယ်။ မဆလအစိုးရက ၁၉၇၆ ကနေ ၁၉၈၀အထိ ချင်းအမျိုးသားနေ့နှင့် ချင်းပြည်နယ်နေ့ဆိုပြီး အဓမ္မတွဲဘက် နဖူးစည်းတပ် ကျင်းပခိုင်းပါတယ်။ ၁၉၈၁ ကစပြီးတော့ ချင်းပြည်နယ်နေ့လို့ ကျင်းပခိုင်းပါတယ်။ ၁၉၈၈ နောက်ပိုင်း နဝတ၊ နအဖ စစ်အစိုးရလက်ထက်ဆိုရင် ကျင်းပခွင့်ကိုတောင်မှဘဲ ယနေ့အထိ ပိတ်ပင်ထားဆဲဘဲ ရှိနေကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။

## (၁၄၊၀၉၊ ၂၀၀၅ မှ ၃၁၊ ၁၀၊ ၂၀၀၅) နယူးဒေလီတွင် **Chin Forum** ပြုလုပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာသင်တန်း၌ ဆလိုင်းကီးလဲအောမ်း၏ ချင်းအမျိုးသားနေ့နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပို့ချချက်

ယနေ့ပို့ချမည့်ခေါင်းစဉ်မှာ ကျွန်ုပ်တို့၏ "ချင်းအမျိုးသားနေ့"ပေါ်ပေါက်လာခြင်းသည်ပင်လျှင် ဖွဲ့စည်းပုံနှင့်ပါတ်သက်သည့် အကြောင်းပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ၁၉၄၈–ခုနှစ်ဇန်နဝါရီလ(၄)ရက်နေ့တွင် လွတ်လပ်ရေးရရှိကြောင်း၊ လွတ်လပ်ရေးရသည်နှင့်တပြိုင်နက်အသုံးပြုရန် ၁၉၄၇–ခုနှစ် –ဥပဒေရေးဆွဲကြောင်းများ ပြောပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းဥပဒေအတွင်းမှာပင် ၁၉၄၈ –ချင်းဝိသေသတိုင်းအက်ဥပဒေကိုပြဋ္ဌာန်းပြီး ဒေသန္တရအုပ်ချုပ်ရေးကို ဒီမိုကရေစီနစ်ဖြင့် အကောင်အထည်ဖော်နိုင်ရန် ကျွန်ုပ်တို့ခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးမားစွာ လုပ်ဆောင်ခဲ့ကြပုံ၊ ချင်းအမျုးသားနေ့ပေါ်ပေါက် လာပုံနှင့်လည်း ဆက်နွယ်နေကြောင်းတို့ကို ပြောပြပါမည်။

မြန်မာနိုင်ငံဟာ ၁၉၄၈ခုနှစ် ဇန်နဝါရီလ(၄)ရက်မှာ လွတ်လပ်ရေးကို ကြေငြာပါတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အပိုင်း (၅) ချင်းဝိသေသတိုင်းအခဏ်း၊ ပုဒ်မ (၁၉၆၊ ၁၉၇၊ ၁၉၈ )တို့အရ ချင်းဝိသေသတိုင်း၊ ချင်းရေးရာကောင်စီ၊ ချင်းရေးရာဌာန၊ ချင်းရေးရာဝန်ကြီး ဆိုတာတွေ ပေါ်လာပါတယ်။ ဦးဝမ္မသူးမောင်းက ပထမဦးဆုံး ချင်းရေးရာဝန်ကြီး ဖြစ်လာပြီး ချင်းတောင်အုပ်ချုပ်ရေးစနစ်အတွက် လူထုကိုဆန္ဒခံယူဘို့ ပထမ ဦးဆုံးလုပ်ငန်းအဖြစ် ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ချင်းအမျိုးသားထုရဲ့ဆန္ဒကို စုံစမ်း ဖေါ်ထုတ်နိုင်ဘို့ "ချင်းတောင်စုံစမ်းစစ်ဆေးရေးကော်မရှင်"တရပ် ဖွဲ့စည်းစစ်ဆေးရင်း လူထုညီလာခံကိုလဲ တပြိုင်ထဲကျင်းပဘို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။ ချင်းတောင်စုံစမ်းစစ်ဆေးရေး ကော်မရှင်ဟာ ၁၉၄၈ ဖေဖေါ်ဝါရီလ (၅)ရက်မှာ ပေါ်ပေါက်ပြီး သဘာပတိကဦးဝမ္မသူးမောင်း၊ အတွင်းရေးမှူးက တိုင်းမင်းကြီး စည်သူ ဦးသိမ်းမောင်(အေ တီအမ်)၊ အဖွဲ့ဝင်ကဦးစိုးဝင်း(အမျိုးသားပညာဝန်ဟောင်း)တို့ ဖြစ်ပါတယ်။

ကော်မရှင်က နယ်အသီးသီးကလူလုကိုယ်စားလှယ်၊ တိုက်အုပ်၊ ချောင်းအုပ်၊ သူကြီးများရဲ့ လူထုဆန္ဒကို ၁၉၄၈ခုနှစ် ဖေဖေါ်ဝါရီ(၁၂)ရက်ကနေ(၂၆)ရက်အထိ စစ်ဆေးခဲ့ပါတယ်။ အဲဒီစစ်ဆေးနေရင်းမှာဘဲ ချင်းဝိသေသတိုင်းလုံးဆိုင်ရာ ညီလာခံကိုလဲ ဖလမ်းမြို့မှာ ၁၉၄၈ ဖေဖေါ် (၁၉)ကနေ(၂၂)ရက်အထိ တပြိုင်ထဲ ကျင်းပခဲ့ပါ တယ်။

ကော်မရှင်က (၁၂၊ ၀၂၊ ၄၈) တီးတိန်မြို့မှာ ကမ်တော၊ စုတ္တဲ၊ စီးယင်းနယ်၊ (၁၆၊ ၀၂၊ ၄၈) ဖလမ်းမြို့မှာ ဟားခါးနယ်၊ (၁၇၊ ၀၂၊ ၄၈) ဖလမ်းမြို့မှာရာတောက်၊ ဘော်လကွာ၊ လွန်ဘန်၊ ငါးမွတ်၊ ကန်ပက်လက်၊ ဟားခါးနယ်၊ (၁၈၊ ၀၂၊ ၄၈) ဖလမ်းမြို့မှာ ထုတ်လိုင်၊ ကွာဇပ်နယ် စစ်ဆေးပါတယ်။ (၁၉၊ ၀၂၊ ၄၈) ကနေ (၂၂၊ ၀၂၊ ၄၈) အထိ ဖလမ်းမြို့မှာ ချင်းဝိသေသတိုင်းလုံးဆိုင်ရာ ညီလာခံကျင်းပပြီး လူထုဆန္ဒကို ကြားနာတယ်။ ညီလာခံပြီးဆုံးတဲ့ နောက်ဆုံးနေ့ (၂၂၊ ၀၂၊ ၄၈) မှာ ဖလမ်းမြို့မှာ ပလက်ဝနယ်၊ (၂၃၊ ၀၂၊ ၄၈) ဖလမ်းမှာ တီးတိန်ကလွှတ်တော် ကိုယ်စားလှယ် မန်တုံးနုန်း၊ ၂၆၊ ၀၂၊ ၄၈ ဖလမ်းမြို့မှာ ချင်းဝိသေသတိုင်းအတွင်းရှိ နယ်အရာရှိများဆန္ဒကို ဆက်လက်စစ်ဆေး ပါတယ်။

လူထုတင်ပြတဲ့ စနစ်ဟောင်းတိုက်သူကြီးအုပ်ချုပ်ရေးချို့ယွင်းအားနည်းချက်များကတော့

(၁၁) အာဏာနှင့်အခွင့်အရေးအလွဲသုံးစားပြု၍ လူထုအပေါ်ညှဉ်းပမ်းနှိပ်စက်ကြခြင်း၊
(၁၂) ပြည်သူလူထုအကျိုးသယ်ပိုးရန်စိတ်ဆန္ဒနည်းပါးကြပြီး ဆက်ဆံရေးမပြေပြစ်ကြခြင်း၊
(၁၃) တိုးတက်သောခေတ်ကို ရင်ဘောင်တန်းလိုက်နိုင်သော လူမှုဆက်ဆံရေးအကြားအမြင်၊ ဗဟုသုတ မရှိကြ ခြင်း၊
(၁၄) ဝန်ထောက်များပေးသောအာဏာကို အရမ်းမဲ့သုံးစွဲကြခြင်း၊
(၁၅) နိုင်ငံတော်အစိုးရချမှတ်သောမူဝါဒနှင့် မညီညွတ်မဆီလျော်ကြခြင်း

ကော်မရှင်က လူထုဆန္ဒစစ်ဆေးချက်ကို အနှစ်ချုပ်လိုက်တော့

(၅) တိုက်သူကြီးများဖြုတ်ချရန်ဆန္ဒရှိကြောင်း တညီတညွတ်တည်းထွက်ဆိုကြကြောင်း၊

(၆) တိုက်သူကြီးအုပ်ချုပ်ရေးစနစ်ဟောင်းအစား လူထုဆန္ဒနဲ့ရွေးချယ်တင်မြှောက်တဲ့ ကိုယ်စားလှယ်များ အုပ်ချုပ်တဲ့ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သစ် တီထွင်အစားထိုးအုပ်ချုပ်ရန် တညီတညွတ်တည်း ထွက်ဆိုကြကြောင်း တွေ့ရှိပါတယ်။

ကော်မိရှင်စစ်ဆေးချက်၊ ညီလာခံဆုံးဖြတ်ချက်တထပ်တည်းကိုက်ညီတာကြောင့် ကော်မရှင်က ရန်ကုန်မြို့မှာ (၁၀၊ ၀၃၊ ၄၈) အစည်းအဝေးကျင်းပပြီး တိုက်သူကြီးများကို ၎င်းတို့အမှုထမ်းသက်တန်းအလျောက် ထိုက်သင့်တဲ့ပင်စင်၊ လျော်ကြေးပေးဘို့ ဆွေးနွေးပါတယ်။ ကော်မရှင်ရဲ့ (၁၈၊ ၀၉၊ ၄၈) နေ့ ရန်ကုန်မြို့ အစည်းအဝေးမှာ ကော်မရှင်အတွင်းရေးမှူးရဲ့ လျော်ကြေးအသေးစိတ်တွက်ချက်မှု အစီရင်ခံစာကို ဆွေးနွေးကြတယ်။ ကော်မရှင်က (၂၂၊ ၀၉၊ ၄၈) အစည်းအဝေးမှာ အပြီးသတ်ဆွေးနွေးမှု၊ အချောကိုင်မှုတွေပြုလုပ်ပြီး နိုင်ငံတော်အစိုးရဝန်ကြီးများအဖွဲ့ အစည်းအဝေးကိုတင်ပြဘို့ ဆုံးဖြတ်ပါတယ်။ ပြီးတော့ ဝန်ကြီးများအစည်းအဝေးကို (၃၀၊ ၀၉၊ ၄၈ )မှာတင်သွင်းပါတယ်။ အတိုချုပ်ပြောရရင် ဝန်ကြီးများအစည်းအဝေးက သဘောတူညီချက်ရရှိသွားပြီးတဲ့နောက် ဥပဒေရေးဆွဲတဲ့ဟာကို တနှစ်လုံးလိုလို လုံးပမ်းကြပြန်တယ်။ အဲဒါကြောင့် ‘1896 Chin Hills Regulation Act’ ပျက်ပြယ်ပြီး ‘၁၉၄၈ ချင်းဝိသေသတိုင်း အက်ဉပဒေ’နဲ့ ‘ချင်းဝိသေသတိုင်းအက်ဉဒေ (ဉပဒေများနှင့်သက်ဆိုင်စေခြင်း)’ ဉပဒေများကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ဒီဉပဒေအရ ချင်းဝိသေသတိုင်းအတွင်း ဒီမိုကရေစီစနစ်နဲ့ ဒေသန္တရအုပ်ချုပ်ရေးကို မြန်မာနိုင်ငံမှာ အဦးဆုံး ဖော်ဆောင်နိုင်ခဲ့ပါတယ်။

ချင်းအမျိုးသားနေ့သတ်မှတ်ရေးအစည်းအဝေးကို ၁၉၅၀ပြည့်နှစ် အောက်တိုဘာလ (၉)ရက်နေ့၊ ရန်ကုန်မြို့မှာ ချင်းရေးရာကောင်စီက ကျင်းပပါတယ်။ အောက်ပါသမိုင်းနောက်ခံတွေရှိတဲ့ ဖေဖော်ဝရီလ (၂၀)ရက်နေ့ကို ရွေးချယ်ကြပြီး ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ချမှတ်ရန်ဆိုတဲ့ အဆိုအမှတ်(၄)တင်သွင်း၊ ထောက်ခံ၊ ဆုံးဖြတ်တဲ့နေ့ ၁၉၄၈ခုနှစ် ဖေဖော်ဝါရီလ (၂၀)ရက်နေ့ကိုသတ်မှတ်ဘို့ တညီတညွတ်တည်း ဆုံးဖြတ်ကြပါတယ်။ ချင်းအမျိုးသားနေ့ အခမ်းအနားကို ၁၉၅၁ခုနှစ် ဖေဖော်ဝါရီလ(၂၀)ရက်နေ့၊ တောင်ပိုင်းချင်းတောင်ခရိုင်၊ မင်းတပ်မြို့မှာ ပထမဦးဆုံး အကြိမ်ကျင်းပပါတယ်။ ဖလမ်းမှာ ကျင်းပတဲ့ ချင်းဝိသေသတိုင်းလုံးဆိုင်ရာညီလာခံကို နိုင်ငံတော်သမတစဝ်ရွှေသိုက် တက်ရောက်ပြီး မင်းတပ်မှာကျင်းပတဲ့ ပထမဦးဆုံးသော ချင်းအမျိုးသားနေ့အခမ်းအနားကို နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု တက်ရောက်ခဲ့ပါတယ်။

ပထမဦးဆုံးမှတ်တိုင်ကတော့ ၁၉၁၈ ခုနှစ်ဖေဖေါ်ဝါရီလ(၂၀)ရက် ဖြစ်ပါတယ်။ မေမြို့၊ အင်္ဂလိပ်စစ်တပ်အတွင်းမှာရှိတဲ့ ချင်းအမျိုးသားများဖွဲ့စည်းတဲ့ ချင်းအမျိုးသားများရဲ့ ပထမဦးဆုံးသော လူမှုရေးအဖွဲ့အစည်းဖြစ်တဲ့ “ချင်းအမျိုးသား ပညာရေးမြှင့်တင်ရေးအဖွဲ့”ပေါ်ပေါက်တဲ့နေ့ ဖြစ်ပါတယ်။

ဒုတိယမှတ်တိုင်ကတော့ ၁၉၂၈ ခုနှစ် ဖေဖေါ်ဝါရီလ(၂၀)ရက်ဖြစ်ပါတယ်။ မင်းတပ်နယ်၊လိုယုံးရွာမှာ ချင်းအမျိုးသားများရဲ့ ပထမဦးဆုံးသောနိုင်ငံရေးအဖွဲ့အစည်းဖြစ်တဲ့ “ချင်းတောင်ညီညွတ်ရေးအဖွဲ့”ပေါ်ပါက်တဲ့နေ့ ဖြစ်ပါတယ်။ ၁၉၃၃ခုနှစ် မတ်လ(၂၄–၂၅)ရက်၊ မသုံနူးရွာ(မင်းတပ်နယ်) ညီလာခံကနေ “ချင်းအမျိုးသားညီညွတ်ရေး အဖွဲ့”လို့ အမည်ပြင်ဆင်ခဲ့ပါတယ်။ အဲဒီ ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့(ခမညဖ)ရဲ့ ၁၉၃၄ခုနှစ်စက်တင်ဘာလ (၂၉)ရက်၊ ဝရဲရွာ(မင်းတပ်နယ်) ညီလာခံကနေ အင်္ဂလိပ်အစိုးရကို ရာဇသံ (၉) ချက်ပေးထား ပါတယ်။

တတိယမှတ်တိုင်ကတော့ ၁၉၃၈ ခုနှစ် ဖေဖေါ်ဝါရီလ(၂၀)ရက်ဖြစ်ပါတယ်။ အဲဒီ ခမညဖရဲ့ တောင်းဆိုချက်(၉)ရပ်နဲ့ ပါတ်သက်ပြီး အင်္ဂလိပ်အစိုးရကိုယ်စားလှယ်များနဲ့ ခမညဖဦးစီးတဲ့ ချင်းလူထုသုံးထောင်ကျော်တို့၊ တောင်ပိုင်းချင်းပြည်၊ ကန်ပက်လက်မြို့မှာ တွေ့ဆုံပွဲကျင်းပတဲ့နေ့၊ တောင်းဆိုချက်(၉)ရပ်ကို အင်္ဂလိပ်အစိုးရက တခုမျှ မလိုက်လျောနိုင်ကြောင်း ကြေငြာတာနဲ့ ချင်းလူထုက ချက်ခြင်း သပိတ်မှောက်မောင်းထုတ်တဲ့နေ့ ဖြစ်ပါတယ်။ အင်္ဂလိပ်ကိုယ်စားလှယ်များ ညတွင်းချင်း ဆောမြို့(မကွေးတိုင်း)ကို ထွက်ပြေးကြရတယ်။

စတုတ္ထမှတ်တိုင်ကတော့ ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ(၂၀)ရက် ဖြစ်ပါတယ်။ အင်္ဂလိပ်အစိုးရက ခမညဖအဖွဲ့ကို မတရားအသင်းကြေငြာပြီး ဦးဝမ္မသူးမောင်းအပါအဝင် ခမညဖခေါင်းဆောင်(၉)ဦး စတင်ဖမ်းဆီးတဲ့နေ့ဖြစ်တယ်။ ကန်ပက်လက်မှာ အင်္ဂလိပ်အစိုးရကိုယ်စားလှယ်များကို သပိတ်မှောက်မောင်းထုတ်တဲ့ကိစ္စနဲ့ပါတ်သက်ပြီး အင်္ဂလိပ်အစိုးရက 'တနှစ်'အချိန်ယူပြင်ဆင်ပြီး ဖမ်းဆီးထောင်ချတာဖြစ်တယ်။ အသုတ်(၅)သုတ်၊ လူပေါင်း(၇၉)ဦး နိုင်ငံရေးအကျဉ်းသား အဖြစ် ဖမ်းဆီးထောင်ချခံရပါတယ်။

ပဉ္စမနဲ့နောက်ဆုံးမှတ်တိုင်ကတော့ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ(၂၀)ရက်ဖြစ်ပါတယ်။ မြောက်ပိုင်းချင်းတောင်၊ ဖလမ်းမြို့မှာ ၁၉၄၈ ဖေဖော်ဝါရီ (၁၉–၂၂)ကျင်းပတဲ့ ချင်းဝိသေသတိုင်းလုံးဆိုင်ရာညီလာခံမှာ "တိုက်သူကြီးများ ဖြုတ်ချပြီး လူထုရွေးချယ်သည့်ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်ရန်"ဆိုတဲ့ အဆိုအမှတ်(၄) တင်သွင်း၊ ထောက်ခံတဲ့နေ့ ဖြစ်ပါတယ်။ ထောင်ဇကိုင်း(တီးတိန်)က တင်သွင်းပြီး ဆွန်မန်း(ဖလမ်း)နဲ့ ထန်းမောင်း(ကန်ပက်လက်)တို့က ထောက်ခံကြပါတယ်။ မဲခွဲဆုံးဖြတ်ရာမှာ ထောက်ခံမဲ ငါးထောင်ကျော်နဲ့ ကန့်ကွက်မဲ(၁၇)မဲ ရှိပါတယ်။

ဒီညီလာခံက ချင်းတောင်စုံစမ်းစစ်ဆေးရေးရဲ့ အစီအစဉ်တရပ်ထဲက ဖြစ်ပေါ်လာရတဲ့ အကြောင်းရပ်တခုဖြစ်ပါတယ်။ ဒါကြောင့် ချင်းအမျိုးသားနေ့သည်ပင်လျှင် ဖွဲ့စည်းပုံနှင့်ပါတ်သက်နေပါသည်ဟု ပြောရခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဆိုသည်မှာ ၁၉၄၈ ကတည်းက ကျွန်ုပ်တို့တည်ဆောက်ခဲ့ပြီးဖြစ်သည်။ ယခု ကျွန်ုပ်တို့ တည်ဆောက်ရန်မှာ ဖက်ဒရယ်စနစ် အလှည့်ဖြစ်သည်ဟု ကျွန်ုပ်ပြောရခြင်း ဖြစ်ပါသည်။

(ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာသင်တန်း – ၂၁၊ ၀၉၊ ၂၀၀၅ ပို့ချချက်)

---------------